# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၃၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games-2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်မည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့အား လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games-2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်မည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Kuzhugetovich Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games-2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာမည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အာမခံထားသည်။ လက်ရှိဖြတ်သန်းနေကြရသည့် အရေးပေါ်ကာလ ဆောင်ရွက်ရမည့်တာဝန်များ ပြီးဆုံးသည့်အခါတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဟုလည်း ရှင်းလင်းစွာ ထုတ်ပြန်ကြေညာအသိပေးထားပြီးဖြစ်သည်။ ဤသည်မှာ အိမ်စောင့်အစိုးရအဖွဲ့သည် နိုင်ငံ၏ အာဏာကို ကာလကြာရှည်စွာ ရယူထားမည်မဟုတ်ကြောင်း အသိပေးထားခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်ပါတီစနစ်တို့ နိဂုံးချုပ်သွားခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်တွင် ပြည်သူများ လိုလားတောင်းဆိုခဲ့ကြသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အစိုးရက အခြေခံမှစကာ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းမှသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခင်းအကျင်းများအားလုံးကိုလည်း အနာဂတ်နိုင်ငံတော်အတွက် ရည်မျှော်ကာ ပုံဖော်တည်ဆောက်ပေးခဲ့သည်မှာ တပ်မတော်ပင်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်၏ အသက်ဖြစ်သော ရွေးကောက်ပွဲကို အာဏာရအစိုးရတစ်ရပ်က မလျော်ဩဇာသုံးပြီး မသမာမှုများဖြင့် ၎င်းတို့၏ တစ်ပါတီတည်းကသာ အနိုင်ယူပြီး နိုင်ငံ၏အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးများကို ထိန်းချုပ်ထားခြင်းအားဖြင့် ဒီမိုကရက်တစ်အာဏာရှင်ဖြစ်လာမည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီ ဆိုသည်မှာ အမည်ခံမျှသာ ဖြစ်လာပြီး အာဏာရပါတီနှင့် ကိုယ်ကျိုးရှာမည့်နောက်လိုက်များကသာ နေရာတကာ လွှမ်းမိုးလာမည့် အခြေအနေသို့ ရောက်ရှိသွားလိမ့်မည်လည်းဖြစ်သည်။ နိုင်ငံရေးအာဏာကို တစ်ဦးတည်း၊ တစ်ပါတီတည်းက ဆုပ်ကိုင်ထားရင်း လက်လွှတ်ဆုံးရှုံးရမည်ကို ကြောက်ရွံ့လာပြီဆိုလျှင် သူသည် မသိမသာနှင့် အာဏာရှင်စနစ်ကို ကြိုက်လာခြင်းပင်ဖြစ်သည်။ ပြီးခဲ့သည့် ၂ဝ၂ဝ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်မှုနှင့် တရားမျှတမှုမရှိသည့် အထောက်အထားများနှင့် မဲမသမာမှုများကို ဒီမိုကရေစီနည်းလမ်းကျစွာ စေ့စပ်ညှိနှိုင်းအဖြေရှာမှု မပြုဘဲ ရှောင်လွှဲ၍ နိုင်ငံ့အာဏာကို အဓမ္မနည်းလမ်းဖြင့် ရယူရန် ဆောင်ရွက်မှုများက နိုင်ငံကို အရေးပေါ်အခြေအနေသို့ ကျရောက်စေခဲ့သည်။

လွတ်လပ်မှု၊ တရားမျှတမှုတို့ ကင်းမဲ့ပြီး မသမာမှုများ ရှိခဲ့သည့် ၂ဝ၂ဝ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များမှာ ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။ လက်ရှိအခြေအနေတွင် နိုင်ငံအတွင်း အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအသစ်အတွက် ဆောင်ရွက်မှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ တားဆီးကာကွယ် ထိန်းချုပ်ရေး ဆောင်ရွက်မှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရအဖွဲ့၊ ပြည်သူများ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့သော အခြေအနေတွင် နိုင်ငံကို အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်နည်းလမ်းပေါင်းစုံဖြင့် ဖျက်ဆီးနေမှုများကို သတိရှိကြရန်လိုသည်။ အာဏာလက်လွှတ်ခဲ့ရသူတို့အနေဖြင့် အစိုးရယန္တရား ပျက်စီးရေး၊ တပ်မတော်ပြိုကွဲရေး၊ တစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားရေး၊ ပြည်သူလူထုအတွင်း မယုံသင်္ကာဖြင့် အချင်းချင်းသွေးကွဲစေရေးတို့အတွက် အဖျက်အမှောင့် ပြုလုပ်နေမှုများကို ပြည်သူများက ဝိုင်းဝန်းကာကွယ် ဖော်ထုတ်တားဆီးကြရန်နှင့် တိုင်းရင်းသား ပြည်သူအားလုံး၏ စုပေါင်းညီညာသော အင်အားဖြင့် အနာဂတ် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေး မျှော်မှန်းဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၉/၂ဝ၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ဝ ရက်
(၂ဝ၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၉၁၉၇ ဗိုလ်မှူးကြီး ကျော်လင်းအောင် အစား ကြည်း ၂၃၇၅၈ ဗိုလ်မှူးကြီး အောင်ကြည်လင်း အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁

ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ် ၃၁ ရက်နှင့် ယနေ့တို့တွင် တောင်ကြီးမြို့ရှိ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သံလွင်ခန်းမ၌ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အိမ်မဲမြို့ ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကနီမြို့၊ မြင်းမူမြို့နှင့် ချောင်းဦးမြို့ ပြည်သူ့ဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၇၂၆ စု၊ လူဦးရေ ၂၈ဝ၅ ဦးတို့အတွက် ဆန် ၁၈၂ အိတ်နှင့် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၂၈၂ စု၊ လူဦးရေ ၁၁၄ဝ၃ ဦးတို့အတွက် ဆန် ၇၂၁ အိတ်ကိုလည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ထောက်ပံ့လှူဒါန်းရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လက်ခံရယူသည်။

သတင်းစဉ်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁-၉-၂ဝ၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti thrombosis | | | | |
| 1 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 2 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 3 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 4 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 5 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 6 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 7 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 8 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 9 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 10 | Injection Pantocid | 1g/Vial | 1500 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ သားငါးများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက် လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီ လက်ကား ဖြန့်ဖြူးရောင်းချခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၁၅ ခုမှ အိမ်သုံးဆေးဝါး ၂ဝ၈ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၅၁ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁ဝ၄/၁ဝ၈)နေရာ၌လည်း ၁၃ ရက်မြောက်နေ့ အဖြစ် ဆက်လက် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ၆ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ရွှေ့လျားဈေးကားဖြင့် သားငါးများ ရောင်းချပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်

ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျဆောင်ရွက်ခဲ့၍ ဆေးဝါးများ၏ ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာသည် စေတနာထားပြီး လှူဒါန်းလိုသည့်စိတ်၊ ပေးကမ်းလိုသည့် အခြေခံစိတ်များ ရှိပြီးဖြစ်သဖြင့် ၎င်းစိတ်ကို အခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ရေးနှင့် ကာကွယ်ကုသဆေးများနှင့်ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

✽ *ရှေ့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံး ဒုတိယအကြီးအကဲ Mr. Pavel Klabukov နှင့် တာဝန်ရှိသူများက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### လိုက်ပါသွားကြ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်းနှင့် ခရီးစဉ်အတွင်း International Army Games–2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel Klabukov နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

## မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်(မူကြမ်း)အပေါ် ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲခဲ့သော မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်(မူကြမ်း)အပေါ် ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲခဲ့သော မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်(မူကြမ်း)အပေါ် ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (မူကြမ်း) အပေါ် ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များအား စီမံချက်အဆိုပြုလွှာများနှင့်တကွ ဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့် ပတ်သက်၍ စီမံချက်တွင် လိုအပ်သလို ဖြည့်သွင်းနိုင်ရေးနှင့် စီမံချက်အား အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍက ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းခဲ့ကြသည်။

သတင်းစဉ်

# အလုပ်အကိုင်ကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

အလုပ်အကိုင်ကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

**စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်**

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက နေပြည်တော် ဒက္ခိဏသီရိ စက်မှုဇုန်တွင်ရှိသည့် လုပ်သားများကို အလုပ်အကိုင်ကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် နေပြည်တော်၌ စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သင်တန်းကျောင်းများ တည်ထောင်ရေးကိုလည်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ၌ စက်မှုလုပ်ငန်း အကြီး၊ အလတ်၊ အငယ် စုစုပေါင်း ၆၆၈ ခု ရှိကြောင်း။

**လုပ်ငန်းခွင်ဝင်နိုင်အောင် စီစဉ်**

မိမိတို့ဌာနရှိ စက်မှုသင်တန်းကျောင်းများတွင် တစ်နှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးပြီး လုပ်ငန်းခွင်ဝင်နိုင်အောင် စီစဉ်ပေးလျက်ရှိကြောင်း၊ တစ်ဖက်မှလည်း NSSA Level အလိုက် ဝင်ရောက်ဖြေဆိုခွင့် ရရန်အတွက် လမ်းကြောင်းများ ဖန်တီးပေးထားပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် နေပြည်တော်၊ ဒက္ခိဏသီရိ စက်မှုဇုန်တွင်ရှိသည့် လုပ်သားများကို ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်နှင့် MNQF ရေးဆွဲရာတွင် စက်မှုဇုန်/ လုပ်ငန်းခွင်မှ ကျွမ်းကျင်လုပ်သားများအတွက်ပါ Lifelong Learning အခွင့်အလမ်းရရှိစေမည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားနိုင်ရေး ဆွေးနွေးညှိနှိုင်းပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အလုပ်အကိုင်ကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**အပြည့်အဝပါဝင်ပူးပေါင်း**

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကျော်က ဒက္ခိဏသီရိစက်မှုဇုန်ရှိ လုပ်သားများအတွက် ကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များတွင် အပြည့်အဝ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဝန်ကြီးဌာနအလိုက် အလုပ်အကိုင်ကျွမ်းကျင်မှုဆိုင်ရာ ‘စံ’ သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိသည့်အခြေအနေများနှင့် ဒက္ခိဏသီရိ စက်မှုဇုန်တွင်ရှိသော လုပ်သားများအတွက် ကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊ လုပ်ငန်းစဉ်များ သတ်မှတ်ခြင်းတို့ကို ဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုဝန်ကြီးများက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ရှိ ဒက္ခိဏသီရိစက်မှုဇုန်သို့ သွားရောက်ပြီး Pilot Project အနေဖြင့် စက်မှုလုပ်သားများ၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ အသိအမှတ်ပြုလက်မှတ်များရရှိမှု၊ စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများအတွက် လိုအပ်သော လုပ်သားအမျိုးအစားတို့နှင့် ပတ်သက်၍ သန်းခေါင်စာရင်း စတင်ကောက်ယူနေမှုအခြေအနေတို့ကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# နိုင်ငံ့ဂုဏ်မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၏ ဘဝနောင်ရေးအာမခံချက်ရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

**နိုင်ငံ့ဂုဏ်မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၏ ဘဝနောင်ရေး အာမခံချက်ရရှိရေး အစီအမံများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အထူးအလေးပေးဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းများ ဘဝနောင်ရေး အာမခံချက် ရရှိစေရေးအတွက် နိုင်ငံတော်မှ အထူးအလေးပေး ဆောင်ရွက်ရန် မူဝါဒချမှတ်ထားပါကြောင်း၊ အားကစားသမားတစ်ယောက်သည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဖြစ်ရန် ဘဝသက်တမ်းတစ်လျှောက်လုံး အားကစားတွင် စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး ကြိုးစားဆောင်ရွက်ခဲ့ကြသူများ ဖြစ်ပါကြောင်း၊ ယခုအခါ အားကစားသမားဟောင်းများသည် အနားယူပြီး မကစားနိုင်ချိန်တွင် အများစုမှာ အထောက်အကူမဲ့ ချို့တဲ့စွာ နေထိုင်နေရပါကြောင်း၊ အားကစားသမားဟောင်းများအား နိုင်ငံတော်အနေဖြင့် တစ်စိတ်တစ်ပိုင်း အထောက်အကူ အသိအမှတ်ပြု ဆောင်ရွက်ပေးမည်ဆိုပါက လက်ရှိအားကစားသမားများ အနေဖြင့် နိုင်ငံတော်အတွက် ကြိုးစားရာတွင် တစ်ချိန်မိမိတို့အား နိုင်ငံတော်မှ ပြန်လည်ကြည့်ရှု၍ နောင်ရေး စီမံ ဆောင်ရွက်ပေးထားသည်ဟူသော အသိရှိလာပါက ယခင်ထက် ပိုမိုယုံကြည်ချက်မြင့်မားပြီး နိုင်ငံတော်အတွက် ကြိုးစားဆောင်ရွက်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား နိုင်ငံတကာမှ ထောက်ပံ့ထားရှိမှုအခြေအနေများကို လည်းကောင်း၊ လက်ရှိမြန်မာနိုင်ငံ Asian Game၊ SEA Games ဆုရရှိသူများအား ထောက်ပံ့နေမှု အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြသည်။

**ကြိုတင်စီမံထောက်ပံ့**

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လက်ရှိနိုင်ငံ့လက်ရွေးစင် ကစားသမားများအား အလုပ်အကိုင် အခွင့်အလမ်းရရှိရေး စီစဉ်ဆောင်ရွက်ပေးနေမှု၊ နည်းပြအဖြစ် ခန့်အပ်ထားရှိမှုအခြေအနေ၊ အားကစားသမားဟောင်းများအား ပင်စင်အဖြစ် ဆုတံဆိပ် ရရှိမှုအပေါ် မူတည်ပြီး လစဉ်ပေးအပ်နိုင်ရေး ဘတ်ဂျက် ရေးဆွဲဆောင်ရွက်ထားရှိမှု၊ အားကစားသမားများ စာရင်းကောက်ယူရရှိမှု အခြေအနေများကို လည်းကောင်း၊ နိုင်ငံ့လက်ရွေးစင် အားကစားသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အားကစားသမားများ၏ စွန့်လွှတ်စွန့်စားမှုကို အသိအမှတ်ပြုသောအားဖြင့် နိုင်ငံတကာဆုရရှိမှုအပေါ်တွင် လည်း ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် အသိအမှတ်ပြုချီးမြှင့်စေလိုမှု အခြေအနေကိုလည်းကောင်း၊ နိုင်ငံတကာလက်ရွေးစင် အားကစားသမားဟောင်းများအသင်း အတွင်းရေးမှူး ဦးစိုးဝင်းက လက်ရှိနိုင်ငံ့ အားကစားသမားဟောင်းများအား ထောက်ပံ့ပေးမှု အစီအစဉ်များဖြင့် လက်ရှိအားကစားသမားများ ဘဝနောင်ရေးအတွက် ကြိုတင်စီမံ ထောက်ပံ့နိုင်ရေး အစီအစဉ်များကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နိုင်ငံ့ဂုဏ်မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၏ ဘဝနောင်ရေး အာမခံချက်ရရှိရေး အစီအမံများ ညှိနှိုင်းအစည်းအဝေး တက်ရောက်စဉ်။

**ဝိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြ သူများက မသန်စွမ်း အားကစားသမားများအား ဖြည့်စွက်ထောက်ပံ့ပေးနိုင်ရေး အစီအစဉ်များ၊ အားကစားသမားဟောင်းများတွင် ကျန်းမာရေး အာမခံချက်ထားရှိ ဆောင်ရွက်နိုင်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ

**နေပြည်တော် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အရေးပေါ်မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၁**

မုံရွာမြို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးတွင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အရေးပေါ်မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ကျော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား Truntable Ladder လှေကားတင် မီးငြိမ်းသတ်ယာဉ်နှင့် Luf 60 အဝေးထိန်းစနစ်သုံး မီးငြိမ်းသတ်စက်များဖြင့် မီးငြိမ်းသတ်နေမှုသရုပ်ပြသခြင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ် ရေပြင်/မြေပြင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ အသုံးပြုခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မီးလောင်မှုများဖြစ်ပွားပါက



မီးငြိမ်းသတ်ရေးယာဉ်များတွင် တပ်ဆင်ထားသော Camera များမှတစ်ဆင့် ညွှန်ကြားကွပ်ကဲနိုင်သည့် Command & Control Center တို့ကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းဦးက လိုက်လံရှင်းလင်းပြသပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ် က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုံရွာမြို့ ချင်းတွင်းမြစ်အတွင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက Speed Boat များဖြင့် ရေပြင်မီးငြိမ်းသတ်မှု သရုပ်ပြခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြနေမှုတို့အား ကြည့်ရှုအားပေးကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်ရေးအတွက် ပြင်ဆင်ထားရှိသော Speed Boat များအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ အိုးဘိုတောင်ရပ်ကွက်ရှိ ချင်းတွင်းမြစ်ရိုးတာပေါင် – ၁၀ ပေါက်တွဲ ရေထိန်းတံခါးကြွခိုင်မှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြင်းမူမြို့ ရောဝတီမြစ် ကမ်းနားလမ်း မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုကြောင့် အောက်ခြေမြေသား အရှည် ပေ ၁၀၀ ခန့်၊ အကျယ် ၈ ပေခန့်၊ ရောဝတီမြစ်အတွင်းသို့ ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ရာ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက အရေးပေါ်ကမ်းထိန်း ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးခဲ့သည့် ရေထိန်းတာရိုးအား အချိန်မီပြုပြင်ပြီးစီးရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ သို့ သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုဗစ်ရောဂါကုသရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် အလှူငွေများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွှန့်ဖေတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ထို့နောက် ဒုတိယမြို့တော်ဝန် ဦးညီညီက ယခုလို အလှူရှင်များ လာရောက်လှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်က မိမိတို့ဝန်ထမ်းများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်ရင်း ရောဂါကူးစက်ခံရမှုများရှိရာ ရောဂါစစ်ဆေးခြင်း၊ ကုသခြင်းစင်တာများ မရှိသည့်အတွက် ဒုက္ခရောက်ကြကြောင်း၊ ယခုအခါ ကော်မတီအနေဖြင့် စစ်ဆေးရေးစင်တာ၊ ကုသရေးစင်တာများ ဖွင့်လှစ်နိုင်ပြီး လူနာများကို ကယ်တင်ကုသပေးနိုင်ပြီဖြစ်ကြောင်း၊ ယခုလှူဒါန်းသည့် အလှူငွေများဖြင့် ရန်ကုန်မြို့တော်အတွက် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ယနေ့ အလှူငွေ ပေးအပ်ပွဲတွင် အလှူရှင် ၁၉ ဦးက ငွေကျပ် ၅၄၁၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့နှင့် ညောင်ခြေထောက်မြို့နယ်တို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း တောင်ကျရေများ ကျဆင်းပြီး ဘုံချောင်း၊ နတ်ရေတွင်းချောင်းနှင့် ကျွဲမသေချောင်းတို့ ရေလျှံမှုများကြောင့် အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့နှင့် ညောင်ခြေထောက်မြို့တို့ရှိ ကျေးရွာများ၊ ကားလမ်း၊ ရထားလမ်းတို့ ၌ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ရာ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ရေဘေး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ချောင်းများ ရေလျှံမှုများကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် ကျွဲပွဲမြို့ အင်ဒိုင်းကျေးရွာအုပ်စု ကျောက်တလင်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း**(အောက်ပုံ)**၊ မြေစီးကျေးရွာအနီးရှိ ရန်ကုန်–မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၁၄၁/၁ နှင့် ၃ အကြားနေရာနှင့် ညောင်ခြေထောက်မြို့ စည်ပင်သာကျေးရွာနှင့် ဘုရားနှစ်ဆူကျေးရွာကြား ရန်ကုန်– မန္တလေး မီးရထားလမ်းရှိ နတ်ရေတွင်းတံတားတို့၌ ရေဝင်ရောက်ခြင်း၊ အမှိုက်များပိတ်ဆို့ခြင်း၊ မြေသားကမ်းပါးများပြိုကျခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များက ရေဘေးလွတ်ရာသို့ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်း၊ အမှိုက်များ ရှင်းလင်းပေးခြင်း၊ မြေဖို့ပေးခြင်း၊ ယာဉ်လမ်းရှင်းလင်းပေးခြင်းများနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဆွမ်ပရာဘွမ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဆွမ်ပရာဘွမ် စက်တင်ဘာ ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့ပေါ်ရပ်ကွက်များတွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ဝါစပ်ခူးရပ်ကွက် နှစ်ခြင်းခရစ်ယာန် ဟောခန်းမတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆွမ်ပရာဘွမ်မြို့ပေါ်ရပ်ကွက်များရှိ အသက် ၁၀ နှစ်ပြည့်သူနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများအား မြို့နယ်ကိုဗစ်–၁၉ ရောဂါ စည်းကမ်းချက်နှင့်အညီ ပါးစပ်၊ နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်စေကာ အိမ်ထောင်စုမူရင်းမိတ္တူ၊ မိဘနှစ်ပါး၏ စိစစ်ရေးကတ်ပြားမိတ္တူ၊ မွေးဖွားလက်မှတ်၊ သွေးစစ်ဆေးလက်မှတ်၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာများ ယူဆောင်လာကာ စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ ဝါစပ်ခူးရပ်ကွက်တွင် ဆောင်ရွက်မည်ဖြစ်ရာ စက်တင်ဘာ ၈ ရက်မှ ၁၅ရက်အထိ မြို့မရပ်ကွက်နှင့် စက်တင်ဘာ ၁၆ ရက်မှ ၂၃ရက်အထိ ကဘာရန်ခူးရပ်ကွက်များတွင်လည်း မြို့နယ်လဝကဦးစီးမှူး ဦးလှငြိမ်းနှင့် ဝန်ထမ်းများက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




တတ်နိုင်သမျှ

မိမိအိမ်တွင်သာ

နေပါ

# ဘကြီးမှန်နှင့် မဲကိစ္စဆွေးနွေးခန်း

မောင်အေးချမ်း

ကျွန်တော်မောင်အေးချမ်းတို့ ရွာသာယာမှာတော့ ဘကြီးမှန်က ဗဟုသုတနှံ့စပ်သည်။ နှိုင်းနှိုင်းချိန်ချိန် သုံးသပ်ပြောဆိုနိုင်သည်။ ဘကြီးမှန်က အသက် ၇၀ ကျော်ပြီဖြစ်ပေမယ့် သန်တုန်းမြန်တုန်း။ စာဖတ်နိုင်တုန်းရှိသေးသည်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေး နှံ့စပ်သည်။ ကျွန်တော်တို့လူငယ်တွေက နိုင်ငံရေးနဲ့ ပတ်သက်ပြီး သိလိုလျှင် သူ့ထံသွားရောက်မေးမြန်းဆွေးနွေးကြသည်။ သူ့ကို ဘကြီးမှန်လို့ ခေါ်ရတာက ဘယ်သူ့မှအားမနာတတ်ဘဲ မှန်မှန်ကန်ကန် တုတ်ထိုးအိုးပေါက် ပြောတတ်တာပါသလို သူတပ်ထားရတဲ့ မျက်မှန်ထူထူကြီးကြောင့်လည်း ပါသည်။ လူငယ်တွေကို တန်ဖိုးထားပြီး ဆုံးမသွန်သင်တတ်သည်။ သူ့အိမ်လာလည်တဲ့ လူငယ်တွေအတွက် လက်ဖက်အကြော်စုံနဲ့ ရေနွေးကြမ်း မပြတ်စေရ။ ယခုလည်း ရွာထဲကလူငယ်တစ်စုက မြန်မာနိုင်ငံမှာဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ ပတ်သက်ပြီး မတင်မကျဖြစ်နေတဲ့ ကိစ္စတွေရှိသည်။ အထူးသဖြင့်တော့ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုတွေရှိလို့ တပ်မတော်က အခြေခံဥပဒေအရ ခေတ္တအာဏာထိန်းထားရသည်နှင့် ပတ်သက်ပြီး ဂဃနဏ သိလိုလှသည်။ ယခုလည်း မဲရုံမှူးဆောင်ရွက်ခဲ့သူတွေက သူတို့အနေနဲ့ မဲမသမာမှုမလုပ်ဆောင်ခဲ့ကြောင်း ပြောဆိုရေးသားနေကြသည်ကို မြင်ရဖတ်ရသည်။ အခုလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး မျက်မှန်ထူထူကြီးနဲ့ ဘကြီးမှန်ရဲ့ သဘောထား ဘယ်လိုရှိမလဲဆိုတာ လက်ဖက်စား၊ ရေနွေးကြမ်းလေးသောက်ရင်း မေးရမြန်းရပါဦးမည်။

**မောင်အေးချမ်း ။** ဘကြီးမှန်ရေ၊ ၂၀၂၀ ရွေးကောက်ပွဲရဲ့ရလဒ်တွေကို ပယ်ဖျက်လိုက်ပြီဆိုတော့ မဲမသမာမှုဖြစ်တဲ့ကိစ္စတွေကိုတော့ လူပြောများလာကြပြီ။ သို့ပေမယ့် မဲရုံမှူးဆိုသူတွေကလည်း သူတို့တာဝန်ယူခဲ့တဲ့ မဲရုံမှာ မဲမသမာမှုမဖြစ်ခဲ့ဘူးဆိုပြီး ဆိုရှယ်မီဒီယာပေါ်မှာ ရေးနေပြောနေကြတာ တွေ့ရတယ်။ ဘကြီးမှန်ကော ဘယ်လိုထင်သတုန်းဗျ။

**ဘကြီးမှန် ။** အေး။မင်းမေးတဲ့မေးခွန်းကို တည့်တည့်ဖြေရရင်တော့ မဲရုံမှူးတိုင်း မဲမခိုးပါဘူးကွာ။ တချို့ NLD အမာခံ မဲရုံမှူးတွေ မသမာမှုလုပ်တာရှိနိုင်ပေမယ့် ရိုးရိုးသားသား တာဝန်ယူလုပ်ကိုင်ခဲ့တဲ့ မဲရုံမှူးတွေ အများစုပါ။ မဲရုံမှူးတိုင်း မဲခိုးခဲ့တယ်လို့ ပြောလို့မရပါဘူး။ ပြည်သူကလည်း မဲမခိုးခဲ့ပါဘူး။ လူအများစု ထောက်ခံတယ်ပြောနေတဲ့ NLD အစိုးရနဲ့ ယခင် UEC အဖွဲ့ပေါင်းပြီးတော့ မဲလိမ်မဲခိုးခဲ့တာပါ။ အခုတော့ မဲရုံမှူးတွေကို ခုတုံးလုပ်ပြီး မဲလိမ်မဲခိုးမှုကို ကာကွယ်နေကြတာတွေ မြင်ရကြားရပြန်တယ်။

**လူတွေအတော်များများက မဲခိုးတယ်ဆိုရင် ပြည်သူတွေက မဲတွေအထပ်ထပ်အခါခါ လာပေးတယ်လို့ စွပ်စွဲနေတယ်ပဲထင်ကြတာကွ။ တကယ်တော့ မဲခိုးတယ်ဆိုတာ မဲစာရင်းတွေ ဖောင်းပွအောင်လုပ်၊ မဲလက်မှတ်အပိုတွေ ရိုက်ထုတ်ပြီး မဲအရေအတွက် ပိုရအောင် စာရင်းလှည့်တာပါ။ လူတွေအထပ်ထပ်အခါခါ မဲပေးကြတာကို ဆိုလိုတာ မဟုတ်ဘူး။** အခုမဲရုံတစ်ရုံမှာ ရှိရမယ့် မဲလက်မှတ်အရေအတွက်ထက် ပိုနေတာတွေ၊ လိုနေတာတွေက ဒါကြောင့်ပေါ့။ အလွန့်အကျွံဖြစ်ကုန်တော့ မဖုံးနိုင်မဖိနိုင်ဖြစ်ပြီး စစ်တပ်က ဝင်စစ်ရတဲ့အခြေနေကို ဆိုက်ရတာပဲ မောင်ရေ။

**မောင်အေးချမ်း ။** သို့ပေမယ့်လည်း မဲစာရင်း ပြုစုတာတို့၊ စာရင်းကောက်တာတို့က ရပ်/ကျေး ရွေးကော်ကော်မရှင်တွေ၊ ဥက္ကဋ္ဌတွေက ပေါင်းပြီးလုပ်ရတာမို့လား ဘကြီးမှန်ရ။ ဘယ်လို မဲခိုးမတုန်းဗျ။

**ဘကြီးမှန် ။** NLD အစိုးရက သူ့လူတွေနဲ့ အမာခံတွေကို ရပ်/ကျေး ဥက္ကဋ္ဌတွေ၊ ရွေးကော်အဖွဲ့ဝင်တွေအဖြစ် ကြိုတင်အစားထိုးခဲ့တယ်မဟုတ်လား မောင်ရင်ရဲ့။ မောင်ရင်တို့ ရွာအဖြစ်ကိုပဲကြည့်လေ။ ပါတီအားကိုးနဲ့ ထောင်ထောင်ထောင်ထောင် လုပ်နေတဲ့ ဟိုဥက္ကဋ္ဌ တစ်ယောက်ဘယ်ရောက်။ အဲ့ဒါက တကယ့်အခြေခံပြင်ဆင်မှုပေါ့။ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တွေက ဦးစီးပြီးလုပ်တာပေါ့။ သူတို့ကို မဲစာရင်းမှန်ဖို့ ကူညီရေးအဖွဲ့ဆိုပြီး ဖွဲ့တာသိတယ်မဟုတ်လား။ အမှန်က မဲစာရင်းပြုစုတာကိုချုပ်ကိုင်ဖို့ ဖွဲ့ထားလိုက်တာပါ။ NLD ကို ထောက်ခံတဲ့သူတွေကတော့ ကိုယ့်လူတွေ ရပ်/ကျေးဥက္ကဋ္ဌတွေ၊ မြို့နယ်/ရပ်ကွက် ရွေးကော်အဖွဲ့ဝင်တွေ ဖြစ်လာတော့ ကျေနပ်ကြတာပေါ့။ ထင်ထင်ရှားရှားဖြစ်သွားတာက ပဲခူးဝန်ကြီးချုပ် ဦးဝင်းသိန်းက NLD က သူ့တူမ စန်းစန်းမြတ်ကို ယခင် UEC မှာ ထည့်ဖွဲ့ထားသလိုမျိုးပေါ့ကွာ။

**မောင်အေးချမ်း ။** မဲစာရင်း ဖောင်းပွတာနဲ့ မဲခိုးတာ ဘယ်လိုသက်ဆိုင်လို့လည်း ဘကြီးမှန်ရ။ ကျွန်တော်တို့ ပြည်သူတစ်ယောက်ကို မဲတစ်ခါပဲ ပေးခဲ့ကြတာလေ။

**ဘကြီးမှန် ။** အေး… အတော်များများ မျက်စိ လည်နေကြတာ ဒီကိစ္စပဲ။ မဲစာရင်းဖောင်းပွအောင် လုပ်ထားလို့ မဲလက်မှတ်တွေ အပိုရိုက်ထုတ်လို့ရတာပေါ့။ မဲလက်မှတ်ဆိုတာက မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်ပေါ်မှာ မူတည်ပြီး ရိုက်ထုတ်ရတာ။ ဒီလို မဲလက်မှတ်အပိုတွေရိုက်ထုတ်ပြီး ကြိုတင်မဲတွေ၊ အခြားနည်းလမ်းတွေနဲ့ လိုအပ်တဲ့ နေရာတွေမှာ လိုသလိုဖြည့်လို့၊ လှည့်လို့ရအောင် လုပ်ထားကြတာပေါ့ကွာ။ တချို့နေရာတွေမှာ NLD ပါတီရုံးတွေကနေ ကိုယ့်ပါတီကိုမဲပေးတဲ့ မဲလက်မှတ်တွေကို ချိတ်ဆက်ပြီး ပို့ပေးတာပေါ့။ ဒါကလည်း အောက်က လုပ်တဲ့လူတွေ မပိရိတော့ ပါတီတံဆိပ်နဲ့ ချိပ်ပိတ်ထားတဲ့ မဲလက်မှတ်ဆာလာအိတ်တွေ အထုပ်လိုက်တွေ့နေရတာမဟုတ်လား။ မဲရုံမှူးတွေက ဒီလိုကိစ္စတွေကို ဘယ်သိပ့်ါမလဲ။ သူတို့က မဲရုံလေးတစ်ရုံရဲ့ မဲစာရင်းလောက်ပဲမြင်ရတာပါ။ သူတို့လက်ထဲက ထွက်သွားတဲ့ စာရင်းတွေ ဘာဖြစ်သွားသလဲဆိုတာ သူတို့မသိကြပါဘူး။

**မောင်အေးချမ်း ။** နည်းနည်းတော့ ဇာတ်ရည်လည်သလိုလို ရှိလာပြီ ဘကြီးမှန်ရေ၊ ဆက်ပါဦးဗျ။

**ဘကြီးမှန် ။** အေးကွ။ ရပ်/ကျေးဥက္ကဋ္ဌတွေက မြို့နယ်ရွေးကော်နဲ့ လက်ဝါးချင်းရိုက်ပြီး ထောက်ခံချက်တွေ လိုသလို ရိုက်ထုတ်ပေးခဲ့ကြတာ ရှိသေးတယ်။ ဒါတွေကိုလည်း မဲရုံမှူးတွေ မသိရှာဘူးလေ။ မဲပေးတဲ့ မဲလက်မှတ်အရေအတွက်ဆိုတာ လက်ခံဖြတ်ပိုင်းနဲ့ ကိုက်ညီနေရတယ်။ မဲလက်မှတ်တွေ ၄၃ သန်းကျော် ထုတ်ထားပြီး ၂၇ သန်းကျော်ပဲ အသုံးပြုခဲ့ရတော့ ၁၅ သန်းကျော် ပိုရမှာပေါ့။ မဲရုံမှာ ပျောက်နေတဲ့ ဆန္ဒမဲပေးထားတဲ့ မဲလက်မှတ်ပေါင်း ၁၄ သိန်းကျော် ရှိတယ်။ NLD ပါတီမဟုတ်တဲ့ အခြားပါတီတွေကို ပေးတဲ့ မဲလက်မှတ်တွေကို ဖျောက်ဖျက်ခဲ့ကြပုံရတယ်။ မဲရုံတွေမှာ စာရင်းမပါဘဲ ပိုနေတဲ့ မဲလက်မှတ်တွေက လေးသိန်းကျော်ရှိပါတယ်။ ဒါကလည်း မဲလက်မှတ်အပိုတွေနဲ့ NLD ထောက်ခံမဲတွေရအောင် ဖြည့်ခဲ့ကြတာပေါ့။ NLD အမတ် ဇေယျာသော်တို့ ဝမ်းသာအားရနဲ့ မောင်ရင်တို့ ပြောပြောနေတဲ့ ဖွဘုတ်ပေါ်တင်လိုက်တဲ့ မဲရလဒ်တွေက မဲပေးခွင့်ရှိသူအရေအတွက်ထက် များနေတဲ့ကိစ္စမျိုးတွေ၊ PPP ကို ရောက်သွားတဲ့ မောင်ကျော်ဇေယျတို့ဆိုရင် သူ့မိသားစုပေးတဲ့ မဲတွေတောင် မပါတော့ဘဲ ဖြစ်နေတာမျိုးတွေ၊ သူ့ရဲ့ မဲဆန္ဒနယ်ကပဲ လူမနေတဲ့ ခြံလိပ်စာနဲ့ လူ ၃၀ ကျော်လောက် မဲပေးခဲ့တဲ့ ကိစ္စမျိုးတွေ၊ သဲကုန်းမှာ စာအုပ်နံပါတ်တပ်မထားတဲ့ မဲစာအုပ်အသစ် ကိုးအုပ်မိတယ်ဆိုတဲ့ ကိစ္စလိုမျိုးပေါ့။ NLD အစိုးရဟာ ခိုးချင်လိုက်တာလည်းပြာလို့၊ နံ့လိုက်တာလည်း ချာလို့ဆိုသလိုပါပဲ။ ဖုံးမရ ဖိမရ ကိစ္စတွေ များခဲ့တယ်ဆိုပါတော့။

**မောင်အေးချမ်း ။** ဒါတော့ဟုတ်တယ်ဗျ။ ဒီလို ကိစ္စတွေက ဖွဘုတ်ပေါ်မှာ မမြင်ချင်မှ အဆုံးပါပဲ။ NLD အမာခံတွေ၊ ပါတီဝင်တွေက ရပ်/ကျေးဥက္ကဋ္ဌတွေနဲ့ ပေါင်းပြီး ရွေးကောက်ပွဲကိစ္စမှန်သမျှ ဝင်ရောက်လုပ်ကိုင်တာတွေတော့ ကျွန်တော်တို့သိပါတယ်။ ပါတီအလံတွေ၊ တံဆိပ်တွေသုံးပြီး ကြိုတင်မဲကောက်ကြသေးတယ်။ ဒါကတော့ မျက်စိရှေ့တင် ဖြစ်နေတာတွေပဲ။ ကြိုတင်မဲပေးရတဲ့ အဘိုးအဘွားတွေက မျက်စိမကောင်းကြတော့ဘူးလေ။ NLD ကိုယ်စားလှယ်နေရာမှာ တံဆိပ်တုံးထုဖို့ ပြလိုက်ရုံပါပဲ။ ရွာမှာ ကြိုတင်မဲကောက်ကြတော့ NLD ပါတီက မဲလာကောက်တယ်လို့ ထင်နေကြသူတွေ အတော်များတယ်။

**ဘကြီးမှန် ။** အေး…ဒါတင်မကသေးဘူး။ UEC အမှတ်တံဆိပ်မပါ၊ တံဆိပ်တုံးမထုဘဲ ဘောပင်နဲ့အမှန်ခြစ်ထားလည်း ခိုင်လုံမဲထည့်ရေတွက်လို့ရအောင် ညွှန်ကြားချက်တွေ ထုတ်ထားတာက ရှိသေးတယ်။ NLD မဲမှန်သမျှ ခိုင်လုံမဲဖြစ်အောင် လုပ်နိုင်တာပေါ့ကွာ။ အကြောင်းပြချက်ကတော့ တံဆိပ်တုံးအတု ထွက်တယ်ဆိုပြီး ပြောထားတာပေါ့။ အမှန်တော့ ကိုယ့်ဖဲကိုယ်ချိုးထားတာမောင်ရေ။ ကိုဗစ်ကြောင့် ကြိုတင်မဲပေးထားပြီးသူတွေလည်း မဲထပ်ပေးလို့ရအောင် တစ်ဖက်လှည့်နဲ့ ညွှန်ကြားချက်တွေ ထုတ်ထားသေးတယ်။ အရင်က အဝေးရောက်နေတဲ့သူတွေ ကိုယ်ရောက်နေတဲ့နေရာမှာ ပေးကြလို့ဆိုတယ်။ နောက်တော့ မဟုတ်တော့ပြန်ဘူး။ ကိုယ့်နယ်ကိုယ်ပြန်ပေးကြဆိုတာ ဖြစ်ပြန်တယ်။ တချို့ကတော့ သတိမထားမိကြပါဘူး။ အမှန်တော့ မဲထပ်ပေးလို့ရအောင်ဆိုတာထက် ပိုနေတဲ့မဲအရေအတွက်တွေကို တရားဝင်အောင်လုပ်တာ။

*စာမျက်နှာ ၇ သို့*

■ **ကျွန်တော်တို့ပြည်သူတွေလည်း မဲမခိုးခဲ့သလို မဲရုံမှူးတွေအများစုကလည်း ရိုးသားပြီး ကိုယ့်တာဝန်ကိုယ်ကျေအောင် ထမ်းဆောင်ခဲ့ကြမှာပါပဲ။ တကယ်မရိုးသားခဲ့တာက NLD အစိုးရနဲ့ ပါတီပဲ။ ရွေးကောက်ပွဲမှာ လိုအပ်တာထက် ပိုနိုင်ချင်တဲ့ မတော်လောဘကြောင့် ဖြစ်ရတာပါဗျာ။ ရိုးရိုးသားသားနဲ့ ပြည်သူကပေးတဲ့ မဲအရေအတွက်ကို ဘယ်လောက်ပဲရရ လက်ခံမယ်ဆိုတဲ့ စိတ်မျိုးမွေးခဲ့ရင် ကျွန်တော်တို့နိုင်ငံကြီး ဒီအခြေအနေကို ဆိုက်မယ်မထင်ပါဘူးဗျာ။ တပ်မတော်ဘက်ကလည်း ဖြေရှင်းသင့်တဲ့ကိစ္စကို ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းဖို့ အကြိမ်ကြိမ်ပြောနေခဲ့တာပဲလေ**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်



၂၀၂၁ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရန်။


# မြစ်ကြီးနားမြို့ရှိ ဘာသာရေးအဖွဲ့အစည်းများသို့ ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

**မြစ်ကြီးနား စက်တင်ဘာ ၁**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မြစ်ကြီးနားမြို့နယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေကြသည့် ဘာသာရေးအဖွဲ့အစည်းများထံ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ဩဂုတ် ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ပေးအပ်ခဲ့သည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၃၁ ရက် နံနက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများနှင့် အဆိုပါ ရပ်ကွက်အတွင်းရှိ ဆွတ်ငိုင်တောင် နေရပ်စွန့်ခွာပြည်သူများ ရှိရာစခန်းမှ မိသားစုများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးအပ်ကြသည်။

ထို့နောက် ညနေပိုင်းတွင် အောင်နန်းရပ်ကွက် RC အသင်းတော်မှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေး စခန်းသို့ သွားရောက်ပြီး စခန်းတာဝန်ခံများ၊ စေတနာ့ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ လုပ်ငန်းဆောင်ရွက်နေမှု၊ ကုသရေးလုပ်ငန်းများအတွက် ဆေးရုံကြီးနှင့်ချိတ်ဆက် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စေတနာ့ဝန်ထမ်း ဆောင်ရွက်နေကြသူများအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းကို ထောက်ပံ့ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒူကထောင်ရပ်ကွက်အတွင်းရှိ စိန့်ဂျိုးဇက်အသင်းတော် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဂေဟာဝင်းအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေး စခန်း ဆောင်ရွက်ထားရှိမှု၊ စီတာပူရပ်ကွက် RC အသင်းတော်စခန်း၊ စီတာပူနှစ်ခြင်းအသင်းတော်စခန်းနှင့် အင်္ဂလိကန်အသင်းတော်စခန်းတို့တွင် ကိုဗစ်-၁၉ အတည်ပြုလူနာများအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို စခန်းတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်း ဆွေးနွေးကာ လိုအပ်ချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး စခန်းတစ်ခုချင်းစီအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၃၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲတွင် နန်းကွေ့ကျေးရွာရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)မှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်း၌ စခန်းတာဝန်ခံများ၊ စေတနာ့ဝန်ထမ်းများအား လုပ်ငန်း ဆောင်ရွက်နေမှုအပိုင်းများနှင့် အောက်ဆီဂျင်လိုအပ်ချက်အခြေအနေတို့ကို မေးမြန်းဆွေးနွေးကာ စခန်းအတွင်းရှိ လူနာဆောင်များမှ လူနာများအား အားပေးစကား ပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

*❊ ကျောဖုံးမှ*

ဆွီဒင်ခံစစ်ကစားသမားများ ကောင်းမွန်စွာ ဖျက်ထုတ်နိုင်မှု၊ ဂိုးသမား အိုလ်ဆင်လက်စွမ်းပြ ကာကွယ်ထားနိုင်မှုတို့ကြောင့်သာ စပိန်အသင်း နိုင်ပွဲနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း အဆိုပါ နှစ်သင်း ထိပ်တိုက် တွေ့ဆုံခဲ့သည့် နောက်ဆုံးသုံးကြိမ်တွင် စပိန်အသင်းက အသာရထားကာ နှစ်ပွဲသရေကျထားပြီး တစ်ပွဲအနိုင်ရရှိထားသည်။ ထို့ကြောင့် ယခုအကြိမ်တွေ့ဆုံမှုတွင် မည်သည့်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး အမှတ်ပေးဇယားကို ဦးဆောင်သွားနိုင်မလဲ စိတ်ဝင်စားဖွယ်ရာပင်။

ဆွီဒင်အသင်းသည် ယခုပြိုင်ပွဲအတွက် လင်ဒီလော့ဖ်၊ စတာဖက်၊ အိုလ်ဆင်၊ ဆီမာ၊ ကလူဆက်ဗ် စကီး စသည့် နာမည်ကြီး ကစားသမားအများစုကို ရွေးချယ်ထားသလို ပြိုင်ဘက် စပိန်အသင်းကလည်း ဒီဂီယာ၊ အယ်ဘာ၊ ဂါစီယာ၊ ဘက်စ်ကွက်၊ ကိုကီ၊ လော်ရန်တေး၊ ရိုဒရီ၊ မိုရာတာ၊ ထရာအိုရေး၊ တောရက်စ် စသည့်ကစားသမားများကို ရွေးချယ်ထားသည်။ ဆွီဒင်အသင်းက ယခုပွဲစဉ်ပြီးလျှင် ဥဇဘက်ကစ္စတန်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားမည်ဖြစ်သည်။

ထိုပွဲစဉ်ပြီးလျှင် ဂရိစ်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ဘက် စပိန်အသင်းက ယခုပွဲစဉ်ပြီးလျှင် ဂျော်ဂျီယာ၊ ကိုဆိုဗိုအသင်းတို့နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့တွင် အခြားသော နာမည်ကြီးအသင်းများဖြစ်သည့် အီတလီနှင့် ဘူလ်ဂေးရီးယား၊ အက်စ်တိုးနီးယားနှင့် ဘယ်လ်ဂျီယံ၊ ဟန်ဂေရီနှင့် အင်္ဂလန်၊ လက်ချင်စတိန်းနှင့် ဂျာမနီအသင်းတို့လည်း တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**အောင်ဇော်**


## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး


*စာမျက်နှာ ၆ မှ*

မဲပေးဖို့အတွက် အချက်အလက်မခိုင်လုံဘဲ ကြိုတင်/မဲပေးဖို့ ခွင့်ပြုတဲ့ကိစ္စတွေ အများကြီး ရှိပါတယ်။ ဥပမာ လက်ဗွေ/ လက်မှတ်မပါဘဲ မဲလက်မှတ်ထုတ်ပေးထားတဲ့ ကိစ္စတွေလိုမျိုးပေ့ါ။ အပြင်ကရောက်လာတဲ့မဲတွေ၊ အပိုထည့်ထားတဲ့ မဲတွေအတွက် စာရင်းကိုက်အောင် လုပ်ထားတာ။ သို့ပေမယ်လို့ ပမာဏများပြားလွန်းတော့ ကိုက်ညီအောင်မလုပ်နိုင်ခဲ့ကြပါဘူး။ ကြို့ပင်ကောက်က NLD အမတ် နော်ပွယ်စေးရဲ့မဲတွေမှာ ၂၀၁၅ က မဲလက်မှတ်တွေ ထည့်ရေတွက်ထားခဲ့တာတွေ ပေါ်လာရော။ ရေစကြိုမှာ မဲပေးရမယ့် အမတ်စာရင်းနဲ့ မကွေးကအမတ်တွေရဲ့ စာရင်းလွဲနေတာတွေ သတိထားမိကြမှာပေ့ါ။ အမှန်တော့ မဲစာရင်းဖောင်းပွအောင်လုပ်ပြီး အပိုရိုက်ထုတ်ထားတဲ့ မဲလက်မှတ်အပိုတွေနဲ့ရောပြီး မှားပေးလိုက်မိကြပုံရတယ်။ အဲဒီမဲစာရင်းပြုစုဖို့အတွက် တစ်နိုင်ငံလုံးက မြို့နယ်တွေမှာ ကွန်ပျူတာကျွမ်းကျင်ဆိုသူတွေကို သီးခြားခန့်ခဲ့ကြသေးတယ်ကွ။ နိုင်ငံခြားကဝင်ပြီး ရှုပ်ရှုပ်ရှုပ်ရှုပ်လုပ်တဲ့ ကိစ္စတွေကိုတော့ ပေရှည်နေမှာစိုးလို့ ပြောမနေတော့ပါဘူး။

**မောင်အေးချမ်း ။** ဒါဆို ကျွန်တော်တို့ပြည်သူတွေလည်း မဲမခိုးခဲ့သလို **မဲရုံမှူးတွေ အများစုကလည်း ရိုးသားပြီး ကိုယ့်တာဝန် ကိုယ်ကျေအောင် ထမ်းဆောင်ခဲ့ကြမှာပါပဲ။ တကယ်မရိုးသားခဲ့တာက NLD အစိုးရနဲ့ ပါတီပဲ။ ရွေးကောက်ပွဲမှာ လိုအပ်တာထက် ပိုနိုင်ချင်တဲ့ မတော်လောဘကြောင့် ဖြစ်ရတာပါဗျာ။ ရိုးရိုးသားသားနဲ့ ပြည်သူကပေးတဲ့ မဲအရေအတွက်ကို ဘယ်လောက်ပဲရရ လက်ခံမယ်ဆိုတဲ့ စိတ်မျိုးမွေးခဲ့ရင် ကျွန်တော်တို့နိုင်ငံကြီး ဒီအခြေအနေကို ဆိုက်မယ် မထင်ပါဘူးဗျာ။ တပ်မတော်ဘက်ကလည်း ဖြေရှင်းသင့်တဲ့ကိစ္စကို ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းဖို့ အကြိမ်ကြိမ် ပြောနေခဲ့တာပဲလေ။**

**ဘကြီးမှန်။** အေး .. အဖြစ်ကတော့ အဲ့ဒါပဲ မောင်အေးချမ်းရာ။ ဒီနေ့ ငါတို့အားလုံး ကြုံတွေ့နေရတဲ့ နိုင်ငံရေးအခြေအနေဟာ NLD ပါတီက အခြားပါတီအဖွဲ့အစည်းတွေနဲ့ မညှိနှိုင်းဘဲ တစ်ပါတီတည်း အစိုးရဖွဲ့လို့ရအောင် လွဲမှားတဲ့နည်းလမ်းနဲ့ လုပ်ကိုင်ခဲ့တဲ့ အကျိုးဆက်ပဲ။ ဒီမိုကရေစီနဲ့ မဲဆန္ဒရှင်တွေကို အလွဲသုံးစားလုပ်တာပေ့ါကွာ။ ဒီမိုကရေစီဆိုတဲ့စကားကို ရေပက်မဝင်ပြောတာတော့ ဒီပါတီကထိပ်ဆုံးကပဲ မောင်ရေ။ မင်းမေးတာကို အားလုံးပြန်ခြုံဖြေရရင်တော့ မဲရုံတိုင်း ဆန္ဒမဲလက်မှတ်တွေ လျော့နည်းတာ၊ တရားမဝင် အပိုဆန္ဒမဲလက်မှတ်တွေ ရှိနေတာ၊ မဲပေးနိုင်သူအရေအတွက်နဲ့ မဲလက်မှတ် အရေအတွက် မကိုက်ညီမှုများဟာ ရိုးရိုးသားသား မဲရုံမှူးတာဝန်ထမ်းဆောင်ခဲ့သူတွေနဲ့ တာဝန်သိသိမဲပေးခဲ့တဲ့ ငါတို့မဲဆန္ဒရှင်ပြည်သူတွေနဲ့ လုံးဝမသက်ဆိုင်ပါဘူး။ ဘယ်သူတွေ တာဝန်ရှိလဲဆိုတာကိုတော့ သက်ဆိုင်ရာက ဖော်ထုတ်ပြီး ဥပဒေအရ ဆက်လုပ်သွားမယ်လို့ ထင်တာပဲ။

**မောင်အေးချမ်း။** ကျေးဇူးပဲ ဘကြီးမှန်ရေ။ ကျွန်တော်လည်း အခုမှပဲ **ဇာတ်ရည်လည်သွားတော့တယ်။ ဘာပဲဖြစ်ဖြစ် ဖြစ်လာသမျှကို အကောင်းဆုံး ရင်ဆိုင်ရတော့မှာပဲ။ နောက်တစ်ခါတော့ ကျွန်တော်တို့ ပြည်သူတွေ လူရွေးမမှားကြဖို့ လိုမယ်ထင်တယ်ဗျာ။ ကျွန်တော်ကတော့ မြန်မာပြည်ကြီး အမြန်ပြန်လည် တည်ငြိမ်အေးချမ်းစေချင်တာပဲ သိတော့တယ်။ သွားလိုက်ဦးမယ် ဘကြီးမှန်ရေ။**

# ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း အမြန်ပြီးဆုံးဖို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြပါစို့



ဒေါက်တာသန်းနိုင်စိုး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

**၂၀၂၁ ခုနှစ် ဩဂုတ် ၃၁ ရက် ည (၈:၀၀) နာရီ အချိန်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ (၃၀-၈-၂၀၂၁)ရက်နေ့ ည (၈:၀၀) နာရီမှ (၃၁-၈-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၉၂၈၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၉၉ ဦး တွေ့ရှိရ၍ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၆၅ ရာခိုင်နှုန်း တွေ့ရှိခဲ့ရကြောင်း သိရှိရပါသည်။ ထို့အတူ (၂၉-၈-၂၀၂၁)ရက်နေ့ ည (၈:၀၀)နာရီမှ (၃၀-၈-၂၀၂၁)ရက်နေ့ ည (၈:၀၀) နာရီအတွင်းတွင်လည်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၂၄၉၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၈၃ ဦး ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်း ၈ ဒသမ ၄၃ တွေ့ရှိရပါသည်။**

ရောဂါဖြစ်ပွားမှု တတိယလှိုင်း ကာလ၏ အစဖြစ်သည့် မေလ ၂၇ ရက်နေ့တွင် စစ်ဆေးသူပေါင်း ၁၇၈၈ ဦးအနက် ပိုးတွေ့ရှိသူ ၉၆ ဦးကို အစုလိုက်၊ အပြုံလိုက် ဖြစ်ပွားမှုများအနေဖြင့် စတင်တွေ့ရှိခဲ့ရ၍ ပိုးတွေ့ရာခိုင်နှုန်း ၅ ဒသမ ၃၇ ရှိခဲ့ပါသည်။ တတိယလှိုင်းတွင် တွေ့ရှိရသည့် ရောဂါကူးစက်မှုနှုန်း အလွန်လျင်မြန်၍ ရောဂါပိုမိုပြင်းထန်စွာ ဖြစ်ပွားစေသည့် မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးများကြောင့် ရောဂါပိုးတွေ့ရှိနှုန်းအနေဖြင့် ဇူလိုင်လ ၂၃ ရက်တွင် စစ်ဆေးသူပေါင်း ၁၀၄၈၇ ဦးတွင် ပိုးတွေ့သူပေါင်း ၅၅၀၆ ဦးရှိခဲ့ကာ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းအထိ အမြင့်ဆုံးရောက်ရှိခဲ့သည်ကို တွေ့ရပါသည်။

### ရင်ဆိုင်ဖြတ်ကျော်နိုင်ရေး ဆောင်ရွက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရအဖွဲ့နှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဗဟိုကော်မတီတို့၏ မှန်ကန်ထိရောက်သော ဦးဆောင်မှု၊ လမ်းညွှန်မှုတို့ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများအား မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်တုံ့ပြန်ရေး ကော်မတီအဆင့်ဆင့်၏ ပူးပေါင်းပါဝင် ပံ့ပိုးဆောင်ရွက်မှု၊ နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ အလှူရှင်များနှင့် မိဘပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ထိရောက်သော ရောဂါကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်၍ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ရင်ဆိုင်ဖြတ်ကျော်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ အိမ်စောင့်အစိုးရအဖွဲ့နှင့် မိဘပြည်သူတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းထိရောက်လာသည်နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများလည်း ထိရောက်အောင်မြင်မှုများ ရရှိလာသည်ကို ပြည်သူတို့အတွင်း ရောဂါဖြစ်ပွားကူးစက်မှုများ ကျဆင်းလာခြင်း၊ ရောဂါကြောင့် သေဆုံးရမှုများ ကျဆင်းလာခြင်းနှင့် ရောဂါပိုးစစ်ဆေးမှုများတွင် ရောဂါပိုးတွေ့ရှိရသည့် ရာခိုင်နှုန်းများ သိသာစွာကျဆင်းလာခြင်းနှင့်အတူ အလွန်ကူးစက်မြန်ပြင်းထန်ခဲ့သည့် ရောဂါတတိယလှိုင်းကို ကောင်းစွာ ကျော်လွန်ဖြတ်ကျော်နိုင်မည့် အလားအလာကောင်းများကို တွေ့မြင်နေရခြင်းပင်ဖြစ်ပါသည်။

### အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်

အိမ်စောင့်အစိုးရအဖွဲ့နှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဗဟိုကော်မတီတို့၏ မှန်ကန်ထိရောက်သော ဦးဆောင်မှု၊ လမ်းညွှန်မှုတို့ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို တင်ပြရပါလျှင် (၁) ပြည်ပနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ နိုင်ငံအတွင်း ကူးစက်ဝင်ရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ခြင်းနှင့် ဝင်ရောက်လာသူများအား အသွားအလာ ကန့်သတ်ထားရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ (၂) ရောဂါကူးစက်ခံရသူများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်းနှင့် လူထုအတွင်း သံသယလက္ခဏာရှိသူ လူနာများအား ဖော်ထုတ်ခြင်း၊ (၃) ဓာတ်ခွဲစစ်ဆေးမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကဆေးရုံများ၊ ဓာတ်ခွဲခန်းများတွင် စစ်ဆေးခွင့်ပြုခြင်း၊ (၄) ရောဂါသံသယလူနာ၊ အတည်ပြုလူနာတို့မှ တစ်ဆင့် အခြားသူများသို့ ဆက်လက်ကူးစက်မှု မရှိစေရေးအတွက် ရောဂါပြင်းထန်မှု အခြေအနေပေါ် မူတည်၍ ဆေးရုံများ၊ ကိုဗစ်ကုသရေး စင်တာများတွင် သီးခြားထားရှိ ကုသမှုပေးခြင်း၊ (၅) ရောဂါ အတည်ပြုလူနာ၏ အနီးကပ်ထိတွေ့သူများအား အသွားအလာ ကန့်သတ်ထားရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်း၊ (၆) (၂၄-၈-၂၀၂၁)နေ့အထိ မိမိအိမ်တွင် နေထိုင်ရမည့် အစီအစဉ်တွင် ပါဝင်သည့်မြို့နယ် (၁၁၉) မြို့နယ်အထိ သတ်မှတ်ထားရှိ၍ ၎င်းမြို့နယ်များမှ လာရောက်သူများအား အသွားအလာ ကန့်သတ်ထားရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်း၊ မိမိအိမ်တွင် နေထိုင်ရမည့် အစီအစဉ်တွင် ပါဝင်ခြင်းမရှိသည့် မြို့နယ်များတွင်လည်း လိုက်နာဆောင်ရွက်ရမည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန် အသိပေးခြင်း၊ သတိပေးခြင်း၊ လိုက်နာမှု အားနည်းပါက ပညာပေးခြင်း၊ အရေးယူခြင်း၊ (၇)ရောဂါခံစားနေရသော လူနာများအား ရောဂါဝေဒနာ အခြေအနေအပေါ်မူတည်၍ လိုအပ်သော ဆေးကုသမှုများပေးခြင်းနှင့် စနစ်တကျ လူနာသယ်ယူပို့ဆောင် လွှဲပြောင်းပေးခြင်း၊ (၈) အောက်ဆီဂျင် လုံလောက်စွာရရှိရေး ရေတို၊ ရေရှည်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုသရေးစင်တာများနှင့် ပြည်သူ့ဆေးရုံများ၊ သီးသန့်ခွဲခြားထားရှိရာ နေရာများတွင် တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာ ရရှိရေး ဆောင်ရွက်ခြင်း၊ (၉) ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ (၁၀) (၂၀၂၁) ခုနှစ်အတွင်း ဦးတည်အုပ်စုများ၏ (၅၀) ရာခိုင်နှုန်းအထက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံမှုရရှိစေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ (၁၁) အိမ်နီးချင်း နိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအား စောင့်ကြပ်လေ့လာခြင်း၊ ဒေသတွင်း အာဆီယံနိုင်ငံများနှင့် သတင်းအချက်အလက် ဖလှယ်ခြင်း၊ (၁၂) ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုလျော့ပါးစေရေး ကျန်းမာရေးအရ စီမံဆောင်ရွက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက် ရှိပါသည်။



### ရောဂါပိုးတွေ့ရှိနှုန်း ကျဆင်း

အိမ်စောင့်အစိုးရအဖွဲ့နှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး ဗဟိုကော်မတီတို့၏ သိသာထင်ရှားထိရောက်သော ဆောင်ရွက်ချက်တစ်ခုမှာ ၂၀၂၁ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့မှစတင်၍ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့အထိ၊ ရုံးပိတ်ရက်နှင့် အလုပ်ပိတ်ရက်များ သတ်မှတ်ပေးခြင်းနှင့် မိဘပြည်သူများကို တတ်နိုင်သရွေ့ မိမိအိမ်တွင်သာ နေထိုင်စေခြင်း လုပ်ငန်းများ ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ၏သဘောသဘာဝအရ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့မှု နည်းပါးသည်နှင့်အတူ ရောဂါဆက်လက်ကူးစက်နိုင်သည့် အခွင့်အလမ်း နည်းပါးခြင်းဖြစ်သည့်အတွက် မိမိအိမ်တွင်သာနေထိုင်ခြင်းသည် ရောဂါကွင်းဆက်ကို ထိရောက်စွာ ဖြတ်တောက်နိုင်ခြင်း ဖြစ်ပါသည်၊ တစ်နည်းအားဖြင့် ရောဂါကူးစက်မှုကွင်းဆက်၏ အဓိကရင်းမြစ်ကို ကိုင်တွယ်ဖြတ်တောက်ခြင်းပင် ဖြစ်ပါသည်။ နိုင်ငံတော်အိမ်စောင့်အစိုးရ၏ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဆောင်ရွက်မှုများအပေါ် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ အားကောင်းလာသည်နှင့်အတူ ရောဂါဖြစ်ပွားမှုနှင့် ရောဂါပိုးတွေ့ရှိရနှုန်းများ ဆက်တိုက်ဆိုသလို ကျဆင်းလာခြင်းကို တွေ့ရှိရပါသည်။

ရှေးဦးစွာရောဂါပိုးတွေ့ရှိမှုနှုန်းများ ကျဆင်းလာခြင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ ရုံးပိတ်ရက်ရှည် စတင်သည့် (၁၇-၇-၂၀၂၁) ရက်နေ့တွင် ရောဂါပိုးစစ်ဆေးသူ ၁၄၀၅၂ ဦးအနက် ပိုးတွေ့ရှိသူ ၅၄၉၇ ဦး၊ ပိုးတွေ့ရာခိုင်နှုန်း ၃၉ ဒသမ ၁၂ ရှိခဲ့သည်ကို တွေ့ရကာ ရောဂါကြောင့် သေဆုံးသူ ၂၃၃ ဦး သေဆုံးမှုရာခိုင်နှုန်း ၄ ဒသမ ၂၄ ရှိခဲ့သည်ကို တွေ့ရပါသည်။

### သေဆုံးမှုကျဆင်းလာ

ဆက်လက်၍ ရုံးပိတ်ရက်စတင်၍ နှစ်ပတ်အကြာ (၃၁-၇-၂၀၂၁) ရက်နေ့တွင် ရောဂါပိုးစစ်ဆေးသူ ၁၃၇၉၉ ဦးအနက် *စာမျက်နှာ ၉ သို့*

○ **ပိုးတွေ့ရှိမှုနှုန်းအနေဖြင့် တတိယလှိုင်းတွင် အမြင့်ဆုံးဖြစ်ခဲ့သည့်အနေအထား (၂၃-၇-၂၀၂၁) နေ့တွင် ရောဂါပိုးစစ်ဆေးသူ ၁၃၄၈၇ ဦးအနက် ပိုးတွေ့ရှိသူ ၅၅၀၆ ဦး၊ ပိုးတွေ့ရာခိုင်နှုန်း ၄၀ ဒသမ ၈ ရာခိုင်နှုန်းမှ ၈ ဒသမ ၅ ရာခိုင်နှုန်း ဝန်းကျင်သို့ ဆက်တိုက်ကျဆင်းလာသည့် အနေအထား ဖြစ်ပါသည်။ ထို့အပြင် သေဆုံးမှုနှုန်းမှာလည်း (၁-၈-၂၀၂၁) နေ့တွင် ပိုးတွေ့ရှိသူ ၃၄၈၀၊ ရောဂါကြောင့် သေဆုံးသူ ၃၉၇ ဦး၊ ရောဂါကြောင့် သေဆုံးမှုနှုန်း ၁၁ ဒသမ ၄၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါရောဂါကြောင့် သေဆုံးမှုနှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်းထိ ကျဆင်းလာခြင်းဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအပြင် နီးနွယ်ဝန်ကြီးဌာနများမှ ရရှိသောအချက်အလက်များအရ တစ်နိုင်ငံလုံးတွင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လနှင့် နိုင်းယှဉ်လျှင် ဩဂုတ်လအတွင်း ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှုများ အပါအဝင် သေဆုံးသူဦးရေမှာလည်း အဆပေါင်းများစွာ သိသိသာသာလျော့ကျလျက်ရှိသည်ကို တွေ့ရှိရပါသည်**

စာမျက်နှာ ၉ သို့

# နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ  တပ်ကုန်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိက ပေါင်းစည်းလယ်ယာလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော်  စက်တင်ဘာ  ၁

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၂၇၀၊ တောင်သူဦးမောင်သင်၏ ပေါင်းစည်းလယ်ယာလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုသည်။** (အောက်ပုံ)



ထိုသို့ကွင်းဆင်းကြည့်ရှုစဉ် ဒေသခံတောင်သူများက ပေါင်းစည်းလယ်ယာလုပ်ငန်း နေရာတွင် ထရန်စဖော်မာ တပ်ဆင်နိုင်ရေးကိုလည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းရေရရှိရေးတို့ကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး နှာခေါင်းစည်း (Mask) ၅၀၀ နှင့် Hand Gel ၁၂ ဘူးကို ထောက်ပံ့ပေးအပ်ကာ ပေါင်းစည်းလယ်ယာ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့အဝင် ညောင်လွန့် ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နှာခေါင်းစည်း ၅၀၀ နှင့် Hand Gel ၁၂ ဘူးကိုလည်းကောင်း ၊ တပ်ကုန်းခုတင် (၁၀၀) ပြည်သူ့ဆေးရုံ၌ ထောက်ပံ့ငွေကျပ် ငါးသိန်း၊ Oxygen အိုး (40 Liter) ၁၀ လုံး၊ MEDICAL REGULATOR ၁၀ ခု၊ နှာခေါင်းစည်း (Mask) နှင့် Hand Gel တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ဆရာစံရပ်ကွက်၊ မဟာဇနကပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ဝါဆိုသင်္ကန်းနှင့် ဆန် ငါးအိတ်၊ ဆီ ငါးပုံး၊ ဆား ၁၀ ပိဿာ၊ ကြက်ဥကတ် ၂၀၊ ကြက်သွန်ပိဿာ ၂၀ နှင့် ဝတ္ထုငွေကျပ် ငါးသောင်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမသို့ ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများ၊ ကာကွယ်ဆေးထိုးသည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နေကြသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် သုံးသိန်း၊ နှာခေါင်းစည်း (Mask) ၅၀၀၊ Hand Gel ၁၂ဘူး၊ Hand Gel Refill (5 Liter) ငါးဘူးကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ငါးသိန်း၊ နှာခေါင်းစည်း (Mask) ၅၀၀၊ Hand Gel ဘူးသေး ၁၂ ဘူးကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ကိုဗစ်လူနာများအတွက် လူတစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းဖြင့် ဆန် ၃၈ အိတ်ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်ရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး မွေးမြူရေးဇုန်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ နှာခေါင်းစည်း (Mask) ၅၀၀၊ Hand Gel ဘူးသေး ၁၂ ဘူး ထောက်ပံ့ပေးအပ်သည်။

**မြို့နယ် (ပြန်/ဆက်)**

---

*စာမျက်နှာ ၈ မှ*

ပိုးတွေ့ရှိသူ ၄၇၂၅ ဦး၊ ပိုးတွေ့ ရာခိုင်နှုန်း ၃၄ ဒသမ ၂၄ ရှိခဲ့သည်ကို တွေ့ရကာ ရောဂါကြောင့် သေဆုံးသူ ၃၉၂ ဦး သေဆုံးမှုရာခိုင်နှုန်း ၈ ဒသမ ၃ ရှိခဲ့သည်ကို တွေ့ရပါသည်။ ရုံးပိတ်ရက်စတင်၍ လေးပတ်အကြာ (၁၄-၈-၂၀၂၁) ရက်နေ့တွင် ရောဂါပိုးစစ်ဆေးသူ ၁၃၀၃၄ ဦး အနက် ပိုးတွေ့ရှိသူ ၃၄၁၉ ဦး၊ ပိုးတွေ့ ရာခိုင်နှုန်း ၂၆ ဒသမ ၂၃ ရှိခဲ့သည်ကို တွေ့ရကာ ရောဂါကြောင့် သေဆုံးသူ ၁၉၉ ဦး သေဆုံးမှုရာခိုင်နှုန်း ၅ ဒသမ ၈၂ ရှိခဲ့သည်ကို တွေ့ရပါသည်။ ရုံးပိတ်ရက်စတင်၍ ခြောက်ပတ်အကြာ (၂၈-၈-၂၀၂၁) ရက်နေ့တွင် ရောဂါပိုးစစ်ဆေးသူ ၁၈၁၈၉ ဦးအနက် ပိုးတွေ့ ရှိသူ ၂၉၃၂ ဦး၊ ပိုးတွေ့ရာခိုင်နှုန်း ၁၆ ဒသမ ၁၂ ရှိခဲ့သည်ကိုတွေ့ရကာ ရောဂါကြောင့် သေဆုံးသူ ၁၀၉ ဦး သေဆုံးမှု ရာခိုင်နှုန်း ၃ ဒသမ ၇၂ ရှိခဲ့သည်ကို တွေ့ရပါသည်။ ရုံးပိတ်ရက်စတင်၍ ၄၆ ရက် အကြာ (၁-၉-၂၀၂၁) ရက်နေ့တွင် ရောဂါပိုးစစ်ဆေးသူ ၃၉၄၆၁ ဦးအနက် ပိုးတွေ့ရှိသူ ၃၃၅၈ ဦး၊ ပိုးတွေ့ရာခိုင်နှုန်း ၈ ဒသမ ၅၁ ရှိခဲ့သည်ကို တွေ့ရကာ ရောဂါကြောင့် သေဆုံးသူ ၁၀၁ ဦး သေဆုံးမှု ရာခိုင်နှုန်း ၃ ဒသမ ၀၁ ထိ ကျဆင်းလာသည်ကို တွေ့ရပါသည်။

ပိုးတွေ့ရှိမှုနှုန်းအနေဖြင့် တတိယလှိုင်းတွင် အမြင့်ဆုံးဖြစ်ခဲ့သည့် အနေအထား (၂၃-၇-၂၀၂၁) နေ့တွင် ရောဂါပိုးစစ်ဆေးသူ ၁၃၄၈၇ ဦးအနက် ပိုးတွေ့ရှိသူ ၅၅၀၆ ဦး၊ ပိုးတွေ့ရာခိုင်နှုန်း ၄၀ ဒသမ ၈ ရာခိုင်နှုန်းမှ ၈ ဒသမ ၅ ရာခိုင်နှုန်းဝန်းကျင်သို့ ဆက်တိုက်ကျဆင်းလာသည့် အနေအထား ဖြစ်ပါသည်။ ထို့အပြင် သေဆုံးမှုနှုန်းမှာလည်း (၁-၈-၂၀၂၁) နေ့တွင် ပိုးတွေ့ရှိသူ ၃၄၈၀၊ ရောဂါကြောင့် သေဆုံးသူ ၃၉၇ ဦး၊ ရောဂါကြောင့် သေဆုံးမှုနှုန်း ၁၁ ဒသမ ၄၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ရောဂါကြောင့် သေဆုံးမှုနှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်းထိ ကျဆင်းလာခြင်း ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအပြင် နီးနွယ်ဝန်ကြီးဌာနများမှ ရရှိသော အချက်အလက်များအရ တစ်နိုင်ငံလုံးတွင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လနှင့် နှိုင်းယှဉ်လျှင် ဩဂုတ်လအတွင်း ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှုများအပါအဝင် သေဆုံးသူဦးရေမှာလည်း အဆပေါင်းများစွာ သိသိသာသာ လျော့ကျလျက်ရှိသည်ကို တွေ့ရှိရပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရုံးပိတ်ရက်ကာလအတွင်း ရောဂါဖြစ်ပွားမှုများကို ရုံးပိတ်ရက်ရှည် မတိုင်ခင် ရက်သတ္တပတ်အတွင်း ရောဂါဖြစ်ပွားမှု အရေအတွက်နှင့် နှိုင်းယှဉ်ကြည့်ရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင် ပထမအပတ်အတွင်း ၂၂ ရာခိုင်နှုန်း ကျဆင်း၍ ဒုတိယအပတ်တွင် ၄၅ ရာခိုင်နှုန်း၊ တတိယအပတ်တွင် ၆၈ ရာခိုင်နှုန်း၊ စတုတ္ထအပတ်တွင် ၇၇ ရာခိုင်နှုန်း၊ ပဉ္စမအပတ်တွင် ၈၇ ရာခိုင်နှုန်းအထိ ကျဆင်းလာခြင်းကို တွေ့ရပါသည်။

## ရုံးပိတ်ရက်အတွင်း ရောဂါဖြစ်ပွားမှု ကျဆင်း

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့်လည်း ပထမအပတ်တွင် ၇ ရာခိုင်နှုန်း၊ ဒုတိယအပတ်တွင် ၂၆ ရာခိုင်နှုန်း၊ တတိယအပတ်တွင် ၅၈ ရာခိုင်နှုန်း၊ စတုတ္ထအပတ်တွင် ၅၇ ရာခိုင်နှုန်းနှင့် ပဉ္စမအပတ်တွင် ၇၂ ရာခိုင်နှုန်းအထိ ရောဂါဖြစ်ပွားသူဦးရေ ကျဆင်းလာသည်ကို တွေ့ရပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် ရုံးပိတ်ရက်ကာလ ပဉ္စမအပတ်အထိ ၇၁ ရာခိုင်နှုန်းအထိ ကျဆင်းလာခြင်းကို တွေ့ရပါသည်။ ရုံးပိတ်ရက်အတွင်း ရောဂါဖြစ်ပွားမှု ကျဆင်းနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ရခိုင်ပြည်နယ်၊ ရာဝတီတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ဖြစ်သည်ကို အစဉ်လိုက် တွေ့မြင်ရပါသည်။

## တတိယလှိုင်းအမြန်ဆုံး ပြီးဆုံးမည်

အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်မူ ရုံးပိတ်ရက်ရှည် ကာလများအတွင်း ဖြစ်ပွားမှုအနည်းငယ်တက်နေသည်ကို တွေ့ရပါသည်။ ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း ထုတ်ပြန်ထားသည့် လိုက်နာရမည့် စည်းကမ်းများကို လိုက်နာခြင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်၍ ရောဂါကွင်းဆက် ဖြတ်တောက်ခြင်းကို တိုးမြှင့် ဆောင်ရွက်နေကြောင်းကိုလည်း သိရှိရပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရောဂါဖြစ်ပွားမှု ကျဆင်းလာကာ တစ်နိုင်ငံလုံးတွင် ရောဂါဖြစ်ပွားမှု တတိယလှိုင်းအမြန်ဆုံး ပြီးဆုံးမည်ဖြစ်ပါသည်။

ဒေသတွင်း အချို့နိုင်ငံများနှင့် အာဆီယံနိုင်ငံအများစုတွင် ကူးစက်မြန်၍ ပြင်းထန်သော မျိုးရိုးဗီဇပြောင်းပိုးများကြောင့် ဖြစ်ပွားသည့် ရောဂါဖြစ်ပွားမှုလှိုင်းများကို ကြိုးပမ်းထိန်းချုပ်နေရသည့် အချိန်ကာလတွင် မိမိတို့နိုင်ငံအနေဖြင့် အဆိုပါ မျိုးရိုးဗီဇပြောင်းပိုးများကြောင့် ဖြစ်ပွားသည့် ရောဂါတတိယလှိုင်းကို အချိန်တိုအတွင်း ဆတိုးဖြစ်ပွားမှုများနှင့် သေဆုံးမှုများကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်လာနိုင်သည့် အခြေအနေတစ်ခုကို ရရှိလာခြင်းဖြစ်ပါသည်။


ဆက်လက်ပြီး ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း အမြန်ဆုံး ပြီးဆုံးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရောဂါပိုးရှိသူ စစ်ဆေးရှာဖွေခြင်း လုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်၍ လက်ကျန်ရောဂါ ကွင်းဆက်ဖြတ်တောက်ခြင်း လုပ်ငန်းများကို မိဘပြည်သူများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် လိုအပ်သည့်အချိန်ကာလ ဖြစ်ပါသည်။ မိဘပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခု ခံစားရခြင်း၊ ရောဂါရှိသူနှင့် ထိတွေ့မိခြင်းတို့ရှိပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်စစ်ဆေး၍ အခြားသူများနှင့် ဆက်လက်ထိတွေ့မှု မရှိအောင် သီးသန့်ခွဲခြားနေထိုင်ရန် လိုအပ်ပါသည်။ သို့မှသာ ပြည်သူလူထုအတွင်းတွင် တိမ်မြုပ်နေသော ရောဂါပိုးရှိသူများအား ဖော်ထုတ်၍ ရောဂါကွင်းဆက်လက်ကျန်များ အချိန်တိုအတွင်း ဖြတ်တောက်နိုင်မည် ဖြစ်ပါသည်။

## ရောဂါဖြစ်ပွားမှု လှိုင်းများမရှိစေရေး ဆောင်ရွက်နိုင်မည်

ယခုကဲ့သို့ အိမ်စောင့်အစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ လက်တွဲပူးပေါင်း၍ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ လိုက်နာခြင်း၊ ကာကွယ်ဆေးထိုးနှံမှု စနစ်တကျအကြိမ်ပြည့်ခံယူခြင်း စသည့်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆက်လက် ပူးပေါင်းဆောင်ရွက်ခြင်းအင်အားဖြင့် နောက်ထပ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လှိုင်းများ ပြင်းပြင်းထန်ထန်ဖြစ်ပွားလာခြင်း မရှိစေရေး ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း အမြန်ပြီးဆုံးရေးနှင့် နောက်ထပ်ရောဂါ ဖြစ်ပွားမှုလှိုင်းများ ပြင်းပြင်းထန်ထန် မဖြစ်ပွားစေရေးအတွက် အိမ်စောင့်အစိုးရအဖွဲ့နှင့် မိဘပြည်သူများ ပူးပေါင်းလက်တွဲ၍ ဆက်လက်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း ပိုးတွေ့လူနာဦးရေနှင့် ပိုးတွေ့ရာခိုင်နှုန်းအခြေပြဂရပ် (၂၇.၅.၂၀၂၁ မှ ၁.၉.၂၀၂၁) ထိ**



# မိမိအိမ်နီးချင်းနိုင်ငံမှာ ရောဂါဖြစ်ပွားမှုကျသွားလေလေ ပိုပြီးလုံခြုံစိတ်ချရလေ ဖြစ်ပါတယ်

ဒေါက်တာ သန်းနိုင်စိုး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

## ထက်လျှံ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၃၀ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

> “ အိန္ဒိယနိုင်ငံရဲ့ ရောဂါဖြစ်ပွားမှုက မြန်မာနိုင်ငံနဲ့ ဆက်စပ်ပတ်သက်နေပါတယ်။ မိမိအိမ်နီးချင်းနိုင်ငံမှာ ရောဂါဖြစ်ပွားမှုကျသွားလေလေ ပိုပြီးလုံခြုံစိတ်ချရလေ ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားမှုကျလေလေ အရင်ကဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေရဖို့ အခွင့်အလမ်းလည်း များလေဖြစ်ပါတယ်။ နောက်တရုတ်နိုင်ငံရဲ့ အနေအထားက ကောင်းပါတယ်။ တစ်နေ့တာကာလအတွင်း ၁၄၃ ဦး ပြန်တွေ့တာနဲ့ မြို့ကြီးတစ်မြို့လုံးကို ပိုးစစ်တာမျိုး စတဲ့ရောဂါကာကွယ်ထိန်းချုပ်ရေးအပိုင်းကို အတော်ကို ဦးစားပေးပြီး ဆောင်ရွက်တာ တွေ့ရပါတယ် ”

*(ယမန်နေ့မှအဆက်)*

အစီအစဉ်မှူး။ ။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ် – ၁၉ တတိယလှိုင်းအခြေအနေနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေနဲ့ နှိုင်းယှဉ်ပြီး ပြောကြားပေးပါဦး။

ဒေါက်တာသန်းနိုင်စိုး ။ ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ အမေရိကဒေသ၊ဥရောပဒေသ၊အရှေ့တောင်အာရှဒေသ၊ မြေထဲပင်လယ်အရှေ့ပိုင်းဒေသ၊ အနောက် ပစိဖိတ်သမုဒ္ဒရာဒေသနဲ့ အာဖရိက ဒေသဆိုပြီး တစ်ကမ္ဘာလုံးကို ဒေသကြီး ခြောက်ခု သတ်မှတ်ပြီး ကျန်းမာရေးလုပ်ငန်းတွေကို အဖွဲ့ဝင်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သတ်မှတ်ချက်အရ အရှေ့တောင်အာရှဒေသထဲမှာ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ မြောက်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ အရှေ့တီမောနဲ့ စင်ကာပူ ဆိုပြီး ၁၁ နိုင်ငံ ပါပါတယ်။ ကမ္ဘာတစ်ဝန်းလုံးကို ပြန်ကြည့်ရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ ဒေသကြီးခြောက်ခုအနက် သုံးခုမှာ ရောဂါဖြစ်ပွားမှု တက်နေပါတယ်။ ရောဂါဖြစ်ပွားမှုကျတဲ့ ဒေသကြီး သုံးခုက အရှေ့တောင်အာရှဒေသ၊ မြေထဲပင်လယ်အရှေ့ပိုင်းဒေသနဲ့ အာဖရိကဒေသတို့ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ အရှေ့တောင်အာရှဒေသအနေနဲ့ ရောဂါဖြစ်ပွားမှု ကျဆင်းနေတဲ့အထဲမှာ မြန်မာနိုင်ငံနဲ့အတူ အိန္ဒိယနိုင်ငံက ပါဝင်နေပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ရောဂါဖြစ်ပွားမှုက မြန်မာနိုင်ငံနဲ့ ဆက်စပ်ပတ်သက်နေပါတယ်။ မိမိအိမ်နီးချင်းနိုင်ငံမှာ ရောဂါဖြစ်ပွားမှုကျသွားလေလေ ပိုပြီးလုံခြုံစိတ်ချရလေ ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားမှုကျလေလေ အရင်ကဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေ ရဖို့အခွင့်အလမ်းလည်း များလေဖြစ်ပါတယ်။ နောက်တရုတ်နိုင်ငံရဲ့ အနေအထားက ကောင်းပါတယ်။ တစ်နေ့တာကာလအတွင်း ၁၄၃ ဦး ပြန်တွေ့တာနဲ့ မြို့ကြီးတစ်မြို့လုံးကို ပိုးစစ်တာမျိုးစတဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးအပိုင်းကို အတော်ကို ဦးစားပေးပြီး ဆောင်ရွက်တာ တွေ့ရပါတယ်။ အခြားချမ်းသာတဲ့ နိုင်ငံတွေမှာ သန်းဆယ်ဂဏန်းနဲ့ချီပြီး ခံစားနေရတာတောင် စပြီးပိုးတွေ့ရှိတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရောဂါဖြစ်ပွားသူ တစ်သိန်းတောင် မပြည့်သေးတဲ့ အနေအထားဆိုတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ရောဂါ ကာကွယ်ထိန်းချုပ်တဲ့လုပ်ငန်းတွေကို နမူနာယူပြီး တတ်နိုင်သရွေ့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အခြေအနေကလည်း ရောဂါဖြစ်ပွားမှု အကျဘက်ကို ရောက်လာတာ တွေ့ရပါတယ်။ ဒါကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဒေသကြီး ခြောက်ခုမှာ ရောဂါတွေ့ရှိရတဲ့အနေအထားနဲ့ ကျွန်တော်တို့ရဲ့ အနောက်ဘက်နဲ့ မြောက်ဘက်က အိမ်နီးချင်းနိုင်ငံတွေရဲ့ အနေအထားပါ။

အာဆီယံနိုင်ငံတွေကို ကြည့်မယ်ဆိုရင် လက်ရှိရောဂါဖြစ်ပွားမှုအများဆုံးနဲ့ ထိပ်ဆုံးကနေဦးဆောင်နေတာက အင်ဒိုနီးရှားနိုင်ငံပါ။ အင်ဒိုနီးရှားက လူဦးရေများတယ်။ ဒီတော့ ပိုးတွေ့ရှိတာလည်း များပါတယ်။ ဩဂုတ်လ ၂၆ ရက်အထိ ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားသူဦးရေ ၄၀၅၆၃၅၄ ဦးနဲ့ သေဆုံးသူ ၁၃၀၇၈၁ ရှိပါတယ်။ ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်းကို မေလအလယ်မှာ စတင်ခံစားရပါတယ်။ စတွေ့ခါစက ပိုးတွေ့သူ ၄၀၀၀ လောက်နဲ့ စခဲ့ပါတယ်။ ဇူလိုင်လ ၁၅ ရက် တစ်ရက်တည်းနဲ့ ပိုးတွေ့သူ ၅၆၇၅၇ ဦး ပိုးတွေ့ရှိခဲ့ပါတယ်။ ဩဂုတ်လ ၂၆ ရက် တစ်ရက်တည်းမှာ ပိုးတွေ့သူ ၁၆၈၉၉ ဦး တွေ့ရှိတဲ့အတွက် ကျလာပါတယ်။ ဒါပေမယ့် များနေပါသေးတယ်။ အင်ဒိုနီးရှားနိုင်ငံက ဆက်လက်ပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတယ်ဆိုတာ သိမြင်နိုင်ပါတယ်။

အာဆီယံနိုင်ငံတွေထဲမှာ ဒုတိယအများဆုံးတွေ့ရတာက ဖိလစ်ပိုင်နိုင်ငံ ဖြစ်ပါတယ်။ ဩဂုတ်လ ၂၆ ရက်အထိ ၁၉၁၆၄၆၁ ဦးတွေ့ခဲ့ပြီး သေဆုံးသူ ၃၂၈၄၁ ဦးဖြစ်ပါတယ်။ သူက ဒုတိယလှိုင်းနဲ့ တတိယလှိုင်းဆက်သွားတဲ့ အနေအထားဖြစ်ပါတယ်။ ဒုတိယလှိုင်းက ၂၀၂၁၊ မတ်လ အကုန်မှာဖြစ်ပြီး စတင်တွေ့ရှိတာက ၂၀၀၀ နဲ့ ၃၀၀၀ ဝန်းကျင်မှာတွေ့တယ်။ အမြင့်ဆုံးရောက်တဲ့ အနေအထားက ဩဂုတ်လ ၂၃ ရက်မှာ ၁၈၃၁၀ အထိ တစ်ရက်တည်းကို တွေ့ခဲ့တယ်။ ဩဂုတ်လ ၂၆ ရက်မှာ ၁၆၁၂၇ ဦးဆိုတော့ နည်းနည်းကျလာသလိုရှိပေမယ့် စပြီးတွေ့ခဲ့တဲ့ အနေအထားနဲ့ဆိုရင် ကိန်းဂဏန်းက များနေပါသေးတယ်။

အာဆီယံနိုင်ငံတွေထဲမှာ တတိယအများဆုံးနိုင်ငံက မလေးရှားနိုင်ငံဖြစ်ပါတယ်။ ဩဂုတ် ၂၆ ရက်အထိ ပိုးတွေ့သူ ၁၆၆၂၉၁၃ ဦးရှိပြီး သေဆုံးသူ ၁၅၅၅၀ ရှိနေပါတယ်။ မလေးရှားကလည်း ဒုတိယလှိုင်းနဲ့ တတိယလှိုင်းဆက်သွားသလို ရှိပါတယ်။ ၂၀၂၁ ခုနှစ် ဧပြီလလယ်လောက်မှာ စပြီး ပိုးတွေ့နှုန်းတက်လာတာကိုတွေ့ရပြီး ဩဂုတ်လ ၂၆ ရက် တစ်ရက်တည်းမှာ ၂၄၅၉၉ ဦးအထိ တက်တုန်းပဲဆိုတော့ တတိယလှိုင်းက အရှိန်အဟုန်နဲ့ တက်နေတဲ့ အနေအထားဖြစ်ပါတယ်။

စတုတ္ထမြောက် အများဆုံးက ထိုင်းနိုင်ငံ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ အနေအထားက ဩဂုတ်လ ၂၆ ရက်အထိ ဖြစ်ပွားသူ ၁၁၃၉၅၇၁ ဦး ဖြစ်ပွားမှုရှိပြီး သေဆုံးသူ ၁၀၅၈၇ ဦးသေဆုံးတာကို တွေ့ရပါတယ်။ ထိုင်းနိုင်ငံက အစပိုင်း ကျွန်တော်တို့ ပထမလှိုင်း၊ ဒုတိယလှိုင်း ခံစားနေရချိန်မှာ ရောဂါကာကွယ်ထိန်းချုပ်မှုအားကောင်းတဲ့နိုင်ငံ ဖြစ်ပါတယ်။ သူ့မှာ ဒုတိယလှိုင်းနဲ့ တတိယလှိုင်း ဆက်တိုက်အနေနဲ့ ဧပြီလ ပထမပတ်လောက်မှ စတင်ပါတယ်။ ရောဂါပိုးတွေ့ရှိမှုက တစ်ရက်ကို ၂၅၀ ဝန်းကျင်လောက် စတွေ့ခဲ့ပြီး ဘယ်လောက်အထိ တက်လာသလဲဆိုရင် ဩဂုတ်လ ၁၃ ရက်မှာ တစ်ရက်တည်း ၂၃၄၁၈ ဦး တွေ့ရှိခဲ့ရတဲ့အတွက် အလွန်မြင့်တက်ခဲ့တဲ့အနေအထား ဖြစ်ပါတယ်။ ဩဂုတ်လ ၂၆ ရက် တစ်ရက်တည်းမှာ ၁၈၅၀၁ ဦး တွေ့ရှိနေတုန်းဆိုတော့ ထိုင်းနိုင်ငံကလည်း ဆက်လက်ပြီး ကြိုးစားထိန်းချုပ်နေရတဲ့အနေအထား ဖြစ်ပါတယ်။

အာဆီယံနိုင်ငံထဲမှာ နံပါတ် ၅ နိုင်ငံက ဗီယက်နမ်နိုင်ငံဖြစ်ပါတယ်။ ဩဂုတ်လ ၂၆ ရက်အထိ ဖြစ်ပွားသူပေါင်း ၄၁၀၃၆၆ ဦးရှိပြီး သေဆုံးသူ ၁၀၀၅၃ ဦး ရှိပါတယ်။ ဗီယက်နမ်နိုင်ငံအနေနဲ့ ယခင်က လှိုင်းတွေ ကြီးကြီးမားမား မကြုံခဲ့ရဘဲ ၂၀၂၁ ခုနှစ် မေလလယ်မှာ ပထမလှိုင်းအနေနဲ့ ပြင်းပြင်းထန်ထန် စတင်ကြုံတွေ့ရခြင်းဖြစ်ပါတယ်။ သူ့မှာစတဲ့အနေအထားက ၁၈၀ လောက်နဲ့ စတင်တွေ့ရှိခဲ့ပြီး ဩဂုတ်လ ၂၆ ရက်တွေ့ရှိမှုနဲ့ ပြန်ကြည့်ရင် တစ်ရက်တည်းကို ၁၆၀၈၃ ဦးဖြစ်တဲ့အတွက် ဗီယက်နမ်က အရှိန်အဟုန်နဲ့ တက်ကောင်းတုန်းဆိုတာတွေ့ရပါတယ်။ ဒါကလည်း ရှေ့ပိုင်းမှာ တကယ်ထိန်းချုပ်ထားနိုင်ခဲ့ပြီး နောက်ပိုင်းမှာ အရှိန်အဟုန်နဲ့ဖြစ်ပွားတာကို တွေ့ရပါတယ်။

အာဆီယံနိုင်ငံထဲမှာ ဖြစ်ပွားမှုအနေနဲ့ နံပါတ် ၆ က မြန်မာနိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံ အနေအထားက အမြင့်ဆုံးကို ကျော်လွန်လာခဲ့ပြီလို့ ယူဆလို့ ရပါတယ်။ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ကျဆင်းဖို့ လိုပါတယ်။ ဆက်လက်ကျဆင်းဖို့အတွက် အားလုံးက မလျှော့သော ဇွဲ၊ လုံ့လနဲ့ ဆက်လက်ပြီး ယခုလို ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဒါမှအာဆီယံနိုင်ငံတွေထဲမှာ ရောဂါဖြစ်ပွားမှု များပြားတဲ့အဆင့်ကို ပြန်လည်မမြင့်တက်ဘဲ တတိယလှိုင်းကို ဖြတ်ကျော်နိုင်မှာ ဖြစ်ပါတယ်။

နံပါတ် ၇ က ကမ္ဘောဒီးယားနိုင်ငံပါ။ ဩဂုတ်လ ၂၆ ရက်အထိ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ ဦးရေ ၉၁၃၆၉ ဦးရှိပြီး သေဆုံးသူ ၁၈၅၈ ဦးရှိပါတယ်။ သူကလည်း ဒုတိယလှိုင်းနဲ့ တတိယလှိုင်းက ဆက်ပြီးဖြစ်တဲ့သဘောဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကုန်လောက်မှာ ပြန်စပါတယ်။ ကနဦး တစ်ရက်ကို ဖြစ်ပွားသူ ၃၀ – ၄၀ လောက်တွေ့တယ်။ ဇွန်လအကုန်မှာ တစ်ရက်တည်း ဖြစ်ပွားသူ ၁၁၃၀ အထိ တက်လာပါတယ်။ ဩဂုတ်လ ၂၆ ရက်မှာ ၄၂၃ ဦးအထိ တစ်ရက်တည်း တွေ့ရတော့ နည်းနည်းတက်နေပြီး ဆက်လက်ထိန်းချုပ်နေရတဲ့ အနေအထား ဖြစ်ပါတယ်။

နံပါတ် ၈ နေရာမှာရှိနေတာက စင်ကာပူနိုင်ငံဖြစ်ပါတယ်။ စင်ကာပူအနေနဲ့ မနှစ်က အစပိုင်းမှာ အတော်ခံစားခဲ့ရတဲ့သဘောဖြစ်ပြီး နောက်ပိုင်းဒီနှစ်မှာ သက်သာတာကို တွေ့ရပါတယ်။ ဖြစ်ပွားမှုအားလုံးပေါင်းက ၆၇၀၅၀ ဖြစ်ပြီး သေဆုံးသူ ၅၂ ဦးသာ ရှိပါတယ်။ သူ့မှာ တွေ့ရှိမှုအနေအထားက ယခုနှစ်ထက် အရင်နှစ်ကတွေ့ရှိတာ ပိုများပါတယ်။ မြန်မာနိုင်ငံမှာ ပထမလှိုင်း စမဖြစ်ခင်စင်ကာပူက ၂၀၂၀ ပြည့်နှစ် မတ်လ ၆ ရက်မှာစတင်ခဲ့လို့ စစချင်း ဖြစ်ပွားတဲ့နိုင်ငံထဲမှာ ပါဝင်ပါတယ်။ အဲဒီနေ့မှာ ၁၃ ဦးတွေ့ရှိပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလရောက်တော့ ၁၄၀၀ ကျော် တွေ့ရှိပါတယ်။ ယခုနှစ် ဩဂုတ်လ ၂၆ ရက် တစ်ရက်တည်း ၁၁၆ ဦး တွေ့လာလို့ စင်ကာပူမှာ နည်းနည်း ပြန်တက်လာတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အားစိုက်ဆောင်ရွက်နေတာတွေ့ရပါတယ်။ ယခုနှစ် ဇူလိုင်လလယ်က စပြီး တစ်ရက်ကို ၅၀ / ၆၀ လောက် တွေ့ရှိလာပါတယ်။ ဩဂုတ်လ ၂၆ ရက်မှာ ၁၁၆ ဦးအထိ ပြန်တက်လာတဲ့အတွက် စင်ကာပူကလည်း လှိုင်းအကြီးကြီးတစ်ခု ဖြစ်မလာဖို့အရေး ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

နောက်ထပ် နံပါတ် ၉ နိုင်ငံက လာအိုနိုင်ငံပါ။ လာအိုနိုင်ငံက ဖြစ်ပွားသူဦးရေ ၁၄၁၀၄ ဦးရှိပြီး သေဆုံးသူ ၁၂ ဦးသာရှိပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်မှာ ၁၄ ဦး အများဆုံးစတင်တွေ့ရှိခဲ့ပြီး တဖြည်းဖြည်း တက်လာတယ်။ ၂၀၂၁ ခုနှစ် ဧပြီလကုန်မှာ ၁၀၀ ကျော် တွေ့ရတယ်။ မေလအကုန်နဲ့ ဇွန်လမှာ တစ်ရက်ကို ၁၀ လောက်ပဲ တွေ့ရတယ်။ ဒါပေမယ့် ယခုနှစ် ဩဂုတ်လမှာ ပြန်တက်လာတယ်။ ဩဂုတ်လ ၂၅ ရက် တစ်ရက်တည်း ၉၅၂ ဦးအထိ လာအိုမှာ တက်လာတာကို တွေ့ရတယ်။ ဩဂုတ်လ ၂၆ ရက် တစ်ရက်တည်း ၁၉၅ ဦးဆိုတော့ အရင်ထက်စာရင် လာအိုက ပြန်တက်နေတယ်ဆိုတာ ပြောလို့ရပါတယ်။ သတိထားပြီး လှိုင်းအကြီးကြီး တစ်ခုမဖြစ်အောင် ကာကွယ်ရမှာ ဖြစ်ပါတယ်။

နံပါတ် ၁၀ အနေနဲ့ အာဆီယံထဲမှာ ဖြစ်ပွားမှုအနည်းဆုံးနိုင်ငံကတော့ ဘရူနိုင်းနိုင်ငံဖြစ်ပါတယ်။ ဩဂုတ်လ ၂၆ ရက်အထိ ဖြစ်ပွားသူစုစုပေါင်း ၂၃၈၀ ရှိပြီး သေဆုံးသူက ခုနစ်ဦးရှိပါတယ်။ သူကလည်း ဩဂုတ်လ ၇ ရက်မှာ စပြီးနည်းနည်းတက်လာပါတယ်။ ဒါပေမယ့် ဩဂုတ်လ ၂၂ ရက်မှာ ဘရူနိုင်းမှာ တစ်ရက်တည်းကို ၃၁၄ ဦးအထိ တက်လာတဲ့အတွက် ယခင်တုန်းက တောက်လျှောက်မတွေ့ဘဲ ဒီဘက်နှစ် ၈ လပိုင်းရောက်မှ ***စာမျက်နှာ ၁၁ သို့***

# အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေး အသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပြည်သူ့ဆေးရုံနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေး စင်တာများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး အလုံး ၅၀၊ Oxygen Regulator ၅၀ နှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက အသီးသီး သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

နည်းနည်းတက်လာတဲ့သဘော ဖြစ်ပါတယ်။ ဩဂုတ်လ ၂၆ ရက် တစ်ရက်တည်း တွေ့တဲ့နှုန်းက ၁၀၆ဦးဆိုတော့ သူ့နိုင်ငံအနေနဲ့ များလာတဲ့သဘော ရှိပါတယ်။

အာဆီယံတစ်ခုလုံး အချုပ်က ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၆ ရက်အထိ ၉ ဒသမ ၇ သန်းကျော်ပြီး သေဆုံးသူပေါင်းက ၂၁၀၀၀၀ ကျော်ပြီဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ တော်တော်များများက တက်နေတဲ့အနေအထားရှိပါတယ်။ အမြင့်ဆုံးတက်တဲ့အနေအထားကိုရင်ဆိုင်ပြီး ပြန်လည်ကျဆင်းလာတဲ့နိုင်ငံထဲမှာ မြန်မာနိုင်ငံက ပါဝင်နေပြီဆိုတော့ အာဆီယံထဲမှာ ရလဒ်ကောင်းတွေ ရရှိနေတဲ့ သဘောဖြစ်ပါတယ်။ ဒါပေမယ့် ပေါ့လို့မရသေးပါဘူး။ ကာကွယ်ဆေးထိုးနှံမှုခံယူရေး အပါအဝင် ရောဂါကာကွယ်ရေး နည်းလမ်းတွေကို ဆက်လက်လိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။ ဒါဆိုရင် တတိယလှိုင်းကာလလည်း မြန်မြန်ပြီးသွားမယ်။ ကိုဗစ် – ၁၉ ရဲ့သဘောက အရှင်းပျောက်ဖို့ မလွယ်ဘူးဆိုတော့ စတုတ္ထလှိုင်းဆိုပြီး လာရင်တောင်မှ လှိုင်းအကြီးမဖြစ်ဘဲ လှိုင်းအသေးပဲဖြစ်သွားပါမယ်။ ကာကွယ်လွှမ်းခြုံမှုတွေ အားကောင်းမယ်၊ တစ်ဖက်က ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာမှုတွေ အားကောင်းမယ်ဆိုရင် စတုတ္ထလှိုင်းကလည်း လှိုင်းကြီးလေထန် ဖြစ်မှာမဟုတ်ပါဘူး။

ကျွန်တော်တို့နိုင်ငံရဲ့ ဒေသတွင်း မြေပြင်အခြေအနေအရ လက်ရှိရောဂါဖြစ်ပွားမှု တက်နေတဲ့နေရာတွေအကြောင်းကို ဒီနေရာကနေ ဆွေးနွေးတင်ပြလိုပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြီးခဲ့တဲ့ ၁၄ ရက်အတွင်း ရောဂါဖြစ်ပွားမှုကို ဩဂုတ်လ ၁၂ ရက်မှ ၂၅ ရက်အထိ ပြုစုထားတဲ့ ကိန်းဂဏန်းတွေအရ ဖြစ်ပါတယ်။ များနေတဲ့နေရာတွေမှာ ပထမရှမ်းပြည်နယ်က ၇၁၀၄ ဦး၊ ဒုတိယ ပဲခူးတိုင်းဒေသကြီးက ၅၁၇၂ ဦး၊ တတိယ မကွေးတိုင်းဒေသကြီးက ၃၉၈၁ ဦး၊ စတုတ္ထ မန္တလေးတိုင်းဒေသကြီးက ၃၈၆၅ ဦး၊ ပဉ္စမ တနင်္သာရီတိုင်းဒေသကြီးက ၃၀၆၆ ဦးနဲ့ နံပါတ် ၆ မှာ ဧရာဝတီတိုင်းဒေသကြီးက ၂၈၉၇ ဦး၊ နံပါတ် ၇ မှာ နေပြည်တော်က ၂၈၆၈ ဦး၊ နံပါတ် ၈ မှာ ရန်ကုန်တိုင်းဒေသကြီးက ၂၃၃၈ ဦး၊ နံပါတ် ၉ မှာ ကချင်ပြည်နယ်က ၂၁၇၄ ဦး၊ နံပါတ် ၁၀ မှာ စစ်ကိုင်းတိုင်းဒေသကြီးက ၂၁၅၉ ဦး၊ နံပါတ် ၁၁ မှာ မွန်ပြည်နယ်က ၁၈၄၀၊ နံပါတ် ၁၂ မှာ ကယားပြည်နယ်က ၆၅၉ ဦး၊ နံပါတ် ၁၃ မှာ ကရင်ပြည်နယ်က ၆၂၃ ဦး၊ နံပါတ် ၁၄ မှာ ရခိုင်ပြည်နယ်က ၅၂၀ နဲ့ နံပါတ် ၁၅ မှာ ချင်းပြည်နယ်က ၃၁၃ ဦး ဖြစ်ပါတယ်။

သေဆုံးမှုအနေနဲ့ ပြီးခဲ့တဲ့ နှစ်ပတ်အတွင်း မန္တလေးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ များတာတွေ့ရပါတယ်။ ဩဂုတ်လ ၁၂ ရက်မှ ၂၅ ရက်အထိ မန္တလေးတိုင်းဒေသကြီးအနေနဲ့ သေဆုံးမှု ၃၆၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ သေဆုံးမှု ၃၀၄ ဦး တွေ့ရပါတယ်။ တစ်နိုင်ငံလုံးမှာ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၂၅ ရက်အထိ နှစ်ပတ်အတွင်း သေဆုံးမှုက ၂၂၈၅ ဦး တွေ့ရှိရပြီး များပြားတဲ့ဒေသတွေကို အစဉ်လိုက်ပြောပြရရင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်ဖြစ်ပါတယ်။ ဒါကြောင့် သေဆုံးမှုများပြားရာ ဒေသတွေမှာ အိမ်မှာတင် ဆေးမြီးတိုနဲ့ ကုသမှုမပြုဘဲ ကုသရေးစင်တာတွေကို စောစောရောက်လာဖို့၊ လူထုအတွင်းမှာ တိမ်မြုပ်နေတဲ့ ရောဂါဖြစ်ပွားမှုတွေ ရှိနေရင်လည်း စစ်ဆေးဖော်ထုတ်ကုသပြီး ရောဂါကွင်းဆက် ဖြတ်တောက်တဲ့လုပ်ငန်းတွေကို ကြိုးပမ်းဆောင်ရွက်ဖို့ လိုပါတယ်။

တစ်နိုင်ငံလုံးအနေနဲ့ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၂၅ ရက်အထိ နှစ်ပတ်အတွင်း မြို့နယ်အလိုက် အဖြစ်အများဆုံး ၁၀ မြို့နယ်ကို တင်ပြရရင် နံပါတ် ၁ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ နံပါတ် ၂ မန္တလေးတိုင်းဒေသကြီး ရမည်းသင်း၊ နံပါတ် ၃ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်း၊ နံပါတ် ၄ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ နံပါတ် ၅ မကွေးတိုင်းဒေသကြီး အောင်လံ၊ နံပါတ် ၆ နေပြည်တော် ဇမ္ဗူသီရိ၊ နံပါတ် ၇ နေပြည်တော် လယ်ဝေး၊ နံပါတ် ၈ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်၊ နံပါတ် ၉ နေပြည်တော် တပ်ကုန်းနဲ့ နံပါတ် ၁၀ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်တို့ ဖြစ်ပါတယ်။ နေပြည်တော်မှာ အတော်များနေတာကို တွေ့ရတဲ့အတွက် ဆက်လက်ကြိုးစားပြီး ထိန်းချုပ်ရမယ့်ကာလ ဖြစ်ပါတယ်။

ဒါက နိုင်ငံတကာနဲ့ အာဆီယံဒေသတွင်း လက်ရှိအနေအထားနဲ့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဆက်လက်ပြီး ရောဂါဖြစ်ပွားမှု လျော့ကျသွားအောင် ဆောင်ရွက်ရမယ့် အကြောင်းအရာတွေကို တင်ပြခြင်း ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနဲ့ သက်ဆိုင်ရာဌာနခွဲတွေက ရောဂါစောင့်ကြပ် ကြည့်ရှုခြင်း၊ အချက်အလက်တွေ ထုတ်ပြန်ကြေညာပေးခြင်း၊ ရောဂါဖြစ်ပွားတဲ့နေရာတွေကို အချိန်နဲ့တစ်ပြေးညီ ကုသ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းတွေကို သက်ဆိုင်ရာဒေသက တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူများကလည်း ရောဂါလက္ခဏာ ခံစားရရင်၊ ရောဂါရှိသူနဲ့ ထိတွေ့မိရင် သက်ဆိုင်ရာကျန်းမာရေးဌာနနဲ့ ဆက်သွယ်စစ်ဆေးပြီး အခြားသူတွေနဲ့ ဆက်လက် ထိတွေ့မှုမရှိအောင် သီးသန့်ခွဲခြားနေထိုင်ဖို့ လိုပါတယ်။

ပြည်သူလူထုအတွင်းမှာ တိမ်မြုပ်နေတဲ့ ရောဂါဝေဒနာရှိတဲ့သူကို ဖော်ထုတ်မယ်။ ဆက်စပ်တဲ့လူတွေကို ရောဂါပိုးစစ်ဆေးပေးခြင်း၊ ခွဲထုတ်ခြင်း၊ ကုသခြင်း ထိထိရောက်ရောက်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်မယ်ဆိုရင် ကျွန်တော်တို့မှာ လက်ကျန်ကိန်းဂဏန်းတွေက တဖြည်းဖြည်းနဲ့ ကွင်းဆက်တွေပြတ်တောက်ပြီး တတိယလှိုင်းက အမြန်ပြီးဆုံးသွားမှာဖြစ်ပါတယ်။ ဒီတော့အားလုံးက ပူးပေါင်းဆောင်ရွက်ပေးဖို့ ဒီနေရာကနေ ထပ်မံတင်ပြလိုပါတယ်။

**အစီအစဉ်မှူး။** ။ ဆရာ့အနေနဲ့ဖြည့်စွက် ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ နိုင်ငံတော် အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ပံ့ပိုးပေးမှုတွေ၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နှီးနွှယ်ဝန်ကြီးဌာနတွေ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရတွေနဲ့ တာဝန်ရှိသူတွေ၊ စေတနာရှင်တွေ၊ အလှူရှင်တွေ၊ အသင်းအဖွဲ့တွေ၊ ပြည်သူတွေ အားလုံးပူးပေါင်းဆောင်ရွက်မှု အားကောင်းလို့သာ ဒီလို သုံးလတာကာလအတွင်းမှာ အလွန်ကူးစက်မြန်ပြင်းထန်ပြီး ကမ္ဘာတစ်ဝန်းလုံးကို ဒုက္ခပေးနေတဲ့ 'ဒယ်လ်တာ' အပါအဝင် မျိုးဗီဇပြောင်း ဗိုင်းရပ်စ်တွေရဲ့ ကူးစက်မှုတွေကနေ ဦးချိုးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ရောဂါဖြစ်ပွားမှု ဆက်လက်ပြီး ကျဆင်းဖို့နဲ့ နောက်ထပ်လှိုင်းတွေ ဖြစ်မလာဖို့က ပြည်သူတွေအားလုံး ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြဖို့၊ ကာကွယ်ဆေးထိုးနှံမှုတွေကို စနစ်တကျအကြိမ်ပြည့်ခံယူကြဖို့၊ ကာကွယ်ဆေးထိုးပြီးသူဖြစ်စေ၊ မထိုးရသေးသူဖြစ်စေ ကာကွယ်ရေးနည်းလမ်းတွေဖြစ်တဲ့ Mask တပ်ခြင်း၊ လက်ဆေးခြင်း၊ ခပ်ခွာခွာနေခြင်း၊ လေဝင်လေထွက်ကောင်းတဲ့နေရာမှာ နေထိုင်ခြင်း၊ အသက်အရွယ်ကြီးရင့်သူနဲ့ ရောဂါအခံရှိသူတွေ အိမ်မှာနေရင် Mask တပ်ထားခြင်း စတဲ့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အကြံပြုချက်တွေအတိုင်း အားလုံးအတူတကွ ဆောင်ရွက်ပြီး ရောဂါလှိုင်းတွေ ထပ်ကာဖြစ်ပွားလာမှု မရှိအောင် ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ ဒီနေရာကနေ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ပြည်သူအားလုံးလည်း ကိုဗစ်-၁၉ ရောဂါနဲ့ နောက်ဆက်တွဲဖြစ်ပွားနိုင်တဲ့ ရောဂါတွေအန္တရာယ်ကနေ ကင်းဝေးကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

## ၁-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၁၁၄၀၉၉ | ၃၁၀၂၀၆၁၂ | ၆၅၇၉၁၀ |
| ၂။ | အိန္ဒိယ | ၃၂၈၁၀၈၉၂ | ၃၁၉၉၃၆၄၄ | ၄၃၉၀၅၄ |
| ၃။ | ဘရာဇီး | ၂၀၇၇၇၈၆၇ | ၁၉၇၃၅၄၄၇ | ၅၈၀၅၂၅ |
| ၄။ | ရုရှား | ၆၉၃၇၃၃၃ | ၆၁၉၉၃၇၉ | ၁၈၄၀၁၄ |
| ၅။ | ဗြိတိန် | ၆၇၈၉၅၈၁ | ၅၄၆၆၃၁၆ | ၁၃၂၅၃၅ |
| ၆။ | ပြင်သစ် | ၆၇၆၅၇၀၈ | ၆၂၅၅၉၈၅ | ၁၁၄၄၄၄ |
| ၇။ | တူရကီ | ၆၃၈၈၃၃၁ | ၅၈၃၇၂၁၇ | ၅၆၇၁၀ |
| ၈။ | အာဂျင်တီးနား | ၅၁၈၅၆၂၀ | ၄၈၇၄၁၄၁ | ၁၁၁၈၁၂ |
| ၉။ | အီရန် | ၅၀၂၅၂၃၃ | ၄၂၃၇၃၁၅ | ၁၀၈၃၉၃ |
| ၁၀။ | ကိုလံဘီယာ | ၄၉၀၉၀၈၆ | ၄၇၃၈၈၈၅ | ၁၂၄၉၄၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁-၉-၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၀၀၁၃၈ | ၃၇၇၆၈၉၁ | ၁၃၃၆၇၆ |
| ဖိလစ်ပိုင် | ၂၀၀၃၉၅၅ | ၁၈၂၉၄၇၃ | ၃၃၅၃၃ |
| မလေးရှား | ၁၇၆၅၀၁၆ | ၁၄၈၂၈၀၀ | ၁၆၉၄၂ |
| ထိုင်း | ၁၂၁၉၅၃၁ | ၁၀၄၀၇၆၈ | ၁၁၈၄၁ |
| ဗီယက်နမ် | ၄၇၃၅၃၀ | ၂၄၈၇၂၂ | ၁၁၈၆၈ |
| မြန်မာ | ၄၀၂၆၄၀ | ၃၅၃၈၁၁ | ၁၅၄၉၀ |
| ကမ္ဘောဒီးယား | ၉၃၅၁၀ | ၈၉၁၁၄ | ၁၉၁၆ |
| စင်ကာပူ | ၆၇၈၀၀ | ၆၆၁၇၄ | ၅၅ |
| လာအို | ၁၅၂၈၉ | ၅၄၁၈ | ၁၄ |
| ဘရူနိုင်း | ၂၈၅၈ | ၁၀၅၃ | ၁၁ |

# International Army Games-2021 ပြိုင်ပွဲ၏ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division-2) ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ဗိုလ်လုပွဲသို့ ထိုက်တန်စွာ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁

**မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဩဂုတ် ၂၂ ရက်မှစတင်၍ ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games-2021 ပြိုင်ပွဲတွင် ပါဝင်သော တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division-2)၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စုပွဲစဉ်များကို အဆင့်ဆင့် ဖြတ်ကျော်ကာ အုပ်စု ဒုတိယနေရာမှရပ်တည်နိုင်ခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ ထိုက်တန်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရှိရသည်။**

### အကြိုဗိုလ်လုပွဲသို့တက်ရောက်

မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် အုပ်စုပွဲစဉ်များအဖြစ် တစ်စီးချင်း မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (individual Race) တွင် မာလီ၊ ကာဂျစ်စတန်နှင့် လာအိုနိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များနှင့်အတူ ယှဉ်ပြိုင်ခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် တိုက်ယာဉ်အဖွဲ့(၁) သည် ပြိုင်ပွဲဝင်စံချိန် ၂၈ မိနစ် ၅၇ စက္ကန့်ဖြင့် ပထမနေရာ၌လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် တိုက်ယာဉ်အဖွဲ့(၂) သည် ပြိုင်ပွဲဝင်စံချိန် ၂၆မိနစ်၄၇စက္ကန့်ဖြင့်ဒုတိယနေရာ၌လည်းကောင်း၊ ဩဂုတ် ၂၇ ရက်တွင် တိုက်ယာဉ်အဖွဲ့(၃)သည် ပြိုင်ပွဲဝင်စံချိန် ၃၀ မိနစ် ၄၅ စက္ကန့်ဖြင့် ဒုတိယနေရာ၌ လည်းကောင်း စံချိန်များ အသီးသီးရရှိခဲ့ပြီး ယင်းပြိုင်ပွဲတွင် တိုက်ယာဉ်အဖွဲ့ ၃ ဖွဲ့ပေါင်း စံချိန် ၈၆ မိနစ် ၂၉ စက္ကန့်ဖြင့် အုပ်စု(၂) အသင်း ၈ သင်းတွင် ဒုတိယရရှိခဲ့သဖြင့် ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ လာအို၊ တောင်အော့ဆက်တီးယား နိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များနှင့်အတူ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

### ဗိုလ်လုပွဲအဆင့်သို့ထိုက်တန်စွာတက်ရောက်

အကြိုဗိုလ်လုပွဲအဖြစ် လက်ဆင့်ကမ်းမောင်းနှင် ပစ်ခတ်ခြင်းပြိုင်ပွဲ(Relay Race) သည် မိုင်ကုန်မောင်းနှင်၍ စံချိန်ယူခြင်း၊ ၁၂၅ မမ အမြောက်အား ယာဉ်မောင်းလျက် ကျည်သုံးတောင့် ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မမ လေယာဉ်ပစ်စက်သေနတ်ကျည်အတောင့် ၂၀ အား ရပ်လျက်ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မမ ယှဉ်တွဲစက်သေနတ်ကျည်အတောင့်၃၀ အား ရပ်လျက်ပစ်ခတ်ခြင်းတို့ကို ယှဉ်ပြိုင်ရမည့် ပတ်လမ်းပုံစံလေးခုအနက်မှ မဲနှိုက်၍ ကျရာပတ်လမ်းတွင် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အဆိုပါ အကြိုဗိုလ်လုပွဲ ပွဲစဉ် (၂)ကို ယနေ့တွင် ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ဝင်များသည် တင့်၏ လက်နက်စနစ်ချို့ယွင်းမှု၊ မိုးရွာသွန်း၍ ရာသီဥတုအခြေအနေအရ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ရမှုများကို မဆုတ်မနစ်သော ဇွဲလုံ့လများဖြင့် ရင်ဆိုင်ဖြတ်ကျော်လျက် ပြိုင်ပွဲဝင်စံချိန် ၂ နာရီ ၂၈ မိနစ် ၂၀ စက္ကန့်ဖြင့် (Division-2) ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ် (၂) တွင် ပထမနေရာမှ ပန်းဝင်နိုင်ခဲ့ခြင်းဖြစ်ပြီး ပစ်မှတ်ထိမှန်မှု အကောင်းဆုံးအသင်းလည်းဖြစ်ခဲ့ကာ (Division-2)၏ အုပ်စုဒုတိယနေရာမှရပ်တည်နိုင်ခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ ထိုက်တန်စွာ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။








### စက်တင်ဘာ ၃ ရက် ဆက်လက်ယှဉ်ပြိုင်မည်

တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division-2) ဗိုလ်လုပွဲ ပွဲစဉ်ကို မြန်မာ၊ ကာဂျစ်စတန်၊ တောင်အော့ဆက်တီးယား၊ တာဂျစ်ကစ္စတန်နိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

### ချစ်ကြည်ရင်းနှီးမှုများရရှိအောင်စွမ်းဆောင်

မြန်မာတပ်မတော် တင့်တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲ၏ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon ကို ယခုအကြိမ်အပါအဝင် လေးကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုအတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့် စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၄၂ ဦးနှင့် အမျိုးသမီး ၉၀ စုစုပေါင်း ၂၃၂ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ခေတ်ခွဲ အတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၅၁ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၂၁ ဦးနှင့် အမျိုးသမီး ၉ ဦး စုစုပေါင်း ၃၀ ကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၃၂ ခုမှ Amero (Meropenem Trihydrate Power For Injection) ၅၀၀၀၊ Anti-Hcu Test ၁၃၈၀ ၊ Dexamethasone ၃၀၀၀၊ Dietary Supplement Multivitamin ၂၈၁၉ ခု၊ Decasone Tablets ၄၀၀၀၊ Enoxaprain Sodium Injection ၁၆၇၅၁၀၊ Eurofine Injection ၂၀၀၀၊ Europenem Injection ၁၅၀၀၊ G O vit C Tablets ၂၁၁၉ ခု၊ Kffosul Powder For Injection ၁၉၇၀၀၊ Lcmivcdine Idovudine ၂၀၅၀၂၀၊ Lipidan Tablet ၅၀၀၀၊ Amoxicillin ၃၈၄၇၂၅ ခု၊ Cloxacillin ၃၈၄၇၂၅ ခု၊ Sterlised Water For Injection ၃၃၀၆ ခု၊ Artem ၉၈ ခု၊ Merofen Power For Injection ၆၉၃၄ ခု၊ Meronish Injection ၅၀၄၀၊ Moxitam Capsule ၉၉၀၀ ၊ Necpime Power For Injection Cefepime ၁၄၄၀၀၊ Omey Capsule ၂၀၄၆၂ ခု၊ Para-Denk 500Tablet ၁၉၉၆၈၀ ၊ Parinox Injection ၃၀၀၀၊ Prazotum Power For Injection ၇၉၄၀၀၊ Indclav Tablets ၂၉၄၀၊ Princi-B Fort Tablet ၂၉၀၀၊ Lamicef Power For Injection ၅၇၆ ခု၊ Rebreather Mask ၅၀၀၊ Oxygen Concentractor ၁၄ ခု၊ Oxygen Mask ၅၀၀၊ Reagents လေးခု၊ Reminy Capsule ၂၀၀၊ Spirometer ၅၀၀၊ Oxygen Concentractor Spare Parts ၅၂၅ ခု၊ Stugeron Tablets ၇၉၄ ခု၊ Test Kit ၁၂၀၀၊ Xelpine-1000 Power For Injection ၃၀၅၀၀၊ Zithrosun 500 Tablet ၃၈၇၇၃ ခု။

ရန်ကုန်ဆိပ်ကမ်းများမှ ဆေးမျိုးစုံ ၂၆ မျိုး ၃၄၇၅၇၇၁ ဒသမ ၄၁၃ Kg ၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ လွယ်ဂျယ်) တွင် ကုမ္ပဏီ ၂၄ ခုတို့မှ Oxygen Cylinder ၃၆၆၄ ခု၊ Oxygen Concentrator သုံးခု၊ Mask ၁၂၃၇၀ Kg၊ Liquid Oxygen ၁၅၆၄၆ ဒသမ ၈ $m^3$၊ Flow Meter ၃၆၅၆ ခု၊ PPE ၅၇၉၂ ခု၊ Oxygen Plant သုံးခု၊ Oxygen Mask ၁၀၂၀၀၊ Face Shield ၇၀၀ Kg ၊ Storage Container တစ်ခု၊Oximeter ၂၀၀၊ Patient Bed ၅၀ ၊ Trolley ၂၅၀၊ Thermometer ၁၀၀၀၊ Sodium Chloride Injection ၁၄၂၈၇၅ Kg ၊ Shoe Cover ၉၀ Kg၊ Spirometer ၁၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူ တစ်သန်းခွဲကျော်လွန်ရောက်ရှိ

**တိုကျို စက်တင်ဘာ ၁**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သူ အရေအတွက်သည် စက်တင်ဘာ ၁ ရက်က ၁ ဒသမ ၅ သန်း ကျော်လွန်လာပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၆ ရက်က နိုင်ငံအတွင်း ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု စတင်ခဲ့သည်။ ကာနာဂါဝခရိုင်မှ တရုတ်နိုင်ငံ ဝူဟန်သို့ ခရီးသွားခဲ့သော အသက် ၃၀ ဝန်းကျင် အမျိုးသားတစ်ဦး အဆုတ်အအေးမိရောဂါ လက္ခဏာများ တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

လှိုင်းနှစ်လှိုင်း ကူးစက်ပြီးနောက် အောက်တိုဘာ ၃၀ ရက်က ကိုဗစ်-၁၉ ကူးစက်သူ အရေအတွက် ၁၀၀၀၀၀ အထိ ရောက်ရှိလာခဲ့သည်။

တတိယလှိုင်းသည် နှစ်ကုန်ခါနီးနှင့် နှစ်သစ်အားလပ်ရက်များကို ရိုက်ခတ်ခဲ့သည်။ အထူးသဖြင့် တိုကျိုတစ်ဝိုက်တွင်ဖြစ်သည်။

ဖြိုတိန်တွင် ပထမဆုံးတွေ့ရှိခဲ့သည် အယ်လ်ဖာ သန္ဓေပြောင်း ကိုဗစ်-၁၉ သည် မတ်လတွင် ကူးစက်ဖြစ်ပွားခဲ့ပြီး ကာဆိုင်းဒေသကို ဗဟိုပြုကာ စတုတ္ထလှိုင်း အသွင်ကူးစက်ဖြစ်ပွားခဲ့သည်။ အဆိုပါ ဗိုင်းရပ်စ်ကြောင့် ဧပြီ ၉ ရက်တွင် လူပေါင်း ၅၀၀၀၀၀ အထိ ကူးစက်ခဲ့သည်။ ကူးစက်မြန် ပြင်းထန် ဒယ်လ်တာ အသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်မှုစတင်ခဲ့ရာ ပဉ္စမလှိုင်းကြောင့် ဩဂုတ် ၆ ရက်က ကူးစက်သူပေါင်း တစ်သန်း ကျော်လွန်လာခဲ့သည်။ ထို့နောက် စက်တင်ဘာ ၁ ရက် တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁ ဒသမ ၅ သန်းကျော်လွန်ခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၅၀၀၀၀၀ ကျော်လွန်ရန် ၁၅ လ ကြာမြင့်ခဲ့သည်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်သူ တစ်သန်း ရောက်ရှိရန် လေးလသာ ကြာမြင့်ခဲ့သည်။ အဆိုးဆုံးမှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁ ဒသမ ၅ သန်းအထိ ရောက်ရှိရန် ၂၆ ရက်သာ ကြာမြင့်ခဲ့သည်။

နိုင်ငံတစ်ဝန်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၂၀၀၀၀ နီးပါးရောက်ရှိလာခဲ့ပြီး အပြင်းအထန် ဖျားနာသူပေါင်းမှာလည်း စံချိန်တင်မြင့်တက်လျက်ရှိသည်။ ထို့အတူ နေအိမ်တွင်း သီးသန့်ကန့်သတ်စောင့်ကြည့်သူ အရေအတွက်လည်းမြင့်တက်လာခဲ့ပြီး ဩဂုတ် ၂၅ ရက်က ၁၁၈၀၀၀ အထိ ရောက်ရှိလာခဲ့သည်။

တိုကျို အနီးဝန်းကျင်တစ်ဝိုက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များမှာလည်း ဝန်ပိလျက်ရှိကြောင်း သိရပြီး



တိုကျိုရှိ ရှီဘူရာရပ်ကွက်တွင် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် လက်မှတ်များ တန်းစီရယူနေသည်ကို တွေ့ရစဉ်။

နောက်ထပ်လူများ ထပ်မံသေဆုံးလျက်ရှိသည်။

ဂျွန်ဟော့ကင်း တက္ကသိုလ်က ထုတ်ပြန်ဖော်ပြချက်အရ စက်တင် ဘာ ၁ ရက်အထိ ကိုဗစ်-၁၉ ကူးစက်သူပေါင်းမှာ အမေရိကန် ပြည်ထောင်စုတွင် ၃၉ ဒသမ ၂ သန်း၊ အိန္ဒိယနိုင်ငံတွင် ၃၂ ဒသမ ၇၇ သန်း၊ ဘရာဇီးနိုင်ငံတွင် ၂၀ ဒသမ ၇၈ သန်း၊ ပြင်သစ်တွင် ၆ ဒသမ ၈၃ သန်း၊ ဗြိတိန်နှင့် ရုရှားတွင် ၆ ဒသမ ၈၂ သန်းစီ အသီးသီးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူ နှစ်ရက်ဆက်တိုက် ၁၅၀၀၀ အောက်လျော့နည်းကျဆင်းလာ

**ဘန်ကောက် စက်တင်ဘာ ၁**

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁ ရက်က ကိုဗစ်-၁၉ ကူးစက်သူ အသစ် ၁၄၈၀၂ ဦးတိုးလာပြီး ၂၅၂ ဦးထပ်မံသေဆုံးခဲ့ကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးဌာန (စီစီအက်စ်အေ) က ဖော်ပြသည်။ ကိုဗစ်-၁၉ ထပ်မံကူးစက်သူအရေအတွက် ၁၅၀၀၀ အောက်ကျဆင်းခဲ့သည်မှာ နှစ်ရက်ဆက်တိုက်ရှိလာပြီဖြစ်သည်။

ထပ်မံကူးစက်သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၃၇၃၂ ဦးမှာ ဘန်ကောက်မှဖြစ်ကာ ၁၂၄၈ ဦးမှာ ပရာကန်မှဖြစ်သည်။ ဇူလိုင် ၂၇ ရက်မှစကာ ကိုဗစ်-၁၉ ကူးစက်မှုအသစ် အနည်းဆုံးဖြစ်သည်။ နိုင်ငံ၏ဒေသအတော်များများတွင် လချီကြာသည့်ကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ခြင်း၏ ရလဒ်ကြောင့် ယခုလိုအကျိုးရလဒ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော နှစ်အစောပိုင်း ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်ကတည်းမှစကာ ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၂၀၄၇၂၉ ဦးရှိပြီးသေဆုံးသူပေါင်းမှာလည်း ၁၁၅၈၉ ဦးအထိ ရောက်ရှိလာခဲ့သည်။

ဧပြီအစောပိုင်းကတည်းက နောက်ဆုံးကိုဗစ်-၁၉ လှိုင်းဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီ ၂၈ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၃၂ ဒသမ ၆ သန်းရှိလာပြီဖြစ်သည်။ လူဦးရေသန်း ၇၀ နီးပါးရှိသည့်အနက် ၁၂ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝ ထိုးပြီးဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် နိုင်ငံ့လူဦးရေ၏ သန်း ၇၀ ခန့်ကို ယခုနှစ်ကုန်တွင် ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။ ထိုင်းနိုင်ငံတွင် ရောဂါလက္ခဏာမပြင်းထန်သော ကိုဗစ်-၁၉ လူနာများ ဆေးရုံမှ ဆင်းသွားပြီဖြစ်ရာ ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်နှုန်းသည် ဆက်လက်ကျဆင်းလာဖွယ်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၁၈၉၉၆ ဦး ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ လွန်ခဲ့သောနှစ်အစောပိုင်းမှ ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၂၁၉၅၃၁ ဦးနှင့် သေဆုံးသူ ၁၁၈၄၁ ဦးရှိလာပြီဖြစ်သည်။ ထိုင်းနိုင်ငံသည် စက်တင်ဘာ ၁ ရက်မှစတင်ကာ အလုံပိတ်ကန့်သတ်မှုများနှင့် ညမထွက်ရအမိန့်ထုတ်ပြန် ပြဋ္ဌာန်းချက်များကို စတင်ဖယ်ရှားပေးတော့မည်ဖြစ်သည်။

**ဆင်ဟွာ**

# ကျန်ရှိနေသော နိုင်ငံသားများကို အာဖဂန်မြေမှ ဘေးကင်းစွာ ရွှေ့ပြောင်းမှုများ လုပ်ဆောင်နိုင်ရန် တာဝန်ရှိသူများ တာလီဘန်များနှင့်ဆွေးနွေး

**ကဘူးလ် စက်တင်ဘာ ၁**

ကာတာနိုင်ငံအနေဖြင့် ကျန်ရှိနေသော ၎င်းတို့၏ နိုင်ငံသားများကို အာဖဂန်နစ္စတန်မြေမှ ဘေးကင်းစွာ ရွှေ့ပြောင်းမှုများ လုပ်ဆောင်နိုင်ရန် တာလီဘန်များနှင့် ဆွေးနွေးမှုများ လုပ်ဆောင်နေသည်။

နိုင်ငံခြားသားများနည်းတူ နိုင်ငံအတွင်း သောင်တင်နေသူများမှာ ဖြုတ်ချခြင်းခံရသော အစိုးရအတွက် အလုပ်လုပ်ပေးပြီးနောက် သို့မဟုတ် နိုင်ငံတကာလုပ်ငန်းများ လုပ်ကိုင်ပြီးနောက် ထွက်လမ်းရှာနေသော အာဖဂန်လူမျိုးများဖြစ်သည်။

ကာတာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးသည် ဩဂုတ် ၃၁ ရက်က ဒိုဟာတွင် တာလီဘန် ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ အဆိုပါ အစည်းအဝေးကို တာလီဘန်တို့၏ တောင်းဆိုမှုဖြင့် စတင်လိုက်သည်။ ၎င်းတို့သည် အာဖဂန်နစ္စတန်နိုင်ငံတွင် သောင်တင်နေသော အိန္ဒိယနိုင်ငံသားများ စောစီးစွာ နေရပ်ပြန်ရေးနှင့် ဘေးကင်းလုံခြုံရေး၊ အိန္ဒိယနိုင်ငံသို့လာရောက်လိုသည့်အာဖဂန်နိုင်ငံသားများ ခရီးသွားလာနိုင်ရေးတို့ကို အဓိကဆွေးနွေးခဲ့သည်။

ဗြိတိန်အစိုးရကလည်း ဩဂုတ် ၃၁ ရက်က ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ကို တာလီဘန်တို့နှင့်တွေ့ဆုံရန် ကာတာသို့စေလွှတ်ခဲ့သည်။



ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက် ဘင်အဗ္ဗဒူရာမန်အယ်လ်သာနီ (ယာ) ကာတာနိုင်ငံ ဒိုဟာရှိ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားနေစဉ်။

တာလီဘန်တပ်ဖွဲ့သည် အမေရိကန်တို့ ဆုတ်ခွာသွားပြီးကတည်းက ကဘူးလ်လေဆိပ်ကို အပြည့်အဝ ထိန်းချုပ်လိုက်ပြီဖြစ်သည်။

တာလီဘန်နှင့် ချစ်ကြည်ရေးတည်ဆောက်ထားသော ကာတာနိုင်ငံခြားရေးဝန်ကြီးက ကာတာသည် ကဘူးလ်လေဆိပ်လုပ်ငန်း ဆောင်ရွက်ချက်များကို ထောက်ပံ့ကူညီရန် တာလီဘန်တို့နှင့် ဆက်လက် ဆွေးနွေးမည်ဖြစ်ကြောင်း ပြောသည်။

လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန် တာလီဘန်တို့ ကြိုတင်ကတိပေးထားသည့်အတိုင်း လေဆိပ်ပြန်ဖွင့်ရေးသည် အာဖဂန်နစ္စတန်နိုင်ငံအတွက် အရေးကြီးဆုံးကိစ္စရပ်ဖြစ်ကြောင်း ကာတာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက် ဘင်အဗ္ဗဒူရာမန် အယ်လ်သာနီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်၌ ကိုဗစ်-၁၉ ကူးစက်သူ ၄၇၃၅၃၀ အထိရောက်ရှိလာ

**ဟန္တိုင်း စက်တင်ဘာ ၁**

ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၁၄၃၄ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ၎င်းတို့ထဲတွင် ၁၁၄၂၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကာ ငါးဦးမှာ ပြည်ပကူးစက်မှု ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ထပ်မံအတည်ပြုခဲ့သော ကိုဗစ်-၁၉ ကူးစက်မှုသစ်များကြောင့် နိုင်ငံအတွင်းကိုဗစ်-၁၉ အတည်ပြုကူးစက်သူပေါင်းမှာ ယခုအခါ ၄၇၃၅၃၀ အထိ ရောက်ရှိလာခဲ့ပြီး ၁၁၈၆၈ ဦး ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

ကိုဗစ်- ၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများ မှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက် နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၅၃၆၈ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၃၄၄၀ နှင့် ဒွန်နိုင်ပြည်နယ်မှ ၇၅၉ ဦးတို့ ဖြစ်ကြသည်။ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၂၄၈၇၂၂ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း သန်း ၂၀ ကျော်လွန်လာပြီဖြစ်သည်။

**ဆင်ဟွာ**

# ပလတ်စတစ်အမှိုက်များကြောင့် ခြိမ်းခြောက်မှုအန္တရာယ်ရင်ဆိုင်ကြုံတွေ့နေရသော ရွှေ့ပြောင်းမျိုးစိတ်များ

ကေကေစိုး

စွန့်ပစ်ထားသည့် ငါးဖမ်းပိုက်များကြောင့် လင်းပိုင်များ အသက်အန္တရာယ်နှင့်ကြုံတွေ့ရပြီး ဆင်များမှာလည်း အမှိုက်ပုံများကြားထဲမှ အစားအသောက်ကို ရှာဖွေစားသောက်ကြရသည်။

**တောင်းဆိုခဲ့ကြ**

ရွှေ့ပြောင်းနေထိုင်သည့် သက်ရှိမျိုးစိတ်များမှာ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် အထိခိုက်ရဆုံး မျိုးစိတ်ဖြစ်လာသည်ဟု အာရှ-ပစိဖိတ်ဒေသ ကုလသမဂ္ဂ အစီရင်ခံစာအရသိရသည်။ ပလတ်စတစ်ညစ်ညမ်းအမှိုက်များကြောင့် သဘာဝတောရိုင်းတိရစ္ဆာန်များ ဒုက္ခရောက်ကြရသည့်အတွက် ယင်းပြဿနာကိုဖြေရှင်းရန် အရေးယူဆောင်ရွက်ကြရန် တောင်းဆိုခဲ့ကြသည်။

**အကျိုးသက်ရောက်မှုကို ဖော်ပြ**

ပလတ်စတစ်အမှုန်များမှာ အလွန်ဝေးကွာပြီး လူသူအရောက်အပေါက်နည်းပါးသည့် ဒေသများတွင်ပါ စိမ့်ဝင်နေသည်ကို တွေ့လာရသည်။ သမုဒ္ဒရာအနက်ဆုံးအပိုင်းတွင် ကျက်စားကြသည့် ငါး၏ ကိုယ်အတွင်းတွင် ပလတ်စတစ် အစိတ်အပိုင်းများတွေ့ရှိရပြီး အာတိတ်ရေခဲပြင်တွင်ပင် ပလတ်စတစ်အမှုန်များ တွေ့လာရသည်။ ရွှေ့ပြောင်းတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုအတွက် ကုလသမဂ္ဂအစီရင်ခံစာတွင် မြစ်အတွင်းနေထိုင်ကြသည့် ရေချိုတိရစ္ဆာန်များတွင် ပလတ်စတစ်ညစ်ညမ်းမှု အကျိုးသက်ရောက်မှုကို ဖော်ပြခဲ့သည်။

**ပိုမိုနီးစပ်**

ထို့ပြင် ကုန်းမြေတွင် နေထိုင်ကြသည့် တိရစ္ဆာန်များနှင့်ငှက်များအပေါ် သက်ရောက်မှုကိုပါ ဖော်ပြခဲ့ကြသည်။ လူသားများ၏ အမှိုက်ပြဿနာကြောင့် တိရစ္ဆာန်များအပေါ် သက်ရောက်လာရမှုကို သုတေသီများက ဖော်ပြခဲ့ကြသည်။ ကုန်းနေ ရေနေသတ္တဝါများမှာ မတူညီသည့် ပတ်ဝန်းကျင်များတွင် ရှင်သန်ပေါက်ဖွားခဲ့ပြီး စက်မှုဖွံ့ဖြိုးပြီး ညစ်ညမ်းသည့်ဒေသများတွင် ပေါက်ဖွားလာသည့် သတ္တဝါများလည်း ဖြစ်ကြသည်။ အဆိုပါသတ္တဝါများသည် ပလတ်စတစ်နှင့် ညစ်ညမ်းသည့် စွန့်ပစ်ပစ္စည်းများနှင့် ထိတွေ့မှု ပိုမိုနီးစပ်သည်။

**ပင်လယ်အတွင်းသို့ စီးဝင်လာ**

ပင်လယ်ပြင်တွင် တွေ့ရှိရသည့် စွန့်ပစ်ပစ္စည်း ၈၀ ရာခိုင်နှုန်းမှာ ကုန်းမြေပေါ်မှ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ဖြစ်ကြသည်ဟု သုတေသီများက ပြောသည်။ မြစ်ချောင်းများမှတစ်ဆင့် စွန့်ပစ်အမှိုက်များမှာ ပင်လယ်အတွင်းသို့ စီးဝင်လာကြသည်ဟု သုတေသီများက ပြောသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အပြည်ပြည်ဆိုင်ရာသမဂ္ဂအတွက် အဓိက ထိပ်သီးအစည်းအဝေး ပြုလုပ်စဉ် ယခုကဲ့သို့ အစီရင်ခံစာထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**အလေးထားဆောင်ရွက်သွားမည်**

၂၀၃၀ ပြည့်နှစ်တွင် ပင်လယ်ပြင်တွင် ညစ်ညမ်းပလတ်စတစ်အမှိုက်များစွန့်ပစ်မှုကို အဆုံးသတ်စေရေး တောင်းဆိုခဲ့ကြသည်။ ပလတ်စတစ်ညစ်ညမ်းမှုမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ပြီး ဖြေရှင်းမှုများပြုလုပ်ရန် လိုအပ်နေဆဲဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအပြည်ပြည်ဆိုင်ရာ သမဂ္ဂမှ အတွင်းရေးမှူးဖြစ်သူ အေမီဖရန်ကလင်က ပြောသည်။ ပလက်စတစ်ညစ်ညမ်းမှုပြဿနာကို ဖြေရှင်းရန်အတွက် အာရုံစိုက်ရန်လိုအပ်ပြီး နောက်ထပ်ညစ်ညမ်းမှုများ ထပ်ဖြစ်မလာစေရန်အတွက်လည်း ကာကွယ်မှုများပြုလုပ်ရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်သည်။



သီရိလင်္ကာတွင် စွန့်ပစ်အမှိုက်ပုံများကြား အစာရှာဖွေစားနေကြသည့် အာရှဆင်များကို တွေ့ရစဉ်။

**အန္တရာယ်မသေးလှ**

ကုလသမဂ္ဂအစီရင်ခံစာတွင် ဂင်္ဂါနှင့် မဲခေါင်မြစ်ဝှမ်းဒေသတို့ကို အဓိကထားဖော်ပြထားသည်။ ဂင်္ဂါနှင့် မဲခေါင်မြစ်ဝှမ်းတို့မှ တစ်နှစ်လျှင် ပလတ်စတစ်ညစ်ညမ်းမှု ခန့်မှန်းခြေအားဖြင့် တန်ချိန် နှစ်သိန်းမှာ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ နှစ်စဉ်စီးဝင်သည်ဟု ဖော်ပြထားသည်။ ငါးဖမ်းပိုက်အပါအဝင် ငါးဖမ်းစွန့်ပစ်ပစ္စည်းများ၏ ခြိမ်းခြောက်မှုအန္တရာယ်မှာလည်း မသေးလှပေ။

**အသက်အန္တရာယ်ကြုံတွေ့**

လင်းပိုင်များမှာ စွန့်ပစ်ထားသည့် ငါးဖမ်းပိုက်အဟောင်းများကြောင့် ထောင်ချောက်မိပြီး အသက်အန္တရာယ်နှင့်ကြုံတွေ့ရသည်။ ရွှေ့ပြောင်းပင်လယ်ငှက်များမှာလည်း ပလတ်စတစ်စွန့်ပစ်အမှိုက်များကြောင့် အသက်အန္တရာယ်ကြုံတွေ့ရသည်မျိုးရှိပြီး မျောပါလာသည့် စွန့်ပစ်အမှိုက်များကိုလည်း စားသုံးမိသည်များ ရှိတတ်သည်။ ကုန်းမြေပေါ်တွင်လည်း အာရှဆင်များမှာ အမှိုက်ပုံများကြားထဲတွင် အစားအသောက်ရှာဖွေစားသောက်နေရသည်ကို သီရိလင်္ကာတွင် တွေ့မြင်ရသည်။

**ခြိမ်းခြောက်မှုများစွာနှင့် ရင်ဆိုင်ရ**

ထိုင်းနိုင်ငံတွင်လည်း စွန့်ပစ်ပလတ်စတစ်အမှိုက်များကို စားသုံးနေသည့် ဆင်များကိုတွေ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အာရှ-ပစိဖိတ်ဒေသတွင် ကျင်လည်ကျက်စားနေကြသည့် တိရစ္ဆာန်များမှာ ခြိမ်းခြောက်မှုများစွာနှင့် ရင်ဆိုင်နေရသည်။ ၎င်းတို့နေထိုင်ကျက်စားရာနေရာများ ဆုံးရှုံးလာခြင်း၊ အလွန်အကျွံ ငါးဖမ်းခြင်း စက်မှုလုပ်ငန်းမှ ညစ်ညမ်းအမှိုက်များနှင့် ရာသီဥတုပြောင်းလဲမှုတို့ အပါအဝင် အခြားသော ခြိမ်းခြောက်မှုများစွာနှင့် ရင်ဆိုင်နေရသည်။

**တစ်ခုတည်းသောပြဿနာမဟုတ်**

ပလတ်စတစ်အမှိုက် ညစ်ညမ်းမှုပြဿနာမှာ တိရစ္ဆာန်များ ရင်ဆိုင်ကြုံတွေ့နေရသည့် တစ်ခုတည်းသော ပြဿနာမဟုတ်ပေ။ သဘာဝပတ်ဝန်းကျင်တွင် အမှိုက်များစုပြုံလာခြင်း ပြဿနာကို ဖြေရှင်းရန်အတွက် တောင်းဆိုလာကြသည်။ အမှိုက်များ စုပြုံမှုကို လျှော့ချနိုင်ရေးအတွက် ပြန်လည်အသုံးပြုနိုင်ရန် ပိုမိုကောင်းမွန်သည့် ဒီဇိုင်းများပြုလုပ်ခြင်းနှင့် စွန့်ပစ်အမှိုက်များကြောင့် ရွှေ့ပြောင်းနေထိုင်နေကြသည့် မျိုးစိတ်များ ဘေးအန္တရာယ်ကြုံတွေ့ရပုံကို ပိုမိုနားလည်သဘောပေါက်လာအောင် ပြုလုပ်ခြင်းတို့ပါဝင်သည်။

**သတိပေးမှုပေါ်ထွက်လာ**

ပြင်သစ်နိုင်ငံ မာဆဲလ်မြို့တွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးညီလာခံကို ကျင်းပခဲ့သည်။ ဇီဝမျိုးကွဲများ ဆုံးရှုံးလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ညစ်ညမ်းခြင်းနှင့် ရောဂါများ ပျံ့နှံ့လာခြင်းတို့မှာ လက်ရှိကြုံတွေ့နေရသည့် ပြဿနာများဖြစ်ကြသည်။ ပင်လယ်သမုဒ္ဒရာများ ညစ်ညမ်းလာရမှုကို ကာကွယ်စောင့်ရှောက်ကြရန် သတိပေးမှုများ ပေါ်ထွက်လာသည်။

**အမြတ်အစွန်းရသည့် လုပ်ငန်း**

၂၀၃၀ ပြည့်နှစ်တွင် ပလက်စတစ် စွန့်ပစ်အမှိုက်ပြဿနာကို ဖြေရှင်းရန် တောင်းဆိုခဲ့ကြသည်။ ပလတ်စတစ်အမှိုက်များသည် နှစ်စဉ် ပင်လယ်ငှက်တစ်သန်းကျော်ကို သေကျေပျက်စီးစေခဲ့သည်။ ထို့ပြင်ပင်လယ်နေသတ္တဝါ တစ်သိန်းကျော်အတွက် အသက်အန္တရာယ်ဖြစ်စေခဲ့သည်။ တောရိုင်းတိရစ္ဆာန် မှောင်ခိုကူးမှုမှာလည်း ဒေါ်လာဘီလီယံများစွာ အမြတ်အစွန်းရသည့် လုပ်ငန်းဖြစ်နေသည်။ အဆိုပါလုပ်ငန်းကြောင့်လည်း တောရိုင်းတိရစ္ဆာန်တို့၏ ရှင်သန်မှုဘဝကို ခြိမ်းခြောက်လျက်ရှိသည်။ ။ **ကိုးကား - အေအက်ဖ်ပီ**

**လင်းပိုင်များမှာ စွန့်ပစ်ထားသည့် ငါးဖမ်းပိုက်အဟောင်းများကြောင့် ထောင်ချောက်မိပြီး အသက်အန္တရာယ်နှင့် ကြုံတွေ့ရသည်။ ရွှေ့ပြောင်းပင်လယ်ငှက်များမှာလည်း ပလတ်စတစ်စွန့်ပစ်အမှိုက်များကြောင့် အသက်အန္တရာယ်ကြုံတွေ့ရသည်မျိုးရှိပြီး မျောပါလာသည့် စွန့်ပစ်အမှိုက်များကိုလည်း စားသုံးမိသည်များ ရှိတတ်သည်။ ကုန်းမြေပေါ် တွင်လည်း အာရှဆင်များမှာ အမှိုက်ပုံများကြားထဲတွင် အစားအသောက် ရှာဖွေစားသောက်နေရသည်ကို သီရိလင်္ကာတွင် တွေ့မြင်ရသည်**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ
အမိန့်အမှတ်(၁၃၅/၂၀၂၁)
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာစာ**

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID- 19) ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အများပြည်သူများအနေဖြင့် လူစုလူဝေးဖြင့် ကျင်းပပြုလုပ်ရမည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များ မပြုလုပ်ရန်၊ ရုပ်ရှင်ရုံများ၊ ဘော်ဒါဆောင်များ၊ မူကြိုကျောင်းများ ဖွင့်လှစ်ခြင်း မပြုလုပ်ရန်အတွက် နေပြည်တော်ကောင်စီ၏ (၃၁-၇-၂၀၂၁) ရက်စွဲပါ အမိန့် အမှတ် (၁၂၅/၂၀၂၁) ဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာသည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့အထိ အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ Coronavirus Disease 2019 (COVID–19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိပါသဖြင့် အဆိုပါအမိန့်ကြော်ငြာချက်ပါ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာမောင်မောင်နိုင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ



**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## စက်တင်ဘာ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၅၈ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၁၀၁ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၅၄၉၀ ရှိ

(၁-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကိုအထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၃၁-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီ အတွင်းဓာတ်ခွဲနမူနာစုစုပေါင်း(**၃၉,၄၆၁**)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၃၅၈) ဦးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၅၃,၅၆၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၀၂,၆၄၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၃၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၅၃,၈၁၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃၁-၈-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၄,၇၆၇,၂၉၈) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၂,၁၀၄,၉၃၄) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၆၆၂,၃၆၄) ဦးရှိပြီဖြစ်ပါသည်။သို့ဖြစ်ပါ၍ (၃၁-၈-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၆,၈၇၂,၂၃၂) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၂၁)ခု | (၄၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၉)ခု | (၂၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၁)ခု | (၁၄)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၇)ခု | (၅)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၈၂)ခု | (၃၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၁၇)ခု | (၂၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၁၃)ခု | (၃၅၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆,၁၉၁)ခု | (၂,၈၆၃)ဦး |
| **စုစုပေါင်း** | (၃၉,၄၆၁)ခု | (၃,၃၅၈)ဦး |

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၃၁-၈-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၆၆၂,၃၆၄) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂,၁၀၄,၉၃၄) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၄,၇၆၇,၂၉၈) ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၆,၈၇၂,၂၃၂) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**သတင်းအဖွဲ့**

*(ယမန်နေ့မှအဆက်)*

**Myanmar Hard Talk မှ သတင်းထောက် ဦးဥက္ကာ**က NUG၊ CRPH တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့ခြင်းရှိကြောင်း၊ ယနေ့အချိန်ထိ ၎င်းတို့၏လုပ်ရပ်များက တကယ့်အကြမ်းဖက်လုပ်ရပ်ဖြစ်နေခြင်းကို ထင်ထင်ရှားရှား တွေ့မြင်နေရပြီဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို အရေးယူရန်အတွက် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ Interpol အပါအဝင် ဒေသအတွင်း နိုင်ငံများက အစိုးရများနှင့် ပူးပေါင်းပြီး ဆောင်ရွက်မှုရှိ/ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ ပြီးခဲ့သည့် သုံးရက်၊ လေးရက်လောက်က သတင်းထုတ်ပြန်ထားကြောင်း၊ ကိုဗစ်- ၁၉ ရောဂါနှင့် ပတ်သက်ပြီး အကြမ်းဖက်မှုများလုပ်နေသည့် NUG၊ CRPH တို့၏ လုပ်ရပ်ကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများထံ အကြောင်းကြားထားကြောင်း၊ ရပ်ကွက်များအတွင်း၌ လှည့်လည်သတိပေးလျက်ရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် မည်သည့်နေရာများကို မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သတင်းထုတ်ပြန်ထားကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး အသေးစိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်ဖြေကြားသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့**

**ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီးကျော်လင်း**က NUG၊ CRPH တို့ဖွဲ့စည်းထားသည့် လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ ကြေညာသကဲ့သို့ NUG၊ CRPH၊ PDF တို့ အမည်ခံအဖွဲ့အစည်းများကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်လည်း အရေးယူနေခြင်းများ ရှိကြောင်း၊ ထိုသို့အရေးယူသကဲ့သို့ ဥပဒေနှင့်အညီ ၎င်းတို့ကို သက်ဆိုင်ရာ တရားရုံးများတွင် တရားစွဲဆိုပြီးနောက် တရားရုံးမှထုတ်ပြန်သည့် ဖမ်းဝရမ်းများကို နိုတီပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ကိုလည်း ပေးပို့ခြင်းများရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံစုစုပေါင်း ၁၉၄ နိုင်ငံကိုလည်း ဆက်လက်ပေးပို့လျက်ရှိကြောင်း၊ လက်ရှိဆောင်ရွက်နေသည်များမှာ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကို နောက်ကွယ်မှ ငွေကြေးများ၊ ပစ္စည်းများ ထောက်ပံ့နေသည့်ကိစ္စများကို သေချာစနစ်တကျစိစစ်ဖော်ထုတ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့်



၈-၈-၂၀၂၁ ရက်က မတ္တရာမြို့နယ် ပန်းယျကျေးရွာအနီး ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းနှင့် ဗုံးသီးများကို တွေ့ရစဉ်။

အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအကြမ်းဖက်မှုများနှင့် ပတ်သက်၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိအောင် သတင်းထုတ်ပြန်ရန်အတွက် စီစဉ်ဆောင်ရွက်နေကြောင်း ဖြည့်စွက်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)**က ကိုဗစ်- ၁၉ ရောဂါကုသရေးအတွက် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်စက်ရုံများကို တည်ဆောက်ခဲ့ကြောင်း၊ ထိုသို့တည်ဆောက်ခဲ့ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အောက်ဆီဂျင်စက်ရုံ မည်မျှ တည်ဆောက်ထားကြောင်း၊ လက်ရှိ အောက်ဆီဂျင်ပမာဏမည်မျှကို ဖြန့်ဝေပေးလျက်ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

**အောက်ဆီဂျင်စက်ရုံများ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အောက်ဆီဂျင်စက်ရုံနှင့် ပတ်သက်၍ တိုင်းဒေသကြီး စာရင်းများကို ပြောရမည်ဆိုလျှင် နည်းနည်းများကြောင်း၊ ဆိုလိုသည်မှာ တည်ဆောက်ဆဲ စက်ရုံများရှိကြောင်း၊ တည်ဆောက်ပြီးလုပ်ငန်းများ ရှိကြောင်း၊ အားလုံးခြုံငုံမိအောင် ဖြေပေးမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်နှင့် ပတ်သက်၍ လိုအပ်ချက်များရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် ပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့တိုင်းနီးပါး၌လည်း တည်ဆောက်နေမှုများ ရှိကြောင်း၊ အောက်ဆီဂျင်လိုအပ်ချက်သည် တစ်နိုင်ငံလုံး၌ အမြင့်ဆုံးဖြစ်သည့် အချိန်ကိုသာတိုင်းကြောင်း၊ ထိုသို့တိုင်းသည့်အခါ တစ်နိုင်ငံလုံး အောက်ဆီဂျင် အမြင့်ဆုံး လိုအပ်ချက်ဖြစ်သည့် ကိုဗစ်- ၁၉ ရောဂါတတိယလှိုင်းကာလ ၂၀၂၁ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် အောက်ဆီဂျင်လီတာ ၄၀ ဝင်အိုး ၃၁၂၉၇ အိုး လိုကြောင်း၊ မြန်မာနိုင်ငံ၌ ၎င်းပမာဏကို အကုန်လုံး စွမ်းအားပြည့်ထုတ်လျှင်ပင် မထုတ်နိုင်သဖြင့် အောက်ဆီဂျင်ပြည့်မီစွာ ထုတ်လုပ်နိုင်ရန် ကြိုးစားသည့်အခါ တစ်နိုင်ငံလုံး အောက်ဆီဂျင်စက်ရုံ (ပုဂ္ဂလိကပိုင်စက်ရုံ၊ အစိုးရပိုင်စက်ရုံနှင့် တပ်မတော်ပိုင်စက်ရုံ) ရှိကြောင်း၊ ထိုစက်ရုံများနှင့် မလောက်သည့်အပြင် ပြည်ပမှ liquid oxygen များသွင်းပြီး ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုအချိန်တွင် ထုတ်နိုင်သည့်အိုးပေါင်း ၂၆၈၇၂ လုံး ထုတ်နိုင်မည်ဖြစ်ကြောင်း၊ အများဆုံး လိုအပ်ချက်ကိုပြောလျှင် ၃၁၂၉၇ လုံး၊ ယခုလက်ရှိ ထုတ်နိုင်သည့် ၂၆၈၇၂ လုံးသည် တစ်ပြည်လုံးအတွက် မလောက်သေးဘူးဟုထင်ရကြောင်း၊ သို့သော် ယခုအခါ ထိုအရေအတွက်သည် တစ်ပြည်လုံးအတွက် လုံလောက်ကြောင်း။

ယခုလိုအပ်ချက်မှာ ရောဂါဖြစ်နှုန်းကျသွားသည့်အတွက် တစ်ရက်လိုအပ်ချက်မှာ ၁၈၆၇၇ လုံး လိုအပ်ကြောင်း၊ ထို့ကြောင့် ဂရုတစိုက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့သော် ယခုထုတ်နေသည့် ၂၆၈၇၂ လုံးသည် liquid oxygen ပါကြောင်း၊ liquid oxygen သည် ပြည်ပက သွင်းခြင်းကြောင့် ရေရှည်အားကိုး၍ မရကြောင်း၊ ရေရှည်အားကိုး၍မရဆိုသည်မှာ သူများနိုင်ငံက မသွင်းပေးဟုပြောခြင်း မဟုတ်ကြောင်း၊ သွင်းလျှင် ငွေပေးရမည်ဖြစ်ကြောင်း၊ တိုင်းနှင့်ခရိုင်များ၊ မြို့နယ်များမှာ လိုအပ်သည့်နေရာများ၌ လိုအပ်သလိုလုပ်နေကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားသွားသည့်အတိုင်း တချို့မြို့နယ်များမှာ လူဦးရေနည်းခြင်းကြောင့် မလိုအပ်ဘူးဟု ထင်ရကြောင်း၊ သို့သော် အဆိုပါဒေသများတွင် လုပ်ပေးရမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းရှိ နန်းယွန်းဒေသကဲ့သို့နေရာမျိုးကို အောက်ဆီဂျင်အိုးကိုပို့ရန် နှစ်ရက်၊ သုံးရက်ခန့် ကြာကြောင်း၊ ထိုဒေသ၌ အောက်ဆီဂျင်စက်ရုံကို တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ လူဦးရေနှင့် မကြည့်ဘဲ လိုအပ်ချက်ကို ကြည့်ခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး တည်ဆောက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအောက်ဆီဂျင်စက်ရုံတည်ဆောက်ပြီးပြီဆိုလျှင် အောက်ဆီဂျင် အမြင့်ဆုံး လိုအပ်ချက်ကို ယခုနှစ်မကုန်ခင် အားလုံးပြည့်နိုင်မည်ဖြစ်ကြောင်း၊ ယခင်တုန်းက ဖြစ်နေသည့် အခြေအနေမျိုးထိ အမြင့်ဆုံးဖြစ်နေလျှင် ယခုအချိန်တွင် ဖြည့်ဆည်းပေးနိုင်ခြင်းရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Eleven သတင်းဌာနမှ ဒုတိယသတင်းထောက်ချုပ် ဦးမျိုးနိုင်စိုး**က ဖမ်းဆီးထိန်းသိမ်း ခံထားရသည့် ဒေါက်တာဇော်မြင့်မောင်၊ ဩစတြေးလျနိုင်ငံသားရှောင်တာနယ်၊ ယခင်အစိုးရတာဝန်ရှိသူများထဲမှ အသက်အရွယ်အကြီးဆုံးဖြစ်သည့် အသက် ၈၃ နှစ်အရွယ်ခန့်ရှိ စီမံ/ ဘဏ္ဍာဝန်ကြီးဟောင်း ဦးစိုးဝင်းတို့၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဒေါက်တာဇော်မြင့်မောင်အနေဖြင့် ယခင်ကတည်းက ရောဂါအခံရှိကြောင်း၊ သက်ဆိုင်ရာ အကျဉ်းထောင်ဆေးရုံတွင် ရှိကြောင်း၊ ပါရဂူများနှင့် တွေ့ဆုံခွင့်၊ ဆရာဝန်များနှင့်တွေ့ဆုံခွင့်၊ ကုသခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ရောဂါအခြေအနေကသိပ်ပြီး အကောင်းကြီးတော့ မဟုတ်ကြောင်း၊ ဩစတြေးလျနိုင်ငံသားမှာ ကျန်းမာရေးကောင်းမွန်ကြောင်း၊ စီမံ/ဘဏ္ဍာဝန်ကြီး ဦးစိုးဝင်း၏ ကျန်းမာရေးအခြေအနေကို မိမိမသိသေးကြောင်း၊ ပြန်မေးပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

**Eleven သတင်းဌာနမှ ဒုတိယသတင်းထောက်ချုပ် ဦးမျိုးနိုင်စိုး**က စီမံ/ ဘဏ္ဍာဝန်ကြီးအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးစိုးဝင်းကို အဂတိတိုက်ဖျက်ရေးဥပဒေနှင့် စစ်ဆေးမှုများ ဆောင်ရွက်နေသည့် သတင်းများ ကြားသိရကြောင်း၊ ထိုအခြေအနေနှင့် ပတ်သက်ပြီး သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဂတိတိုက်ဖျက်ရေးဥပဒေနှင့် စစ်ဆေးဆောင်ရွက်ခြင်းကို ကြိုတင်ပြီး မပြောနိုင်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စစ်ဆေးပြီးလျှင် အဘယ့်ကြောင့် အရေးယူသည်ကို အချိန်မီ သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ကျီးလန့်စာစား ဖြစ်နေရ**

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က ICJ မြန်မာကိုယ်စားလှယ်နှင့် ပတ်သက်သည့် မေးခွန်းတစ်ခု မေးမြန်းလိုပါကြောင်း၊ မမေးခင်တွင် အမှန်တကယ် မြန်မာနိုင်ငံတွင် ဖြစ်နေသည့် မြေပြင်အခြေအနေပြဿနာတစ်ခု တင်ပြလိုပါကြောင်း၊ မိမိတို့ထံ ဖုန်းဆက်ပြီးမေးမြန်းမှုများ ရှိပါကြောင်း၊ ယင်းမှာ D Day ကိစ္စ ဖြစ်ပါကြောင်း၊ D Day ထပ်လာဦးမည်လား၊ ဦးမိုးဟိန်း မည်သို့ ထင်ပါသလဲဟုဆိုကာ ဖုန်းများ ဆက်မေးပြီး တစ်နိုင်ငံလုံးက D Day၊ D Day နှင့် ကျီးလန့်စာစား ဖြစ်နေရပါကြောင်း၊ တစ်ဖက်ကနေပြီး D Day ဆိုသည်ကို မင်းကိုနိုင်၊ ဇော်ဝေစိုး၊ ဆာဆာ၊ မိုးဇော်ဦး ၎င်းတို့က ကြိမ်ဖန်များစွာ ကလေးများကို ထိုးကျွေးနေပါကြောင်း၊ PDF၊ GZ ဆိုသည့် အကြမ်းဖက်သမားများ သေသည်ကို မိမိတို့ဝမ်းမနည်းပါကြောင်း၊ သို့သော် နေ့စဉ်သေနေသည်ကို တားရမည့်အစား မင်းကိုနိုင်၊ ဇော်ဝေစိုး၊ ဆာဆာ၊ မိုးဇော်ဦး၊ NUG ပြည်ပြေးများသည် D Day ကို အကြိမ်တစ်ထောင်ခန့် လုပ်နေသည့်အတွက် မကြည့်ရက်တော့ပါကြောင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

PDF ၊ GZ ၊ အကြမ်းဖက်သမားများ၊ အကြမ်းဖက်သမား မဟုတ်သေးသူများကိုပြောလိုသည်မှာ ပွဲကပြီးသွားတာ ၄ လခန့်ရှိပြီ ညီလေးတို့ဟူ၍ ပြောလိုပါကြောင်း၊ ပွဲပြီးသွားသည့်အတွက် အိမ်ပြန်လျှင်ပြန်၊ မဟုတ်လျှင် လက်ရှိဘဝက အပြီးထွက်သွားရတော့မည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် မြှောက်ပေးနေသူများက D Day ဟု ထပ်မြှောက်ပေးနေခြင်းကြောင့် သေနေခြင်းများကိုဝမ်းမသာနိုင်ပါကြောင်း၊ မဖြစ်နိုင်သည့်ပွဲဖြစ်ပြီးပွဲက **"ပတ်စာခွာဖျာသိမ်း"** ပြီးသွားပြီဖြစ်ကြောင်း။

ထိုကြားထဲတွင် နောက်ထပ်သတင်းတစ်ခုရှိပါကြောင်း၊ ယင်းမှာ နဝတခေတ်ခေါင်းဆောင်ကြီးတစ်ဦး ဆေးရုံတက်ရသည့်အခါ ၎င်းတို့ ဇနီးမောင်နှံကို ဒေါ်အောင်ဆန်းစုကြည်သည် အကျယ်ချုပ်ဘဝမှ စာတစ်စောင်ပို့သည်ဟူ၍ စာက များစွာဂယက်ရိုက်သွားပါကြောင်း၊ ကိတ်မုန့်ပို့ပြီး ကျန်းမာပါစေကြောင်း၊ ထာဝရလေးစားစွာဖြင့်ဆိုပြီး ပို့သည်မှာ ဂယက် အတော်ကြီးသွားပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် အကျယ်ချုပ်ဆိုသော်လည်း ၎င်းပို့လိုသည့် Massage ကို ၎င်းပို့လိုသူကို ပို့၍ရနေပါကြောင်း၊ ထိုအချက်က ရှင်းသွားသည့်အတွက်ကြောင့် PDF ၊ GZ ၊ NUG ၊ NLD များ၏ အကြမ်းဖက်လုပ်ငန်းကိုလည်း ၎င်းသာတားဆီးလိုသည့် ဆန္ဒအမှန်ရှိလျှင် ၎င်းကြိုက်သည့်လမ်းကြောင်းမှ Massage ပေး၍ရပါကြောင်း၊ ထို့ကြောင့် မိမိအင်တာဗျူးများတွင် ပြောခဲ့ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အကြမ်းဖက်လုပ်ငန်းများကို သဘောမတူဟုဆိုသည့်စကားကို ယခုရပ်သိမ်းရတော့မည် ဖြစ်ပါကြောင်း၊ PDF ၊ GZ သေနေသည့် ကိစ္စကို မင်းကိုနိုင်၊ ဇော်ဝေစိုး မြှောက်ပေးနေသည်ထက် ဒေါ်အောင်ဆန်းစုကြည်က မတားခြင်းက ပို၍ပြစ်မှုကြီးမားကြောင်းကို မိမိအနေဖြင့် Massage ပေးလိုပါကြောင်း၊ မိမိမေးမြန်းလိုသည့်မေးခွန်းမှာ ICJ နိုင်ငံတကာအပြည်ပြည်ဆိုင်ရာ တရားရုံးတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ရရှိရေးပြဿနာကို NUG က တရားရုံးကိုပင်လိုက်လုနေပါကြောင်း၊ အာဆီယံကိုလုသော်လည်း မရပါကြောင်း၊ နောက်ဆုံး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကိုပင် လုရန်ကြံနေပါကြောင်း၊ နောက်ဆုံးအမှုဖြစ်နေပြီး တိုင်းပြည်အတွက် မကောင်းသည့် တရားရုံးကိုပင် လိုက်လုနေပါကြောင်း၊ ICJ တွင် NUG က ကြိုးပမ်းနေသည်ကို မြန်မာနိုင်ငံကိုယ်စားပြုသည့် ကိုယ်စားလှယ်သည် မည်သည့်အနေအထားမျိုးဖြစ်နေပါသလဲ၊ အခြေအနေအမှန်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထုတ်ပြန်ရာတွင် သေစာရင်းများကို မထုတ်ပြန်ပါကြောင်း၊ မည်သူသေသေ ကိုယ့်နိုင်ငံသား သေဆုံးခြင်းပင်ဖြစ်ကြောင်း၊ မည်သည့်အခါမှလည်း ထုတ်ပြန်စရာအကြောင်း မရှိပါကြောင်း၊ တော်တော်လေးသေဆုံးကြပြီး တော်တော်လေးလည်း မိုက်ရူးရဲဆန်ပါကြောင်း၊ အစောပိုင်းက မိမိပြသခဲ့သည့်အကြောင်းအရာများသည် အကင်းလောက်သာ ရှိသေးပါကြောင်း၊ ၎င်းတို့ကိုယ်တိုင်ဖုံးလုပ်ရင်း ဖုံးကွဲ၍သေသူများ၊ အစပျောက်ပြီးသေသူများအစရှိသဖြင့် အမှန်တကယ်ဖြစ်ပျက်နေသည့် အခြေအနေက တော်တော်လေးဆိုးပါကြောင်း၊ သတင်းများ မခိုင်မာဘဲ ပြောသည်ဆိုလျှင် မကောင်းတတ်၍သာ မပြောခြင်းဖြစ်ကြောင်း၊ မြှောက်ပေးနေသူများ တော်တော်များပါကြောင်း၊ မြှောက်ပေးနေသူများက ဒလက်များဖြစ်၍ ယင်းမှာ ၎င်းတို့လုပ်ရမည့် အလုပ်သာဖြစ်ကြောင်း။

## ❖ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကို နောက်ကွယ်မှ ငွေကြေးများ၊ ပစ္စည်းများ ထောက်ပံ့နေသည့်ကိစ္စများကို သေချာစနစ်တကျ စိစစ်ဖော်ထုတ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိ၊

## ❖ ထိုအကြမ်းဖက်မှုများနှင့် ပတ်သက်၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိအောင် သတင်းထုတ်ပြန်ရန်အတွက် စီစဉ်ဆောင်ရွက်နေ

ဒုတိယမေးခွန်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့် ပတ်သက်ပြီး ICJ ၌ မြန်မာနိုင်ငံကိုယ်စားပြုသည့် ကိုယ်စားလှယ်နှင့်ပတ်သက်၍ အသိအမှတ်ပြုရန် ကျော်မိုးထွန်းက NLD နှင့် CRPHကို ကိုယ်စားပြုပြီး ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေးကို တက်ရောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ CRPH နှင့် NUG တို့က အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ကျော်မိုးထွန်းကို ကိုယ်စားလှယ်အဖြစ်ခန့်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် FAO , ILO , WHO တို့တွင်လည်း တက်ရောက်ခွင့်ကို ဆိုင်းငံ့ထားစေရန် ဆောင်ရွက်မှုများလုပ်ခဲ့ကြောင်း၊ ICJ နှင့်ပတ်သက်ပြီး လုပ်ဆောင်ရာတွင် ICJ အနေဖြင့် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယကိုယ်စားလှယ်အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာ သီတာဦးတို့အား ကိုယ်စားလှယ်အဖြစ်လက်ခံရန် ပြောခဲ့ကြောင်း၊ အဆိုပါကိစ္စကိုလည်း NUG မှ ကျော်မိုးထွန်းက သူလုပ်မည်ဟု ပြောဆိုခြင်းကြောင့် ဆိုင်းငံ့ထားသည့် အခြေအနေဖြစ်ခဲ့ကြောင်း၊ သို့သော် ၂၀၂၂ ခုနှစ်၊ ဧပြီ ၁၄ ရက်တွင် တရားဝင်စာဖြင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ကို အသိအမှတ်ပြုလက်ခံသည်ဟု အကြောင်းပြန်ခဲ့ကြောင်း။

### အသိအမှတ်ပြုသည့်သဘော

**ICJ ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ဥပဒေကို လက်တွေ့ကျင့်သုံးနေသည့် ကုလသမဂ္ဂ၏ Judicial Organ ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ တရားရုံး ICJ မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုယ်စားလှယ်များကို အသိအမှတ်ပြုခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ Legitimacy ကို အသိအမှတ်ပြုသည့်သဘောဖြစ်ကြောင်း၊** ကုလသမဂ္ဂတွင် ၎င်း၏ လုပ်ငန်းဆောင်တာများရှိကြောင်း၊ အဆိုပါအထဲတွင် အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့မှာ ICJ ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် အုပ်ချုပ်ရေးအာဏာ၊ တရားဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေး အာဏာရှိကြောင်း၊ ယင်းတို့အထဲတွင် တရားစီရင်ရေးအာဏာကို ကိုင်စွဲထားသည့် အဖွဲ့အစည်းတစ်ခုက တရားဝင်အသိအမှတ်ပြုခြင်း ဖြစ်ကြောင်း။

အလားတူ ယခုလ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ ပြုလုပ်သည့် အာဆီယံပါလီမန်များ အထွေထွေညီလာခံတွင်လည်း ထိုသို့ပင် လိုက်လုခဲ့ကြောင်း၊ အာဆီယံပါလီမန်များ အထွေထွေညီလာခံတွင် တရားဝင်တက်ရောက်ခွင့်ရသူများမှာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြောင်း၊ ဆွေးနွေးရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံပါလီမန်များ ညီလာခံ (AIPA)တွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည့် အကြောင်းများ၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းပြမြေပုံ(၅)ချ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဆက်လက်ကျင်းပပြီး ဆောင်ရွက်မည့် အကြောင်းများကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ပါလီမန်များသမဂ္ဂတွင် Statement များ ဖတ်ကြားခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် လက်ရှိအစိုးရအနေဖြင့် တရားဝင်တက်ရောက်ခွင့်ရရှိခဲ့ပြီး၊ တရားဝင်အသိအမှတ်ပြုခြင်းကို ရရှိခဲ့ပြီး ဖြစ်သည်ဟု ပြောလိုကြောင်းပြန်လည်ဖြေကြားသည်။

### ထောက်ပံ့ငွေပေးရန်

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မေးခွန်းမမေးမီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အိမ်စောင့်အစိုးရအား တောင်းဆိုစရာရှိကြောင်း၊ မိမိအနေဖြင့် ယခုသတင်းစာရှင်းလင်းပွဲ မတိုင်မီ ရန်ကုန်အပါအဝင် နယ်မြို့များကိုပါဆက်သွယ်ပြီး အခက်အခဲများကို စုံစမ်းကြည့်ရာ စားဝတ်နေရေးအခက်အခဲများစွာ ဖြစ်ပေါ်နေသည်ဟု သိရကြောင်း၊ ယခင် NLD လက်ထက်က ပေးခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အိမ်စောင့်အစိုးရအနေဖြင့် ပြည်သူများအား ထောက်ပံ့ငွေပေးရန် ပြောလိုကြောင်းနှင့် ရန်ကုန်တိုင်းတွင် လုပ်နေသည့် ရွှေလျားဈေးရောင်းသည့်ကားများ အောင်မြင်နေသည့်အခြေအနေကို တွေ့ရကြောင်း၊ အခြားပြည်နယ်နှင့်တိုင်းများတွင်လည်း ထိုကဲ့သို့လုပ်ဆောင်ပေးရန် တောင်းဆိုလာသည်များရှိကြောင်း၊ ထို့နောက် ပြည်တွင်းမီဒီယာများ အားကောင်းလာစေရန် ယခင်ကလည်းတောင်းဆိုခဲ့ကြောင်း၊ အစိုးရအနေဖြင့် မည်ကဲ့သို့သောပံ့ပိုးမှုများ ပေးနိုင်မည်ကိုလည်း စဉ်းစားပေးစေလိုကြောင်းကို အကြံပြုပြောကြားလိုကြောင်း၊ မေးခွန်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ သက်တမ်းသည် ယခုလကုန်ပါက ၇ လပြည့်တော့မည်ဖြစ်ကြောင်း၊ အိမ်စောင့်အစိုးရ၏ သက်တမ်းသည်လည်း တစ်လပြည့်ခါနီးပြီဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အိမ်စောင့်အစိုးရတွင် ကိုဗစ်ရောဂါထိန်းချုပ်နိုင်မှု အပါအဝင် ကြုံတွေ့နေရသည့် အဓိကအခက်အခဲများကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီးပြောခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတွင် အောင်မြင်နေသည့် ရွှေလျားဈေးကားများ ကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး ပြုလုပ်သည့် အစည်းအဝေးများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို ပြည်သူများ စားရေးသောက်ရေးကိစ္စများအတွက် ထုတ်လုပ်သည့်နေရာများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

### အဖျက်အမှောင့်လုပ်ဆောင်နေ

သတင်းထောက်ကြီး မေးခဲ့သည့် လက်ရှိအစိုးရ၏ အဓိက အခက်အခဲနှင့် ပတ်သက်ပြီးပြောရလျှင် ယခုအချိန်တွင် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် ပတ်သက်၍ အနှောင့်အယှက်ရှိသည်ဟု ပြောလိုကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာတစ်တိုင်းပြည်လုံး၌ တည်ငြိမ်အေးချမ်းမှု တည်ဆောက်နိုင်မှသာရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် PDF ၊ NUG၊ CRPH စသည့်အဖွဲ့များက အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသည့်အတွက် ပြည်သူလူထုစိတ်ထဲတွင် အနည်းဆုံးတော့ စိုးရိမ်ထိတ်လန့်မှုများ ခံစားရမည်ဖြစ်ကြောင်း၊ ဗုံးခွဲ၊ သေနတ်ပစ်သာမက D Day ကဲ့သို့သော ကိစ္စများကို လုပ်နေသည်မှာကြာပြီဖြစ်ကြောင်း၊ ဖေဖော်ဝါရီလကတည်းက နေ့စဉ်လောက်နီးပါး၊ လစဉ်လောက်နီးပါး ပြောင်းလဲပြီး လုပ်နေကြကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် စိတ်မလုံခြုံသကဲ့သို့ ခံစားနေကြရကြောင်း၊ သို့ဖြစ်၍ အမြန်ဆုံး ပြန်လည် တည်ငြိမ်အေးချမ်းမှုရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တတ်နိုင်သမျှ ထိန်းချုပ်နိုင်ပြီဆိုသော်လည်း ရာနှုန်းပြည့်တော့ မဟုတ်သေးဟုပြောလိုကြောင်း။

နောက်တစ်ခုမှာ စီးပွားရေးကိစ္စဖြစ်ကြောင်း၊ ကိုဗစ်- ၁၉ ရောဂါကြောင့် နိုင်ငံတိုင်းတွင် စီးပွားရေးကျဆင်းနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စီးပွားရေးပိတ်ဆို့အောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြသူများကြောင့် ပို၍ဆိုးကြောင်း၊ ထိုကိစ္စများကိုလည်း မိတ်ဆွေနိုင်ငံများနှင့် လက်တွဲ၍ ဖြေရှင်းသွားမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ယခုလိုကာလတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အခြားသောကိစ္စများကို ကူညီဆောင်ရွက်ပေးနေခြင်း ရှိပါကြောင်း၊သို့သော်အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရပြီး အိုးမဲ့အိမ်မဲ့ဖြစ်နေသည့် ပြည်သူများအတွက် ဆောင်ရွက်ပေးသည်ကို မတွေ့ရကြောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါပြည်သူများကို ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များကို အများဆုံး လုပ်ဆောင်ရကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် နောက်ထပ်ထပ်ပါသည်မှာ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ခိုလှုံနေသူများ၊ ရခိုင်ပြည်နယ်တွင် လူမှုပဋိပက္ခကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ကြောင်း၊ သတင်းထောက်ကြီးပြောသလို ကိစ္စများဖြစ်ပေါ်လာပါက အဓိကလုပ်ဆောင်ရန်တာဝန်ရှိသည့်ဌာနမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မဟုတ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ၎င်းတို့မှ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနက သတ်မှတ်နှုန်းထားများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုမေးမြန်းသည့် ဖြစ်စဉ်များတွင် နေအိမ်မီးလောင်မှု၊ သေဆုံးဒဏ်ရာရမှု၊ ထွက်ပြေးတိမ်းရှောင်မှုတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက စိစစ်ပြီး ထောက်ပံ့ပေးရန် ညှိနှိုင်းလာပါက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ခွင့်ပြုချက်ရယူပြီး အခြားသော ဘေးအန္တရာယ်များ ထောက်ပံ့မှုနှင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များကိုပြောရန် လိုမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်လည်း ယခုသတင်းစာရှင်းလင်းပွဲကို တက်ရောက်သည့်အတွက် ၎င်းတို့ဝန်ကြီးဌာနအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။ ။

# ကိုဗစ်ကာကွယ်ဆေးမထိုးရသေးတဲ့ ပြည်သူတွေအနေနဲ့လည်း ထိုးနှံခွင့်ရရင် လာရောက်ထိုးနှံကြပါလို့ တိုက်တွန်းချင်ပါတယ်

**ဒေါ်ယဉ်မွန်သက်**

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဟန့်တားနိုင်ရန်၊ ပြည်သူလူထုကို ထိရောက်သည့်ကာကွယ်ကုသမှုများ ပေးနိုင်ရန်၊ အခြေခံဆေးဝါးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ပြည်သူများ၏ အခြေခံကျန်းမာရေးဗဟုသုတအသိပညာရရှိရန်နှင့် တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရမည့်သူများကို အမြန်ဆုံးကာကွယ်ဆေးထိုးနှံပေးနိုင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။**


အရှင်တေဇိန္ဒ


ဦးကြည်ဆွေ


ဒေါ်ယဉ်မွန်သက်


ဒေါ်ငွေးကြည်


ဒေါ်တင်မေနွဲ့


ဒေါ်ခင်ခင်နွယ်

မြန်မာနိုင်ငံ၌ ယခုနှစ်ကုန်တွင် ကာကွယ်ဆေးထိုးနှံနိုင်သည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထက်ကို ကာကွယ်ဆေးထိုးနှံနိုင်ရန် နိုင်ငံတော်အနေဖြင့် အလေးပေးဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်များ၌ စုရပ်များခွဲ၍ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိသည်။ ကာကွယ်ဆေး၏အကျိုးများကို သိရှိနိုင်စေရန် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူများနှင့် ကာကွယ်ဆေးထိုးနှံပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကာ ပျောက်ကင်းလာသူတို့၏ စကားသံများကို မေးမြန်းဖော်ပြလိုက်ရပါသည်။

**ဦးဇော်ဇော်နိုင်**
**(ဥတ္တရသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်တော်က ကိုဗစ်ကာကွယ် ဆေးနှစ်ကြိမ် ထိုးနှံပြီးတာကြာပါ ပြီ။ အခု ကိုဗစ် တတိယလှိုင်းမှာ ကျွန်တော် ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရတယ်။ ကိုဗစ်-၁၉ စဖြစ်တဲ့ပုံစံက နှာစေး၊ ချောင်းဆိုးပြီး နှစ်ရက်မြောက်နေ့မှာ အနံ့စပျောက်ပါတယ်။ အနံ့ပျောက်တာက ရှစ်ရက် ကြာပါတယ်။ ခုနစ်ရက်မြောက်နေ့မှာတော့ အဖျားနည်းနည်းတက်ပါတယ်။ ရောဂါကူးစက်ခံရတဲ့အချိန်မှာ သောက်ရမယ့်ဆေးတွေကို နေ့စဉ်ပုံမှန်သောက်တယ်။ အိပ်ရေးဝအောင် အိပ်တယ်။ လေကောင်း လေသန့်ရရှိတဲ့နေရာတွေမှာ နေထိုင်တယ်။ နေ့စဉ် အသက်ရှူလေ့ကျင့်ခန်းလုပ်တယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေကို စားတယ်။ သင့်တင့်တဲ့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတွေကို လုပ်ပါတယ်။ ကူးစက်ခံရပြီဆိုရင် စိုးရိမ်စိတ်တွေကို လျှော့ပါ။ အဲဒီလိုစိုးရိမ်စိတ်ကို လျှော့ထားခြင်းကလည်း ရောဂါကို တွန်းလှန်ရာမှာ အဓိကကျပါတယ်။ ရောဂါကူးစက်ခံရပြီဆိုပြီး စိတ်ဓာတ်ကျနေလို့ လုံးဝမဖြစ်ပါဘူး။ ဒီလိုနည်းတွေနဲ့ ကျွန်တော် ကိုဗစ်-၁၉ ရောဂါကို တိုက်ထုတ်လာခဲ့တာပါ။

ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ရာမှာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေကို လိုက်နာပြီး သွားလာနေထိုင်တဲ့အပြင် ကာကွယ်ဆေးထိုးပြီး ကာကွယ်ခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ရောဂါဖြစ်ပွားပြီဆိုရင်လည်း ကာကွယ်ဆေးထိုးထားတဲ့သူတွေက ကာကွယ်ဆေးမထိုးထားတဲ့သူတွေနဲ့ ယှဉ်ရင်ရောဂါပြင်းထန်စွာ မခံစားရဘူး။ သာမန်လက္ခဏာလောက်ပဲ ခံစားရပါတယ်။ ဆေးရုံလည်း မတက်ရဘူး။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားခြင်းက မိမိရဲ့ အသက်ကို သေဆုံးခြင်းကနေ အမှန်တကယ်ကာကွယ်ပေးတာကြောင့် ကာကွယ်ဆေးမထိုးနှံရသေးတဲ့ ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံခွင့်ရရှိရင် ကာကွယ်ဆေးကို သွားရောက်ထိုးနှံပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

**အရှင်တေဇိန္ဒ (အနောက်ဆည်စု၊**
**ဂူနှစ်လုံးအောက်ကျောင်း၊ လယ်ဝေးမြို့နယ်)**

ကိုဗစ်ကာကွယ်ဆေးကို နှစ်ကြိမ်မြောက်လာထိုးနှံတာပါ။ ရွာကနေ ဆေးထိုးနှံပေးတဲ့နေရာအထိ ဆိုင်ကယ်နဲ့ တစ်နာရီခွဲလောက် မောင်းရတယ်။ ကိုဗစ်-၁၉ ရောဂါက ကူးစက်နှုန်းမြန်တယ်၊ အသေမြန်တယ်၊ ပြီးတော့ ရောဂါပိုးက ချောင်းဆိုး၊ နှာချေရင် လေထုထဲပျံ့နှံ့နိုင်တယ်လို့ သိထားပါတယ်။ ဘုန်းဘုန်းတို့က လူသူထူထပ်တဲ့နေရာတွေကို ဆွမ်းခံကြွရတော့ ကာကွယ်ဆေးထိုးထားမှ သင့်တော်မယ်လို့ ယုံကြည်တယ်။ ဘုန်းဘုန်းတို့က ဗုဒ္ဓဘာသာဆိုတော့ အခုအချိန်မှာ တရားနာ၊ ဂါထာတော်တွေကို အားတဲ့အချိန်တိုင်းပွားများပြီး နေထိုင်သင့်တယ်။ တီဗွီ၊ ရေဒီယိုတွေ ကလာတဲ့ ပရိတ်တရားတော်တွေကိုလည်း နာကြားသင့်တယ်၊ မေတ္တာပွားရမယ်။ ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီးတဲ့အခါမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဟန့်တားနိုင်မယ်လို့ ထင်ပါတယ်။ တကယ်လို့ ကူးစက်ခဲ့ရင်တောင် သာမန်လက္ခဏာလောက်ပဲ ဖြစ်တဲ့အတွက် ကာကွယ်ဆေးမထိုးနှံရသေးတဲ့ ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံခွင့်ရတဲ့အချိန်မှာ လာရောက်ထိုးနှံကြဖို့ ပြောချင်ပါတယ်။

**ဒေါ်ယဉ်မွန်သက် (ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့)**

အခုလို ကိုဗစ်ကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးတဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ ကာကွယ်ဆေးထိုးနှံပေးနေတယ်ဆိုတာကလည်း မိမိကျန်းမာရေးအတွက်ပဲဖြစ်တယ်။ ဆေးနှစ်ကြိမ်ထိုးနှံပြီးပြီဆိုတော့ သွားတာ၊ လာတာကအစ လုံခြုံတယ်လို့ခံစားရတယ်။ ဆေးထိုးထားတော့ ရောဂါကူးစက်မှုနည်းလာမယ်။ အသက် ၁၈ နှစ်ပြည့်ပြီး ပြည်သူတွေတိုင်းကို နိုင်ငံတော်အနေနဲ့ ဆေးထိုးနှံပေးနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ကာကွယ်ဆေးထိုးထားပြီးပြီ ဆိုပေမယ့်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကာကွယ်ရေးနည်းလမ်းတွေကိုတော့ လိုက်နာသွားရမှာပါ။ ကိုဗစ်ကာကွယ်ဆေးမထိုးရသေးတဲ့ ပြည်သူတွေအနေနဲ့လည်း ထိုးနှံခွင့်ရရင် လာရောက်ထိုးနှံကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်ငွေးကြည် (အမှတ်-၄ ရပ်ကွက်၊ လယ်ဝေးမြို့)**

အခုကာကွယ်ဆေးက ထိုးမှုဖြစ်မယ်။ အခုက ဆေးထိုးပြီးပြီဆိုတဲ့အသိစိတ်နဲ့ စိတ်ထဲမှာ တော်တော်လေးပေါ့သွားသလို စိတ်လည်းချမ်းသာသွားတယ်။ ဆေးထိုးထားသူတွေက ရောဂါဖြစ်ပွားမှုကနေ ၇၀ ရာခိုင်နှုန်းကနေ၊ ၈၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်တယ်ဆိုပြီး သိထားတယ်။ ဆေးမထိုးထားခင်တုန်းကနဲ့ စိတ်ခံစားမှုကွာတယ်။ ပထမတော့ မယုံကြည်လို့တော့ မဟုတ်ဘူး၊ မထိုးဘူးဆိုပြီး နေလိုက်တာ။ အခုက ကိုဗစ်-၁၉ ရောဂါက ကူးစက်မှုတော်တော်များလာတော့ လာထိုးတာပါ။ ကာကွယ်ဆေးထိုးတာက စစ်ဆေးမှုတွေလုပ်ပြီးတော့မှ ထိုးပေးတာဆိုတော့ အန္တရာယ်ကင်းတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးဖို့ကို မကြောက်ကြပါနဲ့လို့ ပြောချင်ပါတယ်။ မထိုးရသေးသူတွေအနေနဲ့လည်း ကာကွယ်ဆေးကို မဖြစ်မနေထိုးနှံကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဒေါ်တင်မေနွဲ့ (ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့)**

ကျွန်မက အသက် ၆၉ နှစ်ရှိပါပြီ။ ကိုဗစ်ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးချိန်မှာ နာလည်းမနာပါဘူး။ ကျန်းမာရေးကလည်း ပုံမှန်ပဲကောင်းပါတယ်။ ဒုတိယအကြိမ် ရက်ချိန်းဖြစ်တဲ့ ဒီနေ့မှာ ထပ်မံလာရောက်ထိုးနှံခြင်းဖြစ်ပါတယ်။ အိမ်ထဲကနေ ဘယ်မှ မထွက်ပါဘူး။ ကိုဗစ်ကူးစက်မှု မြင့်တက်နေတာ အခုအချိန်မှာ ကူးစက်မှုပြန်ကျလာပြီဆိုတာကိုတော့ သတင်းတွေကြည့်လို့ သိရပါတယ်။ အခုအချိန်မှာ ကိုဗစ်ကူးစက်မှုက အကျဘက်ရောက်နေပြီဆိုပေမယ့်လည်း ပေါ့ဆလို့တော့ မရသေးပါဘူး။ အခုလို ကိုဗစ်ကာကွယ်ဆေးထိုးပြီးတဲ့အချိန်မှာ ကိုဗစ်ရောဂါကူးစက်ခဲ့ရင်တောင် ရောဂါပြင်းထန်မှုနည်းတယ်ဆိုတာ သိထားပါတယ်။ အဲဒီအတွက် ယုံကြည်ချက်လည်းရှိပါတယ်။ အခုလို ဆင်းရဲချမ်းသာမရွေး ကာကွယ်ဆေးထိုးနှံနိုင်အောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဦးကြည်ဆွေ (အမှတ်-၅ ရပ်ကွက်၊ လယ်ဝေးမြို့)**

အဘက အသက် ၇၃ နှစ်ရှိပါပြီ။ အခုက ကိုဗစ်ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးပါပြီ။ စိတ်ထဲမှာ အားကိုးအားထားရှိလာသလိုမျိုးပဲ လုံခြုံမှုကို ခံစားရတယ်။ ပတ်ဝန်းကျင်မှာ ကိုဗစ်ဖြစ်ပွားနေတာတွေ တွေ့ဖူးမြင်ဖူးတယ်။ ကာကွယ်ဆေးထိုးထားသူနဲ့ မထိုးရသေးတဲ့သူကတော့ ကွာခြားမယ်။ ဆေးထိုးပြီးသူတွေကတော့ ကာကွယ်မှုရှိမယ်။ အဘတို့ကတော့ အသက်ကြီးပြီဆိုတော့ လူသူထူထပ်တဲ့နေရာတွေ မသွားဖြစ်ဘူး။ ကာကွယ်ဆေးထိုးနှံပေးတဲ့သူတွေကို ကျေးဇူးတင်တယ်။

**ဒေါ်ခင်ခင်နွယ် (အမှတ်-၄ ရပ်ကွက်၊ လယ်ဝေးမြို့)**

အဘွားအသက်က ၇၂ နှစ်ရှိပါပြီ။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသားသူတွေနဲ့ မထိုးရသေးတဲ့သူတွေက ရောဂါဖြစ်ပွားချိန်မှာ ကွာခြားမှုအများကြီးရှိမယ်လို့ထင်တယ်။ ရောဂါကူးစက်ခံရရင်လည်း ကာကွယ်ဆေးထိုးပြီးသားသူတွေက ခံနိုင်ရည်အားပိုကောင်းမယ်လို့ယုံကြည်ပြီး ကာကွယ်ဆေးထိုးနှံခဲ့တာ အခုဆို နှစ်ကြိမ်မြောက်ထိုးနှံပြီးပါပြီ။ အခု ကာကွယ်ဆေးထိုးပြီးပြီဆိုတော့ ကိုဗစ်ရောဂါမကူးစက်နိုင်တော့ဘူးလို့ထင်တာပဲ။ အသက် ၆၅ နှစ်ကျော်တွေက ကိုယ်ခံအားနည်းတယ်။ အဘွားတို့လိုသက်ကြီးဘိုးဘွားတွေကို နိုင်ငံတော်က ဦးစားပေးအစီအစဉ်အနေနဲ့ ကာကွယ်ဆေးထိုးခွင့်ပေးတဲ့အတွက် ဝမ်းမြောက်ရပါတယ်။ ကာကွယ်ဆေးမထိုးရသေးတဲ့ ပြည်သူတွေအားလုံးကိုလည်း နိုင်ငံတော်အစီအစဉ်နဲ့ ဆေးထိုးပေးစေချင်တယ်။ ဒါမှလည်း ရောဂါကူးစက်မှုကို ဟန့်တားနိုင်ပြီး ရောဂါလည်း ပျောက်ကင်းသွားနိုင်မယ်။

**တွေ့ဆုံမေးမြန်း**
**ဟန်မင်း၊ ဓာတ်ပုံ-ကိုအေး**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၉-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဖောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၃၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၂၀** ပြည်သူ့နီတိ **'ဧကြာက်ပစ်ကင်း'**
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'မြန်မာ့ကျောက်ရွှေ့ဝင်'**
**၁၇:၁၀** မျက်မှောက်ရေးရာအပြာပြာ
**၁၇:၄၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ဒေတ်အလိုက်ကြေးမုံပြင် **'သမိုင်းထင်ဒေတ်ဦးပြခန်း'** (ပထမပိုင်း)
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၅၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ခုနှစ်၊ ဩဂုတ်လ) (ဒုတိယပိုင်း)
**၂၁:၄၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အိမ်ထောင်ရေးပညတ်ချက်များ'** (အပိုင်း-၃၂)

### mitv

**07:01** News
**07:27** A Tourist Destination Of Shan State
**07:39** Xylophone's Home
**08:01** Discovering Tribes- Bwe
**08:29** The Crocodiles of Meinmahla Island
**09:01** Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1)
**09:35** Myanmar's Bamboo Hat
**09:49** Popa Trip
**10:01** Unique Art of Stucco Work
**10:18** Dragon Boats And Traditional Customs In Tanintharyi
**10:44** Mulberry Art Painting: Muu Muu
**11:01** Myanmar's Traditions and Culture: Novicehood in Myanmar
**11:37** Bridge On The River Tapam

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
စားချင်စဖွယ်တို့ရှိရာဟင်း
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရွှေကရင်ရဲ့ ပိန်းရွက်ခြောက်သုပ်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းအမျိုးသားပန်းတောင်ဓလေ့
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နှလုံးသားထဲက ထာဝရရိဒ်ရေကန်
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မုပွန်အိုးလုပ်ငန်း
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အနစ်နာခံသူရဲ့ နှလုံးသား
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဆန်တိုဖူးစားကြရအောင်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ရေခဲတောင်ရှိရာ မူလာရိုးဒီးကျေးရွာသို့ခရီးသွားခြင်း

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME
MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၃၀)ကို စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ပွဲစဉ်(၃၀)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ယဉ်လက်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ (၃၊ ၄၊ ၅) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ဝဿာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁**

ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ် (၁၄) ကို စက်တင်ဘာ ၃ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များ ဖြစ်ကြသည့် တက္ကသိုလ်လဲ့လဲ့၊ ယဉ်ဝေယံထွန်း၊ နှင်းနှင်းထူး၊ ကျော့ကေခိုင်၊ မေ့ချစ်သက်၊ စုသက်၊ ခင်လပြည့်ဝန်း၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်နှင့် နေဇင်အောင်တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို စက်တင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၉ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၀၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၀၂၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၀/၁၀၆၀ ကျပ် | ၁၀၆၅/၁၀၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၅/၁၀၆၅ ကျပ် | ၁၀၈၀/၁၀၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၉၅/၁၁၀၅ ကျပ် | ၁၁၄၅/၁၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၁၅/၁၁၄၅ ကျပ် | ၁၂၂၅/၁၂၄၀ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၉၂ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၅၆ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၂၈၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၃ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၀၇ . ၅၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၆၁ . ၇၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၃၀၄ | ၁၁၆၀၅၆၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၁၈၂၈ | ၅၇၈၃၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၄၅ | ၁၂၁၅၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြို့ရွာတွေကို သိမ်းတော့မည်ဟုဆိုသောအခါ ....
# (သမိုင်းကိုခြေရာကောက်ကြည့်ခြင်း)

— — — စာချစ်သူ — — —

"ဘယ်နေ့မှာတော့ D-Day (ယ-ရက်) စတော့မည်၊ ဘယ်နေ့မှာတော့ တိုင်းရင်းသားလက်နက်ကိုင် အချို့နှင့် ပူးပေါင်းပြီး မြို့ရွာတွေကို သိမ်းတော့မည်" ဟူသော ပြည်ပြေးအကြမ်းဖက်သမားတို့၏ လေလှိုင်းပေါ်က အောက်ကလိအာအသံများ ထွက်ပေါ်လာလေတိုင်း ရိုးသားသောသူများသည် ကြောက်ကြသည်၊ လန့်ကြသည်။

အချို့က ဆန်တွေဝယ်၊ ဆီတွေဝယ်၊ စားစရာတွေ ကြိတ်ကြိတ်တိုး ဝယ်ယူစုဆောင်းသိုမှီးကြသည်။ အလုပ်ကိစ္စအရောင်းအဝယ် ငွေလွှဲငွေချေကြမည့်သူများကလည်း ဖြစ်ပွဲမလားဟု စိုးရိမ်သောကပွားကြလေသည်။ ကျွန်တော့်ဆွေမျိုးဉာတကာအပေါင်းကလည်း သို့လော သို့လော ထိတ်လန့်တကြား ဆွေးနွေးမေးမြန်းကြပါသည်။ ထိုသောအခါ ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်။

## တပ်မတော်၏ သမိုင်း

၁၉၄၈၊ ၁၉၄၉ ခုနှစ်ကာလများတွင် တပ်မတော်၏အင်အားသည် တပ်ရင်း ၁၀ ရင်းသာရှိခဲ့သည်။ တပ်ရင်း ၁၀ ရင်းဆိုသည်ပင် အပြည့်ရှိခဲ့သည်မဟုတ်။ စစ်လက်နက်အင်အား၊ လက်နက်ကိစ္စကလည်း ထိုစဉ်က မဟာပြဿနာဟုဆိုရမည်။ ထိုခေတ် သေနတ်ကိုင်တပ်ခွဲတစ်ခွဲတွင် ဖွဲ့စည်းပုံအရ ဘရင်းစက်သေနတ် ကိုးလက်ရှိရမည့်အစား အများဆုံးပေးနိုင်ပါမှ ခြောက်လက်၊ ကျည်ဆန်ကလည်း ရှားပါးလှသည့်ဖြစ်ခြင်း။ နှစ်လက်မ စိန်ပြောင်းအတွက် ဗုံးတို့မှာ အရုပ်ရေးကြည့်ရ မလောက်ပင်။ အချက်ပြဆက်သွယ်ရေးစက်တို့မှာ တပ်ရင်းတစ်ရင်းလုံးမှ သုံးလေးလုံး၊ ရိုင်ဖယ်သေနတ်တို့ကတော့ အင်မတန်ဟောင်းနွမ်းလှပြီဖြစ်ကြသည်။ အမှတ်သုံးနှင့် အမှတ်လေး အင်္ဂလိပ်ရိုင်ဖယ်တို့ ဖြစ်ကြသည်။ ဤသည်ပင် မလုံလောက်သဖြင့် ဂရင်းနားဂန်းဟုခေါ်သော တစ်လုံးထိုးသေနတ်တို့ဖြင့် ဖြည့်စွက်ထားကြရသည်။

ထိုသို့စစ်လက်နက်တို့တွင်သာ ချို့တဲ့ခဲ့ကြသည်မဟုတ်။ အဝတ်အစားတန်ဆာပလာတို့မှာလည်း ဆင်းရဲခဲ့ကြပါသည်။ ရေဘူး၊ ခါးပတ်၊ လွယ်စွပ်၊ သံခမောက်စသည်တို့က ရှားပါးပစ္စည်းများဖြစ်ကြသည်။ ကိုယ့်နည်းကိုယ်ဟန်ဖြင့် ရန်ကုန်မြို့ တရုတ်တန်းမှ ဝယ်ယူစွဲကိုင်ကြရသည်။ ထိုမျှအဘက်ဘက်က မပြည့်မစုံဖြစ်ခဲ့ရသည်။ ပြင်ပမှ ဝယ်ယူဖြည့်တင်းဖို့ကလည်း အဆင်မပြေလှ။ မည်သည့်နိုင်ငံကြီးများထံမှ ဝယ်ယူ၍မရ။ လွတ်လပ်စနိုင်ငံငယ်လေး အသက်ရှင်ရပ်တည်ရေးကား ခက်ခဲလှပါဘိသည်။

"၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်ပိုင်းမှာဆိုလို့ရှိရင် ဒို့မှာစဖွဲ့ကတည်းကိုက တပ်ရင်းဆယ်ရင်းနဲ့၊ အဲဒီအတွက်သာ ဒို့မှာလက်နက်ရှိတယ်။ နည်းနည်းပါးပါးပဲရှိတယ်၊ ရေတပ်၊ လေတပ်ဆိုတာဟာ လေယာဉ်ပျံက တိုက်ဂါးမောက်နဲ့ ချစ်မန်ခ်တို့ ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ "မေယု" တစ်စင်းတော့ရှိတယ်ပေါ့လေ၊ ကြီးကြီးထဲက။ ကျန်တာတွေကတော့ အမ်အယ်လ် ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့ လေတပ်တို့ဆိုတာကတော့ ဒို့မှာတိုးဖို့ ငွေလည်းမရှိ၊ ရှိတာနဲ့ပဲ တိုက်ကြတယ်"ဟု ဗိုလ်ချုပ်ကြီး နေဝင်းက ၁၉၆၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော တပ်မတော် တပ်မှူးများညီလာခံတွင် ထိုသို့ သတိတရပြောဆိုခဲ့ဖူးလေသည်။

> ❂ **၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားမှုအပေါ် အမြတ်ထုတ်၍ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းယန်းတပ်မတော်စခန်းကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သော ရန်သူကိုလည်း အသက်သွေးချွေးများ ပေးဆပ်၍ မဆုတ်တမ်း ခုခံတွန်းလှန်နိုင်ခဲ့သည်။ ထိုတိုက်ပွဲကြီးတွင် လူအင်အား ၁၅ ယောက်ခန့်သာရှိသော တပ်မတော်တပ်စိတ်နှစ်စိတ်စခန်းကုန်းကိုပင် ရန်သူ ၅၀၀ ခန့်ဖြင့် ဝိုင်းတိုက်ခိုက်ခဲ့ကြသော်လည်း ချေမှုန်းနိုင်ခြင်းမရှိ**

နိုင်ငံတော်ကို လက်နက်စွဲကိုင်ပုန်ကန်ခြားနားကြပါသော သူပုန်တို့၏ အင်အားမှာမူ အမျိုးအမည်ပင် တပ်၍ ခွဲခြားလို့မကုန်နိုင်အောင်ရှိခဲ့သည်။ သို့နှင့် ထိုသူပုန်သူကန် အဖွဲ့အစည်းပေါင်းစုံကို ရောင်စုံသူပုန်ဟူ၍ပင် ထိုခေတ်က သိမ်းကျုံးခေါ်ဝေါ်တင်စားခဲ့ကြရလေသည်။ လက်နက်အင်အားအရလည်း ကြိုတင်ဝှက်ထားခဲ့သည့် စစ်လက်ကျန် လက်နက်ခဲယမ်းများ၊ တောခိုမည့် ကရင်တပ်ရင်းများကို ကြိုတင်တပ်ဆင်ပေးထားသည့် စစ်လက်နက်များဖြင့် ဖောခြင်းသောခြင်း။

ဘဲအုပ်က တစ်ရာ နှစ်ရာ၊ မဗေဒါက တစ်ပင်တည်း။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့တွင် အင်းစိန်ကို ကေအင်န်ဒီအိုသောင်းကျန်းသူများက သိမ်းပိုက်လိုက်သောအခါတွင်မူ ရောင်စုံသူပုန်နှင့် ရန်ကုန်အစိုးရတို့၏ အင်အားချိန်ခွင်လျှာက တစ်ဖက်စောင်းနင်းဖြစ်လုနီးနီးဟု ဆိုရတော့မည်။

## အစဉ်အလာရှိသော တပ်မတော်

သို့ရာတွင် တိုင်းပြည်၏ အရေးအခင်းတိုင်းတွင် ပြည်သူလူထု၏ရှေ့မှ အစဉ်အမြဲမားမားမတ်မတ် ရပ်တည်ခဲ့သည့်အစဉ်အလာရှိသော တပ်မတော်သည် ထိုရန်သူတို့ကို လှေခွက်ချည်းကျန်လည်း အလံကို တော့မလှဲ၊ ရင်မြေကတုတ် တွန်းလှန်ခုခံခဲ့ပါသည်။

အင်းစိန်စစ်မျက်နှာတွင် ချင်းတပ်ရင်း-၁၊ ကချင်တပ်ရင်း၊ ဗမာ့သေနတ်ကိုင် တပ်ရင်း -၃၊ တပ်ရင်း-၅၊ ဘီတီအက်ဖ်တပ်၊ တက္ကသိုလ်မှ ကျောင်းသားများတပ်ဖွဲ့ စသည့်တပ်ရင်းတပ်ဖွဲ့များက လူကုန်ရရာလက်နက်စွဲကိုင်၍ တိုက်ခိုက်ကြသည်။ ပြည်သူလူထုကလည်း တစ်ခဲနက်ကူညီသည်။ နေ့စဉ် ထမင်းထုပ်ပို့သည်။

အင်းစိန်တိုက်ပွဲတွင် ဒီဘက် ဟိုဘက် အကျအဆုံးများသည်။ အကြိတ်အနယ်ပွဲဖြစ်သည်။ စေဘင်ဆင်ခြံ၊ တောင်ကုန်းအမှတ် ၁၁၂၊ ဦးစက္ကိန်ကျောင်း စသောအချက်အချာနေရာများကို ဗမာ့တပ်မတော်က သဲသဲမဲမဲတိုက်ယူရသည်။

အင်းစိန်တိုက်ပွဲ၊ ဦးစက္ကိန်ကျောင်းတိုက်ပွဲတွင် ဆေးကျောင်းသားများသည် တပ်မတော်၊ စစ်ရဲတပ်ရင်းတို့နှင့်လက်တွဲ၍ တိုက်ပွဲဝင်နေစဉ် ရှေ့တန်းစစ်ဆင်ရေးကို လာရောက်စစ်ဆေးသည့် ဗိုလ်ချုပ်ကြီးနေဝင်းက တွေ့သွားပြီး "ဒီကောင်တွေ ဆရာဝန်ဖြစ်မယ့်ကောင်တွေ၊ သေနတ်ကိုင်တိုက်နေလို့သေသွားရင် တိုင်းပြည်နစ်နာမယ်။ အကျိုးရှိအောင် သူတို့ပညာကိုအသုံးချပါလား" ဟုဆိုကာ ဆေးတပ်ဖွဲ့သို့ပို့၍ အရေးပေါ်ပြန်တမ်းဝင်အရာရှိ (ဆရာဝန်)များအဖြစ် ခန့်အပ်ခဲ့သည်။ အဆိုပါ ဆေးကျောင်းသားအများစုသည် နောင်သောအခါဝယ် တပ်မတော်၌ ဆရာဝန်ကြီးများ၊ ထိပ်တန်းခွဲစိတ်ပါရဂူကြီးများ၊ ဗိုလ်မှူး၊ ဗိုလ်မှူးကြီးများဖြစ်လာကြလေသည်။

ထို့အတူ ထိုစဉ်က နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သွားသော တိုင်းရင်းသား အရာရှိ ရဲဘော်အချို့ ရှိပင်ရှိငြားသော်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေမြဲ ရှိသေခဲ့ကြသော ကရင်အရာရှိရဲဘော်များအပါအဝင် တိုင်းရင်းသားအရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအများအပြားလည်း ရှိခဲ့လေသည်။ ချင်းသေနတ်ကိုင် တပ်ရင်း-၁ မှ တိုက်ပွဲအလီလီတွင် ရဲဘော်ပေါင်း ၃၀၀ ကျော်ကျသည်။ အရာရှိ လေး-ငါး ဦးကျသည်။ ယင်းတို့အနက်မှ သူရဲကောင်းဘွဲ့ရကြသည်။ မြောက်ပိုင်းချင်းတောင်ရှိ ကျေးရွာများတွင် တိုက်ပွဲ၌ကျဆုံးခဲ့သော အရာရှိများ၏မိခင်များသည် သူတို့သားများ အသက်ပေးဆွတ်ယူခဲ့သော ဘွဲ့တံဆိပ်များကို လည်ဆွဲအဖြစ် ဂုဏ်ယူစွာချိတ်ဆွဲလေ့ရှိကြသည်။

အင်းစိန်ကို ၁၉၄၉ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ဗမာ့တပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်သည်။ အင်းစိန်ပြီးလျှင် တောင်ငူသို့ ဗမာ့တပ်မတော်တက်သည်။ တောင်ငူ၊ ပြည်၊ သရက်၊ ရေနံမြေ၊ မန္တလေး၊ "မသုံးလုံးနယ်မြေ" ဟုခေါ်သော မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာတစ်ဝိုက်၊ တောင်ကြီး၊ ကလော၊ တနင်္သာရီ၊ မြစ်ဝကျွန်းပေါ်နယ်မြေအစုံမှ ရောင်စုံသောင်းကျန်းသူတို့ကို နှိမ်နင်းရှင်းလင်းခဲ့ကြသည်။

စွန့်လွှတ်စွန့်စားသော၊ အပင်ပန်းအဆင်းရဲခံနိုင်သော မျိုးချစ်တပ်မတော်၊ ထိုတပ်မတော်သည် အသက်သွေးပေါင်းများစွာ ပေးလှူ၍ ထိုသို့တစ်မြို့ပြီးတစ်မြို့၊ ပြီးတော့ နောက်တစ်မြို့၊ ပြီးနောက်တစ်မြို့တို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သော်လည်း အနားမရသေးပါ။ ပြည်တွင်းရန်ကို အပေါ်စီးရရုံမျှသာ ရှိသေးသည်။ ဘူးလေးရာဖရုံကဆင့်ခဲ့ရပြန်ပါပြီ။ ကေအမ်တီ တရုတ်ဖြူကျူးကျော်သူတို့နှင့် ဆက်လက်ရင်ဆိုင်ခဲ့ရပြန်ပါသည်။

## တရုတ်ဖြူ ကျူးကျော်မှု

အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်ကြီးတွင် ကွန်မြူနစ်တပ်များက ချန်ကေရှိတ် ခေါင်းဆောင်သော ကူမင်တန်အစိုးရအပေါ်တွင် အောင်ပွဲခံခဲ့ရာ ဖော်မိုဆာကျွန်းသို့ ထွက်ပြေးရာတွင် ခရီးကွာလှမ်းသဖြင့် မလိုက်ပါနိုင်သော စစ်ရှုံးတပ်အချို့တို့သည် နီးစပ်ရာနိုင်ငံတို့သို့ ကျူးကျော်ပြေးဝင်သွားကြသည်။

၁၉၅၀ ပြည့်နှစ်ခန့်မှစ၍ တရုတ်ပြည်မကြီးမှ ပြိုဆင်းလာသော ဂျင်နရယ်လီမီ ခေါင်းဆောင်သည့် အမှတ်(၉၃)တပ်မသည် မြန်မာပြည်အရှေ့မြောက်ဘက်သို့ ကျူးကျော်ဝင်ရောက်လာသည်။ စပါး၊ ဆန်ရေပေါများသော ကျိုင်းတုံချိုင့်ဝှမ်းကို အမှီပြုရန် ဝိုင်းရံထားသော တောင်ရိုးများတွင် တပ်ချကြသည်။

သူတို့ဖော်မိုဆာကျွန်းသို့မပြန်လို၊ ရေကြည်ရာမြက်နုရာမှာခို၍ အမြတ်အစွန်းကောင်းသော ဘိန်းကုန်ကူးသည့်လုပ်ငန်းကို လုပ်မည်။ တရုတ်ပြည်မကြီးကို ပြန်လည်သိမ်းပိုက်ရန် အားယူနေသည်ဟု ကြွေးကြော်ဝါဒဖြန့်ကာ ကွန်မြူနစ်ဆန့်ကျင်ရေးကို နိုင်ငံခြားရေးမူဝါဒတစ်ရပ်အဖြစ် ချမှတ်ကျင့်သုံးနေသော အမေရိကန်နှင့်အပေါင်းပါနိုင်ငံများမှ အကူအညီယူသည်။ လီမီနှင့် သူ့တပ်များသည် ဝါဒဖြန့်ကောင်းသဖြင့် ကမ္ဘာကျော်သွားသည်။ အနောက်နိုင်ငံသတင်းစာကြီးများကလည်း သူတို့အကြောင်းကို ပုံကြီးချဲ့၍ရေးသားကြသည်။

သူတို့မရေးခင်ကတည်းက ဗမာ့တပ်မတော်သည် လက်နှေးခဲ့သည်မဟုတ်။ ကျိုင်းတုံဘက်တွင်ရှိရာတပ်များဖြင့် တရုတ်ဖြူတပ်မကိုတက်၍ တိုက်သည်။ အမှတ်(၉) တပ်မဟာကို ဗိုလ်မှူးကြီးကျော်စိုး ဦးဆောင်၍ နဂါးနိုင်စစ်ဆင်ရေးဖွင့်သည်။ တရုတ်ဖြူကို တိုက်ရာတွင် တပ်မတော်သည် ထုထည်နှင့် တိုက်ခိုက်ခဲ့သည်။ နဂါးနိုင်ပြီးလျှင် ဘုရင့်နောင်၊ ရန်ကြီးအောင်၊ မဲခေါင်စသော စစ်ဆင်ရေးတို့ကို ဆက်တိုက်ဆင်နွှဲခဲ့ကြသည်။ တပ်မဟာများကိုပေါင်း၍ တပ်မအဆင့်ဖြင့် ဆင်နွှဲရသော စစ်ပွဲကြီးဖြစ်သည်။ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ အတူပူးပေါင်း၍ တိုက်ကြရသောပွဲကြီးဖြစ်လေသည်။

လေယာဉ်ကွင်းကို ရေတပ်မတော်မှ ရဲဘော်များက လေယာဉ်ပစ် စက်အမြောက်များဖြင့် စောင့်ရှောက်သည်။ ရေတပ်မတော်သည် တောင်ပေါ်သို့ ရောက်နေသည်။ နမ့်စန်လေယာဉ်ကွင်းတွင် အောက်စဖို့ဒ်(Oxford)၊ ဆီဖြူရီ(Sea fury) နှင့် ဒါကိုတာလေယာဉ် သုံး၊ လေးစင်းရှိသည်။ လေသူရဲများက ဗမာ့တပ်မတော်ရှေ့တန်းတပ်စခန်းများသို့ ရိက္ခာချပေးသည်။ ရန်သူ့စခန်းများကိုလည်း သွားရောက်ပစ်ခတ်ကြသည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တီထွင်ထားသောဗုံး၊ အမြောက်လက်နက်များကိုသာ သုံးစွဲနိုင်လေသည်။

တရုတ်ဖြူတပ်စခန်းများမှာ အိမ်နီးချင်း တစ်ဖက်နိုင်ငံ နယ်နိမိတ်ကို နောက်ခံအခြေပြု၍ တည်ဆောက်ထားသည်။ လေယာဉ်ပေါ်က ကိုယ့်နည်းကိုယ်ဟန်ဖြင့် တီထွင်ထားသော ဗုံးအမြောက်လက်နက်များမှာ ထိထိရောက်ရောက် ပစ်ကူမပေးနိုင်ခဲ့၍ ရှော့ကက်ဒုံးများ လိုအပ်လာသည်။

*စာမျက်နှာ ၂၁ သို့*

## ညောင်ဦးမြို့နယ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မြစ်ရေကြီးမှု သတိပေးချက်ထုတ်ပြန်

**ညောင်ဦး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေမှတ်သည် ၂၁၁၃ စင်တီမီတာသို့ ရောက်ရှိနေပြီး ညောင်ဦးမြို့ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ ရောက်ရှိရန် ၇ စင်တီမီတာ (နှစ်လက်မခန့်သာ) လိုတော့ခြင်းကြောင့် ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မြစ်ရေကြီးမှုသတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဧရာဝတီ မြစ်ရေသည် ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရန် နီးကပ်လာသောကြောင့် မြစ်ကမ်းဘေးနေပြည်သူများ ရေဘေးအသိ သတိ ရှိစေရန် ညောင်ဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကာ ဧရာဝတီမြစ်ရေကြီးမှု အခြေအနေ၊ မြစ်ရေကျမှု အခြေအနေများကို နေ့စဉ် သတင်းထုတ်ပြန်ပေးနေကြောင်း သိရသည်။



ထို့အပြင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြစ်အတွင်း စပိဘုတ်နှင့် လှည့်လည်ကာ မြစ်ကမ်းဘေးနေပြည်သူများ မြစ်ရေကြီးမှုအခြေအနေကို သတိပြုမိစေရန် အသံချဲ့စက်များဖြင့် လိုက်လံသတိပေး နှိုးဆော်နေကြောင်း မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်မင်းသူက ပြောသည်။ ညောင်ဦးမြို့နယ်တွင် မြစ်ရေတိုင်းတာခြင်းများအား လက်ရှိအချိန်တွင် တစ်နေ့သုံးကြိမ် ဆောင်ရွက်နေပြီး စိုးရိမ်ရေမှတ်ရောက်ရှိပါက တစ်နာရီတစ်ကြိမ် တိုင်းတာမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်ထိန်** **(ကျောက်ပန်းတောင်း)**

## မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ် စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် တဖြည်းဖြည်းနီးလာ

**မင်းဘူး စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ရေ တဖြည်းဖြည်းမြင့်တက်လာကာ မြေနိမ့်ပိုင်းဒေသများ မြစ်ရေဆက်လက်ဝင်ရောက်နေပြီး စိုးရိမ်ရေအမှတ်သို့ ရောက်ရှိရန် ၁၄၅ စင်တီမီတာသာလိုတော့ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးတင်အုန်းက ပြောသည်။

မြစ်ရေဝင်ရောက်မှုများကြောင့် ထုံးမကြီး၊ တပင်ရွာ၊ နိဗ္ဗာန်ကျွန်းကျေးရွာများမှ အိမ်ထောင်စုများနှင့် ကျွဲနွားတိရစ္ဆာန်များကို ရေဘေးရှောင်နေရာများ၌ ယာယီပြောင်းရွှေ့ပေးထားကြောင်း၊ ထို့အပြင် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဒေသနှင့် မြို့ပေါ်ရပ်ကွက်အချို့တွင်လည်း မြစ်ရေများ ဆက်လက်ဝင်ရောက်နေကြောင်း ထုံးမကြီးကျေးရွာ ဒေသခံပြည်သူများထံမှ သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေသည် ၁၅၅၅ စင်တီမီတာအထိ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ် ၁၇၀၀ သို့ ရောက်ရှိရန် ၁၄၅ စင်တီမီတာသာ လိုတော့ကြောင်း၊ ရာသီဥတု မိုးလေဝသပေါ်မူတည်၍ နောက်နှစ်ရက်အတွင်း မြစ်ရေထပ်မံတိုးလာ နိုင်ဖွယ်ရှိကြောင်း အဆိုပါဦးစီးဌာန ထုတ်ပြန်ချက်များအရ သိရသည်။

**မောင်မောင် (မင်းဘူး)**

## တိုက်ကြီးမြို့နယ်၌ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာရောင်းချပေး

**တိုက်ကြီး စက်တင်ဘာ ၁**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလ၌ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် အခြေခံစားသောက်ကုန်များကို ဈေးကားဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။

စက်တင်ဘာ ၁ ရက်က တိုက်ကြီးမြို့နယ် ဈေးရပ်ကွက် မြို့လယ်လမ်း၊ မြို့မဈေးနှင့် ပိတောက်ဝါရှေ့တို့၌ ရောင်းချပေးခဲ့ရာတွင် ဆန်ချော ငါးပြည် တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀ နှုန်း၊ ဆန်ကြမ်း ငါးပြည် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် ကြက်ဥ ၁၀ လုံးပါ တစ်ကတ်လျှင် ငွေကျပ် ၁၃၀၀ နှုန်းဖြင့် ရောင်းချ ပေးခဲ့သလို လာရောက်ဝယ်ယူသူများ စနစ်တကျ ဝယ်ယူနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့သည်။

**စန်းကလျာခိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

သို့နှင့် ထိုစဉ်က လေတပ်ဦးစီးချုပ် ဗိုလ်မှူးခင်နှင့် လေသူရဲအချို့သည် တစ်ရက်သောအခါတွင် ဆီဖြူရီလေယာဉ်၌ ရော့ကက်တပ်ဆင်၍ ပစ်ခတ်စမ်းသပ်ကြသည်။ ဆီဖြူရီလေယာဉ်သည် ရော့ကက်ဒုံးကန်အား၏အပူချိန်ကို မခံနိုင်၍ ပျက်ကျလေရာ လေတပ်ဦးစီးချုပ် ဗိုလ်မှူးခင် ကျဆုံးခဲ့ရရှာသည်။

တရုတ်ဖြူတို့ကို ကုလသမဂ္ဂတွင် ကျူးကျော်သူများဟုပင် မသုံးစွဲမခေါ်ဝေါ်ရန် ကန့်ကွက်ခဲ့ပြီး အစစအရာရာ ထောက်ပံ့ပေးနေသော အမေရိကန်နှင့် အပေါင်းပါတို့ထံမှလည်း လက်နက်ဟူ၍ အပ်တိုတစ်ချောင်းပင် ဝယ်၍မရခဲ့သော တပ်မတော်သည် အစ္စရေးတို့ထံမှ စစ်လက်ကျန် စပစ်ဖိုင်းယားတိုက်လေယာဉ်အချို့ကို လေလံဆွဲ ဝယ်ယူခွင့်ရ၍သာ ရော့ကက်ပြဿနာပြေလည်သွားခဲ့ရသည်။

### မြန်မာ့လေသူရဲများ

သို့ရာတွင် ဆက်လက်ရင်ဆိုင်ရသည့် ပြဿနာအခက်အခဲက အမေရိကန်၏ ကျောထောက်နောက်ခံပြုမှုကို ရယူထားသော တစ်ဖက်အိမ်နီးချင်းနိုင်ငံသည် သူ့ပိုင်နက်နယ်မြေထဲသို့ ကျည်တစ်တောင့်ပင်အကျမခံဟု ရာဇသံပေးကြုံးဝါးထားလေသောအခါ မြန်မာ့တပ်မတော်လေသူရဲများသည် ရန်သူ့ပစ်အားများကြားမှ မျက်နှာချင်းဆိုင် ဝင်ရောက်၍ ရော့ကက်ပစ်လွှတ်ပြီးလျှင် တစ်ဖက်နိုင်ငံ နယ်နိမိတ်ထဲ မကျော်လွန်မိစေရန် လေယာဉ်ကိုအကာအကွယ်မဲ့ ရင်ဖွင့်၍ ကော့ပျံထွက်ကြရလေသည်။ ထိုအခါကျမှ မြေပြင်တပ်များသည် တရုတ်ဖြူတို့ တောင်ကုန်းများပေါ်တွင် အခိုင်အမာတပ်စွဲထားသော တပ်စခန်းများကို မျက်နှာချင်းဆိုင် ရင်ဖွင့်တက်တိုက်ကြရလေသည်။

၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ခဲ့သည့် မဲခေါင်စစ်ဆင်ရေးကြီးတွင်မူ တရုတ်ဖြူတပ်များကို မကြာခဏခဲယမ်းရိက္ခာများ လာချပေးနေသော B-24 အမျိုးအစားမှ ဆင်းသက်လာသည့် စက်လေးလုံးတပ်(P-4 Y-2 Privateer) ရန်သူ့လေယာဉ်ကြီးကို ဗိုလ်မောင်သိန်း ခေါင်းဆောင်သော ဆီဖြူရီတိုက် လေယာဉ်သုံးစင်းတို့က အသင့်စောင့်ဆိုင်းပြီး ပထမဆုံးလေကြောင်း တိုက်ပွဲဆင်နွှဲခဲ့သည်။

ရန်သူလေယာဉ်ကြီးတွင် ဒသမ ၅ ကျည်သုံး စက်သေနတ်ကြီး ၁၂ လက် တပ်ဆင်ထားသည်။ လေကြောင်းတိုက်ပွဲတွင် ရန်သူ့စက်လေးလုံးတပ် လေယာဉ်ကြီးသည် အမြီးပိုင်းပြုတ်ထွက်ပြီး မီးဟုန်းဟုန်းတောက်ကာ ထိုင်းနိုင်ငံအတွင်းသို့ စိုက်ကျသွားခဲ့သလို တပ်မတော်လေမှ ဗိုလ်ပီတာ၏ လေယာဉ်သည်လည်း ရန်သူ့ကျည်ထိမှန်ကာ မိမိနယ်နိမိတ်နှင့် ရှစ်မိုင်ခန့်ဝေးသော ထိုင်းနိုင်ငံအတွင်းသို့ မီးလောင်ပျက်ကျသွားခဲ့သည်။ ဗိုလ်ပီတာလည်း ကျဆုံးသွားခဲ့ရှာသည်။ ဗိုလ်ချစ်ခိုင်၏ လေယာဉ်နောက်မြီးအောက်ပိုင်းတစ်ခုလုံးလည်း ကြေမွပျက်စီးသွားသည့်အပြင် ဘီးလည်းပြုတ်ထွက်ခဲ့သည်။ ဗိုလ်ချစ်ခိုင်၏လေယာဉ်ကို ဗိုလ်မောင်သိန်းက ခေါ်ဆောင်လာပြီး ကျိုင်းတုံကွင်းတွင် ဘီးမချဘဲ ဝမ်းဗိုက်ဖြင့် ဆင်းသက်ခဲ့ရလေသည်။

### စွန့်လွှတ်စွန့်စားရဲသောသတ္တိ

အိမ်နီးချင်းတစ်ဖက်နိုင်ငံမှ ဒေသခံပြည်သူများအဖို့ကတော့ ဗမာ့တပ်မတော်နှင့် တရုတ်ဖြူတပ်တို့၏ မြေပြင်ရင်ဆိုင်တိုက်ပွဲများကလည်း သူတို့အဖို့ ပွဲကြီးပွဲကောင်းတစ်ခုလိုဖြစ်နေသည်။ မြန်မာနယ်နိမိတ်အတွင်းက တိုက်ပွဲများကို သူတို့နိုင်ငံနယ်နိမိတ်ထဲရှိ ပို၍မြင့်သောတောင်ကုန်းပေါ်မှ နေ့စဉ်လာရောက်ကြည့်ရှုကြသည်။ တောင်ပေါ်တက်သည့်ဘတ်စ်ကားခများပင် ဈေးတက်သွားလေသည်။ နောင်အခါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်များကို ပြည်ပခရီးစဉ်တစ်ခုတွင် တစ်ဖက်နိုင်ငံမှ စစ်ဘက်ကိုယ်စားလှယ်များက မြန်မာ့တပ်မတော်၏ မျိုးချစ်စိတ်နှင့် စွန့်လွှတ်စွန့်စားရဲသောသတ္တိကို တခုတ်တရချီးကျူးစကားဆိုကြလေသည်။

မြန်မာပြည်သူလူထုများအဖို့မူ အမျိုးသားရေးကိစ္စလည်းဖြစ်၊ လွတ်လပ်ရေး၏ အန္တရာယ်ကြီးတစ်ရပ်လည်းဖြစ်၍ တပ်မတော်ကို တစ်ခဲနက်ကူညီကြသည်။ လုပ်အား၊ ပစ္စည်းအားဖြင့် ကူညီကြသည်။ စစ်မျက်နှာသို့ ပစ္စည်းသယ်ပို့ရာတွင် လိုက်ပါကြသည်။ ရှေ့တန်းရောက်ရဲဘော်များသို့ လက်ဆောင်၊ မေတ္တာစကားပေးပို့ကြသည်။ ကျောင်းသားများ တပ်မတော်သို့ ဝင်ကြသည်။ မြန်မြန်စစ်မြေပြင်သို့ ထွက်လိုကြသည်ဆိုကြသည်။

တရုတ်ဖြူကို တိုက်ခိုက်ခဲ့စဉ်က ဗမာ့တပ်မတော်သည် ကျိုင်းတုံဘက်မှ ဆင်းသည်။ မိုင်းတုံ၊ မိုင်းဆတ်ဘက်သို့ ထိုးဖောက်သည်။ အောက်ဘက် သထုံ၊ မော်လမြိုင်မှ ပိတ်ဆို့သည်။ ညှပ်ပူးညှပ်ပိတ် အမိခံရသော် ရန်သူတို့ပြိုလေသည်။ ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံက အရေးဆိုသဖြင့် မြန်မာ့မြေမှ နိုင်ငံခြားတပ်များဆုတ်ခွာစေရန် ဝိုင်းဝန်းကူညီမည်ဟု ညီလာခံက ဆုံးဖြတ်ချက်ချမှတ်သည်။ လေးနိုင်ငံကော်မရှင်ဖွဲ့၍ တရုတ်ဖြူကျူးကျော်သူများကို ခေါ်ထုတ်သွားရန် စီစဉ်ခဲ့ကြလေတော့သည်။

တရုတ်ဖြူကျူးကျော်မှုပြဿနာ ပြေလည်ပြီးမြောက်သွားသည့်နောက်တွင်လည်း ချီလေသည့် တပ်မတော်သည် ပြည်တွင်းသောင်းကျန်းမှုရန်စွယ်များကို စစ်ဆင်ရေးပြီး စစ်ဆင်ရေးတို့ဖြင့် ဆက်လက်ဆင်နွှဲချေမှုန်းရပြန်ပါသည်။ နားရသည်ဟူ၍ မရှိ၊ စစ်ဆင်ရေးတစ်ခါထွက်ပြီဆိုလျှင် တပ်ရင်းကိုပြန်ရဖို့ မျှော်မှန်း၍မရ။ အချို့ခြေမြန်တပ်ရင်းများသည် တစ်ခါတစ်ရံ တစ်နှစ်ကျော်သည်အထိ တပ်ရင်းဌာနချုပ်သို့ ပြန်မရောက်နိုင်ခဲ့ကြ။

"မိုးတွေကလည်း မစဲဘဲ ရွာသွန်းတယ်၊ မြစ်ချောင်းအင်းအိုင် ရေတွေပြည့်လို့ ငါတို့တိုက်ရတယ်၊ ဘယ်မှာလဲအိပ်ရတယ် ရှိလိမ့်မယ်၊ အမြဲတမ်းချီတက်လို့သာ တိုက်ခိုက်နေရတယ်" ဟူသည့် "တူယှဉ်ကာတိုက်စို့" စစ်ချီသီချင်းနှယ် ချီလေသည့် တပ်မတော်သည် တောအထပ်ထပ် တောင်အသွယ်သွယ် မမောတမ်းမပန်းတမ်းချီတက်နေမြဲ။

တိုက်စွမ်းရည်အားဖြင့်လည်း အတွေ့အကြုံကမနည်းတော့။ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားမှုအပေါ် အမြတ်ထုတ်၍ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မိုင်းယန်းတပ်မတော်စခန်းကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သော ရန်သူကိုလည်း အသက်သွေးချွေးများပေးဆပ်၍ မဆုတ်တမ်းခုခံတွန်းလှန်နိုင်ခဲ့သည်။ ထိုတိုက်ပွဲကြီးတွင် လူအင်အား ၁၅ ယောက်ခန့်သာရှိသော တပ်မတော်တပ်စိတ်နှစ်စိတ်စခန်းကုန်းကိုပင် ရန်သူ ၅၀၀ ခန့်ဖြင့် ဝိုင်းတိုက်ခိုက်ခဲ့ကြသော်လည်း ချေမှုန်းနိုင်ခြင်းမရှိ။

### မုန်တိုင်းကိုမမှု အန်တုဖြတ်ကျော်

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိတို့တာဝန်ယူထိန်းသိမ်းထားရသော နယ်မြေများကို

"တစ်မှုန့်မြေလွှာ
တစ်လွှာ ပန်းခြောက်
တစ်ပေါက်ရေစက်
ငါတို့လက်မှ
ရန်သူရလျှင်
မြန်မာ့သမိုင်း ရိုင်းတော့မည်" ဟူသော

စိတ်ဓာတ်ဖြင့် ခေတ်အဆက်ဆက်မှသည် ယနေ့တိုင် ကြံ့ကြံ့ခံထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ပါသည်။

ဤသို့အားဖြင့် ချီလေသည့် တပ်မတော်သည် ၁၉၇၀ ပြည့်နှစ် ငွေရတုကာလ၊ ၁၉၉၅ ခုနှစ် ရွှေရတုကာလ၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် စိန်ရတုကာလတိုင် ရတုအလီလီ ချီ၍ အခက်အခဲအကျပ်အတည်းပေါင်းမျိုးစုံကို မုန်တိုင်းကိုမမှု အန်တုဖြတ်ကျော်လာခဲ့ပါသည်။

ခေတ်အဆက်ဆက်မှ မျက်မှောက်ကာလအထိ တပ်မတော်ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုတို့ဖြင့် ပြုစုပျိုးထောင်ခဲ့မှုကြောင့် တပ်မတော်သည် ပစ္စက္ခမျက်မှောက်ကာလတွင် စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ခဲ့လေပြီ။ သမိုင်းအစဉ်အလာကြီးမားသော ထိုမြန်မာ့တပ်မတော်ကို ပြည်ပြေးအကြမ်းဖက်သမားတို့က တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် ပူးပေါင်း၍ တိုက်ခိုက်ချေမှုန်းပြီး မြို့ရွာတွေကို သိမ်းတော့မည်ဟုဆိုသောအခါ ...........။ ။

# ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ နေထိုင်သွားဖို့လိုသလို ကိုဗစ်ကာကွယ်ဆေးကိုလည်း ယုံယုံကြည်ကြည်နဲ့ ထိုးနှံထားကြဖို့ လိုအပ်တယ်လို့ မြင်ပါတယ်

ဦးမိုးဇာထွန်း

## တွေ့ဆုံမေးမြန်း– မြင့်မိုရ်၊ ဓာတ်ပုံ– မိုးမခ

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် လတ်တလောရင်ဆိုင်ကြုံတွေ့နေရသော ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအကြား ကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်စေရေး၊ ကာကွယ်ဆေးထိုးနှံပေးမှုများနှင့်အတူ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်နိုင်ရေး ပညာပေးမှုများ၊ ထုတ်ပြန်ကြေညာမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။


ဦးမြသန်း


ဦးဇော်မင်းလတ်


မမေဇင်ဦး


ဦးမိုးဇာထွန်း


မအိမွန်ကျော်

ပြည်သူများအကြား ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုနှင့် ပတ်သက်၍လည်း တစ်ဆင့်ချင်းစီ သတ်မှတ်ချက်များနှင့်အညီ အလွှာလိုက် တစိုက်မတ်မတ် ထိုးနှံပေးလျက်ရှိရာ အချို့မြို့နယ်များတွင် ဒုတိယအကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ ပြည်သူများအကြား ယင်းသို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း အပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ ကြုံတွေ့ဖြတ်ကျော်လာသော ဝန်ထမ်းအများစု၏ ရင်တွင်းစကားသံများကို ရေးသားဖော်ပြလိုက်ပါသည်။

**ဦးမြသန်း (ဌာနဆိုင်ရာဝန်ထမ်း)**

ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်ရင် ကျွန်တော် မခံစားလိုက်ရဘူးလို့ ပြောလို့ရတယ်။ ပြောရရင် ဆေးဦးသွားတယ်လို့ပဲ ပြောရမယ်။ အရင်ဒုတိယလှိုင်းကာလမှာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ကိုယ့်ကိုယ်ကိုယ် သတိထားပြီး လိုက်နာနေထိုင်ခဲ့တယ်။ အခု တတိယလှိုင်းကာလမှာလည်း ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်ပြီး ဘာလက္ခဏာမှ မပြခဲ့ဘူး။ ဒါပေမယ့် အိမ်က အမျိုးသမီးတော့ ကိုဗစ်–၁၉ ရောဂါ ခံစားလိုက်ရတယ် ပြောရမယ်။ ဖျားလည်းဖျား၊ အနံ့လည်းပျောက် အိပ်ရေးတွေလည်းပျက်၊ အစားအသောက်တွေလည်း မကောင်း။ ပြောရရင် ကိုဗစ်–၁၉ ရောဂါ လက္ခဏာမျိုး ကြုံတွေ့ခဲ့ရတယ်။ ဒီကာလမှာ ဆေးရုံ၊ ဆေးခန်းတွေသွားပြီး စမ်းသပ်ခဲ့တာတော့ မရှိဘူးပေါ့။ ဒါပေမယ့် နောက်တော့ သူလည်းဆေးတွေသောက် သတိထားနေထိုင်လိုက်တော့ ပြန်ပြီး ကောင်းလာပါတယ်။ သိပ်ကြီးကြီးမားမား ဆိုးရွားတာတော့ မဖြစ်ခဲ့ဘူး။ ထူးခြားတာက ကာကွယ်ဆေးထိုးထားတဲ့ ကျွန်တော့်ကို ကူးစက်မှု လုံးဝမရှိခဲ့ဘူး။

အဲဒါကို ကြည့်ခြင်းအားဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးနဲ့ပတ်သက်ပြီးတော့ အခွင့်အရေးရရင် ရသလို လူတိုင်း ထိုးထားသင့်တယ်လို့ မြင်တယ်။ လတ်တလော ပြည်သူတွေအကြား အသက်ကန့်သတ်ချက်နဲ့ ထိုးပေးတာဆိုတော့ အများစုကတော့ မထိုးနှံရသေးဘူးပေါ့။ တစ်နိုင်ငံလုံး ထိုးခွင့်ရရင်တော့ ဒီရောဂါနဲ့ပတ်သက်ပြီး အတော်လေးကို တည်ငြိမ်သွားမယ်လို့ မြင်ပါတယ်။ အများစု အသက်ဆုံးရှုံးတာကလည်း အောက်ဆီဂျင် အခက်အခဲဖြစ်ခဲ့ကြတယ်လို့ ပြောကြတာပဲ။ ကိုဗစ်–၁၉ နဲ့ပတ်သက်လို့ ကာကွယ်ဆေးကိုတော့ ဘယ်လိုပဲဖြစ်ဖြစ် လူတိုင်းထိုးထားသင့်တယ်လို့ မြင်ပါတယ်။

**ဦးဇော်မင်းလတ် (ဌာနဆိုင်ရာဝန်ထမ်း)**

ကိုဗစ်တတိယလှိုင်းကာလမှာ မိုးတွင်းလည်း ဖြစ်တော့ တုပ်ကွေးလိုလို၊ ကိုဗစ်– ၁၉ ရောဂါ လက္ခဏာလိုလို ဖြစ်ကြတာတွေကို ဆေးခန်း၊ ဆေးရုံတွေမှာ အများစုတွေ့မြင်ရတယ်။ အဲဒီလူတွေ အများစုကို စုံစမ်းကြည့်လိုက်တော့ ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံထားခြင်း မရှိကြသေးသူတွေ အများစုဖြစ်နေတာ တွေ့ရတယ်။ ပြန်သတိထားမိလိုက်တာက ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံထားပြီး လူတွေက လတ်တလောမှာ ထူးထူးခြားခြား ဖျားနာခြင်းဝေဒနာ ဘာခံစားမှုမှ ဖြစ်ပေါ်နေတာ မရှိဘူးဆိုတာကိုသတိထားလိုက်မိတယ်။ ကိုဗစ်–၁၉ လက္ခဏာ အနည်းငယ် ကြုံတွေ့တဲ့သူရှိပေမယ့် အပြင်းအထန် မခံစားရဘူးလို့ ပြောကြတယ်။ ကိုဗစ်–၁၉ ကာကွယ်ဆေးနဲ့ ပတ်သက်လို့ ကျွန်တော်ကောက်ချက်ချနိုင်တာကတော့ ဒီအချိန် ဒီကာလမျိုးမှာ အသက်၊ အရွယ်မရွေး ထိုးထားသင့်တယ်လို့ ယူဆတယ်။ အထူးသဖြင့် အသက်ကြီးတဲ့သူတွေ၊ အခြားရောဂါအခံရှိတဲ့သူတွေ ပိုပြီးဂရုတစိုက် ထိုးထားသင့်တယ်လို့ မြင်တယ်။ လတ်တလော ကျန်းမာရေးဝန်ကြီးဌာနကလည်း မြို့နယ်၊ ရပ်ကွက်တွေပါမကျန် အစီအစဉ်ဆွဲပြီး လိုက်လံထိုးနှံပေးနေတာကို တွေ့ရတယ်။

ထိုးပြီးတဲ့သူတွေကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ကာကွယ်ဆေးထိုးထားတာပဲ ကူးစက်မှုမရှိတော့ပါဘူးဆိုပြီး ပေါ့လျော့မှုမရှိဘဲ ဂရုတစိုက် နေထိုင်သွားဖို့ လမ်းညွှန်ထုတ်ပြန်အသိပေး ကြေညာချက်တွေ ရှိပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဒီ ကိုဗစ်–၁၉ ကာကွယ်ဆေးကို နောက်ပိုင်း ဖြည်းဖြည်းချင်း ထိုးပြီးကြမယ်ဆိုရင်တော့ ဒီရောဂါဟာ သာမန်တုပ်ကွေးရောဂါတစ်မျိုးလိုပဲ တည်တည်ငြိမ်ငြိမ် ဖြစ်သွားမယ်လို့ ထင်ပါတယ်။

**မမေဇင်ဦး (ဌာနဆိုင်ရာဝန်ထမ်း )**

ကျွန်မက ဌာနဆိုင်ရာတစ်ခုရဲ့ အငယ်တန်းစာရေးဝန်ထမ်းတစ်ဦးပါ။ ကိုဗစ်–၁၉ ရောဂါ ဒုတိယလှိုင်းတုန်းက ကြုံတွေ့ခံစားလိုက်ရသေးတယ်။ အဲဒီစဖြစ်တုန်းကတော့ အိပ်ရေးတွေပျက်၊ အစာစားချင်စိတ်လည်း မရှိ၊ နောက်ပိုင်း ကိုယ်လက်တွေကိုက်ခဲပြီး ဖျားနာလာတယ်။ ပြီးတော့ အနံ့သုံးလေးရက်လောက် ပျောက်သွားခဲ့တယ်။ ပြီးတော့ ကိုဗစ်စောင့်ကြည့်ရေးစင်တာမှာ ခုနစ်ရက်ကြာနေပြီးတော့ စမ်းသပ်ကြည့်လိုက်တဲ့အခါ ကိုဗစ်ဆိုပြီး အဖြေထွက်လာတာပါ။ စဖြစ်တုန်းကတော့ တစ်ခါမှလည်း မကြုံဖူးတော့ ကြောက်ပြီး ငိုမိတာပေါ့။ ဒါပေမယ့် တစ်ခုရှိတာက သူများတွေလို မောတာ၊ အသက်ရှူကျပ်တာရယ်လို့တော့ မကြုံခဲ့ရဘူး။ စင်တာမှာပဲ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ နေထိုင်စားသောက်တော့ ရက်အနည်းငယ်အတွင်းမှာပဲ သက်သာပြီး ပြန်ဆင်းလာနိုင်ခဲ့တယ်။

ကိုဗစ် တတိယလှိုင်းမှာတော့ ကျွန်မတို့ ဝန်ထမ်းအိမ်ရာမှာ တစ်ဦးတစ်ယောက်တောင် ကိုဗစ်နဲ့ ပတ်သက်ပြီးဖြစ်တယ်လို့ မကြားမိဘူး။ အရင် ကာကွယ်ဆေးမထိုးခင် ဒုတိယလှိုင်းမှာတုန်းကတော့ အများစုအဖြစ်များခဲ့တယ်။ အခုနောက်ပိုင်း ဝန်ထမ်းအများစုက ကာကွယ်ဆေးထိုးထားကြတော့ အရင်ဒုတိယလှိုင်းလောက် ဝန်ထမ်းအိမ်ရာမှာ ကိုဗစ်ရောဂါဖြစ်တယ်ဆိုတဲ့ အသံမကြားမိတာကိုတော့ သတိထားမိလိုက်တယ်။ ဒါတွေက ကိုဗစ်–၁၉ ကာကွယ်ဆေးရဲ့ အကျိုးရလဒ်တွေလို့ ထင်တယ်။ တကယ်တော့ ကိုဗစ်–၁၉ ကာကွယ်ဆေးနဲ့ ပတ်သက်လို့ ပြောရရင်တော့ လူတိုင်း ထိုးနှံထားသင့်တယ်လို့ မြင်တယ်။ ထိုးနှံကြဖို့ကိုလည်း တိုက်တွန်းချင်ပါတယ်။

**ဦးမိုးဇာထွန်း (ဌာနဆိုင်ရာဝန်ထမ်း)**

ကိုဗစ်နဲ့ပတ်သက်လို့ကတော့ ဒုတိယလှိုင်းကာလမှာလည်း ကျွန်တော်မဖြစ်ခဲ့ဘူး။ အခု တတိယလှိုင်းကာလမှာလည်း ကာကွယ်ဆေးထိုးထားတော့ လက်တွေ့ခံစားမှု မကြုံခဲ့ရဘူး။ ဒါပေမယ့် ကျွန်တော့်အမျိုးသမီးကတော့ ကိုဗစ်လက္ခဏာနဲ့ ဒီတတိယလှိုင်းကာလမှာ ဆုံးပါးခဲ့ရတယ်။ ကျွန်တော့်အမျိုးသမီးကလည်း ဝန်ထမ်းတစ်ဦးပါပဲ။ ဒါပေမယ့် သူက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအခံတစ်ခုကြောင့် ဒုတိယလှိုင်းအပြီး ဝန်ထမ်းတွေကို ကာကွယ်ဆေးထိုးပေးစဉ်ကာလတုန်းက မထိုးဖြစ်ခဲ့တာပါ။ ကျွန်တော့် အမျိုးသမီးရောဂါဖြစ်တော့ ဒီတတိယလှိုင်းကာလမှာ ဆေးရုံ၊ ဆေးခန်းတွေ အများစုကလည်း ပိတ်ထားတာရယ်၊ လက်မခံတာရယ်၊ နောက်ဆုံး အင်းလျားကုသရေးစင်တာကို ရောက်ခဲ့တယ်။ စင်တာရောက်ပြီး ၁၀ ရက်အကြာမှာ ကိုဗစ်–၁၉ ရောဂါ ဟုတ် မဟုတ် စမ်းသပ်မယ်ဆရာဝန်တွေက ပြောပေမယ့် စမ်းသပ်မှု မပြုခင် ခုနစ်ရက်မြောက်မှာပဲ အဲဒီကိုဗစ်လက္ခဏာလို့ ယူဆရပြီး အောက်ဆီဂျင်အခက်အခဲကြောင့် အမျိုးသမီးရဲ့ အသက်ဆုံးရှုံးလိုက်ရတယ်။

ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်ပြီး ပြောချင်တာကတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ နေထိုင်သွားဖို့လိုသလို ကိုဗစ်ကာကွယ်ဆေးကိုလည်း ယုံယုံကြည်ကြည်နဲ့ ထိုးနှံထားကြဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။ တကယ်တော့ ဒီတတိယလှိုင်းကာလမှာ ကာကွယ်ဆေးထိုးထားတဲ့သူအများစုဟာ ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား ဖြစ်စဉ်မျိုးတွေ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်တာ မမြင်တွေ့ရဘူး။ ကျွန်တော်တစ်ယောက်တည်းအမြင်ပြောရရင်တော့ ကိုဗစ်–၁၉ ကာကွယ်ဆေးကို အခွင့်အခါရမယ်ဆိုရင် ထိုးနှံထားသင့်တယ်လို့ မြင်ပါတယ်။

**မအိမွန်ကျော် (ဌာနဆိုင်ရာဝန်ထမ်း)**

ကိုဗစ် ဒုတိယလှိုင်းတုန်းက ကျွန်မခေါင်းလျှော်ပြီး အအေးမိ၊ နှာမွန်တာကနေ အနံ့ပျောက်၊ ဖျားနာ၊ ကိုယ်လက်တွေကိုက်ခဲပြီး ကိုဗစ်ရောဂါကို ခံစားခဲ့ဖူးပါတယ်။ ကိုဗစ်ရောဂါစဖြစ်တုန်းကတော့ တစ်ခါမှ မကြုံဖူးတော့ ကြားရုံနဲ့ပဲ ကြောက်စိတ်တွေ ဝင်ခဲ့တယ်။ ဒါပေမယ့် ကိုဗစ်ရောဂါဖြစ်တဲ့အချိန်မှာ အခြားရောဂါခံမရှိလို့လားမသိဘူး အပြင်းအထန် ခံစားရတာလည်းမရှိခဲ့ဘူး။ အသက်ရှူကျပ်တာ၊ မောတာတို့လည်း မကြုံခဲ့ရသလို အောက်ဆီဂျင်လည်း မရှူခဲ့ရဘူး။ အစောပိုင်း အအိပ်အစား ပျက်ပေမယ့် နောက်ပိုင်း အစားအသောက်မှန်လာတော့ လူကောင်းအတိုင်း ပြန်ဖြစ်လာတာပါပဲ။ တကယ်တော့ ကိုဗစ်ရောဂါဟာ အနေအစားမှန်၊ ကိုယ်ခံအားမြင့်နေမယ်ဆိုရင် ကောင်းကောင်း ကျော်ဖြတ်နိုင်ပါတယ်။

အခုတတိယလှိုင်းမှာတော့ အရင်လို ကြောက်ရွံ့စိတ်လည်း မရှိတော့သလို ကာကွယ်ဆေးကလည်း ထိုးထားတာဆိုတော့ ကိုဗစ်–၁၉ ရောဂါနဲ့ပတ်သက်ပြီး အငွေ့အသက်တောင် ဒီကနေ့အထိ မခံစားရသေးဘူး။ ပတ်ဝန်းကျင်ကလည်း ကာကွယ်ဆေးထိုးထားတဲ့သူတွေများတော့ ဒီတတိယလှိုင်းမှာ ပြီးခဲ့တဲ့ဒုတိယလှိုင်းတုန်းကလိုတောင် ဖျားနာတာ မကြားရဘူး။ အဲဒါကြောင့် ကျွန်မကတော့ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်ပြီး လက်လှမ်းမီသလောက် ကြိုတင်ကာကွယ်ထားကြဖို့ အားပေးချင်ပါတယ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁** တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်း သားပြည်သူများနှင့် အကျဉ်း ထောင်များ၌ ပြစ်ဒဏ်ကျခံနေ သည့် အကျဉ်းသား အကျဉ်းသူ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံနိုင်ရေးအတွက် ဆေး နှင့်ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူ ပို့ဆောင်ပေးခြင်းများနှင့် ကာကွယ် ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက် ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် တောင်ပိုင်းအတွင်းရှိ မြို့နယ် ပေါင်း ခုနစ်မြို့နယ်ရှိ သံဃာတော် များ၊ သာသနာ့နွယ်ဝင် သီလရှင် များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာန ဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၆၈၂၁ ဦးတို့ကို လည်း ကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၊ မိုင်းဆတ်မြို့နှင့် မိုင်းတုံမြို့တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ပြည်သူစုစုပေါင်း ၁၅၂၄ ဦးတို့ကို လည်းကောင်း၊ မွန် ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိမြို့နယ် ၁၆ မြို့နယ်မှ သံဃာတော်များ၊ သာသနာ့ နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၅၅၉၅ ဦး တို့ကို လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ပြည်သူစုစုပေါင်း ၄၆၀၀ တို့ကို လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီး တာမွေမြို့နယ် နှင့် မြောက်ဥက္ကလာပမြို့နယ် အတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၈၀၃ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၆၅၅၂ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီ လူမျိုး ၇၅၄ ဦး၊ ကျောက်တော်မြို့ နယ်နှင့် ပေါက်တောမြို့နယ်များမှ တိုက်ပွဲရှောင်ပြည်သူများ အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့မှ သံဃာတော် များ၊ စေတနာ့ဝန်ထမ်းများ၊ အကျဉ်းသား အကျဉ်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံ ပြည်သူ စုစုပေါင်း ၁၂၀၂၇ ဦး တို့ကိုလည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိ နယ်မြေခံတပ်မတော်သားများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ နှင့် အကျဉ်းသား အကျဉ်းသူများ စုစုပေါင်း ၁၆၁ ဦးတို့ကို လည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော် ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၈၅၄၇ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၈၄၈ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက် ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**





## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း များကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့ရှိ ပိဋကတ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် ပြည်တော်သာရပ်ကွက်ရှိ မင်းကျောင်းပရိယတ္တိစာသင်တိုက် နှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ချောင်းဖျားကြီး ကျေးရွာရှိ ခရေပင်တပ်ဦးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဝရဇိန်မစိုးရိမ်ဓမ္မာစရိယသင်တန်းကျောင်း နှင့် ပြင်ဦးလွင်မြို့ ရွှေသင်းကျေးရွာရှိ စိတ္တသုခကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်း များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော် သားများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ နတ်ရေကန် သောဘိတာရာမ ပရိယတ္တိစာသင်တိုက်နှင့် သာသနာ့အလင်းရောင် သီလရှင်ကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့ များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/ မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက် ပေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

### မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၁**- မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရွှေကျင်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ တောင်ငူ (လေကြောင်းမိုးလေဝသ) တွင် ၃ ဒသမ ၁၉ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၀၈ လက်မ၊ မဒေါက်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ သာစည်မြို့တွင် ၂ ဒသမ ၂၁ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ တီးတိန်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဟုမ္မလင်းမြို့နှင့် တပ်ကုန်းမြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် ကမမောင်းမြို့တွင် ၁ ဒသမ ၄၂ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များ တွင် လေကြောင်း၊ ရေကြောင်း နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း များမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန် နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည် ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်း များနှင့် မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့် မြဝတီကုန်သွယ် ရေး စခန်းလေးခုတို့တွင် ကုမ္ပဏီ ၁၃ ခုမှ ယာဉ်စီးရေ ၁၉ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၇၇ တန်၊ Storage Container တစ်ခု၊ အောက်ဆီဂျင် (အိုးခွံ) ၇၂၆၉ ခု၊ အိမ်သုံး Oxygen Con- centrator ၃၁၇ ခု၊ Test Kit ၁၂၀၀၊ PPE ဝတ်စုံ ၃၈၇၇ စုံ နှင့် နှာခေါင်းစည်း(Mask) ၄၁ တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင် အရည်(Bowser) ယာဉ် နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရ သည်။

**စီစဉ်ဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာန များနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက် ရှိပါကြောင်း နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း များ တင်သွင်းခြင်းနှင့် ဆက်စပ် သည့် အသိပေးကြေညာချက် များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Web- site ဖြစ်သည့် commerce.gov. mm တွင် ဝင်ရောက်ကြည့်ရှု နိုင်ရေးစီစဉ်ဆောင်ရွက် ပေးထား ပါကြောင်း သိရသည်။ **သတင်းစဉ်**



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

# ပေါက်တောမြို့နယ် ငှက်ချောင်း နေရပ်စွန့်ခွာစခန်း နှစ်ခုရှိ ခိုလှုံနေသူ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**ပေါက်တော စက်တင်ဘာ ၁**

ရခိုင်ပြည်နယ်ပေါက်တောမြို့နယ် ပုဏ္ဏားကြီးကျေးရွာအုပ်စု ငှက်ချောင်း နေရပ်စွန့်ခွာစခန်း (IDPs) နှစ်ခုတွင် ခိုလှုံနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပေါက်တော မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ထိုးနှံပေးလျက်ရှိပြီး ဩဂုတ် ၃၁ ရက်တွင် အသက် ၄၅ နှစ် အထက်နှင့် အသက် ၆၅ နှစ် အထက် သက်ကြီးရွယ်အိုများအား ဆီနိုဗက်ကာကွယ်ဆေးများ ထိုးနှံပေးသည်။



နေရပ်စွန့်ခွာစခန်းတစ်ခု၌ ပြည်သူတစ်ဦးအား ကာကွယ်ဆေးထိုးပေးနေစဉ်။

ကာကွယ်ဆေး ထိုးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကိုကိုအောင် ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးကာ စခန်းအလိုက် ကာကွယ်ဆေးထိုးနှံမှုမှာ ငှက်ချောင်း (၁) နေရပ် စွန့်ခွာစခန်းတွင် အမျိုးသား ၁၆၁ ဦး နှင့် အမျိုးသမီး ၁၃၇ ဦး၊ ငှက်ချောင်း(၂)နေရပ်စွန့်ခွာစခန်းတွင် အမျိုးသား ၁၈၅ ဦးနှင့် အမျိုးသမီး ၁၈၅ ဦးဖြစ်ပြီး အဆိုပါ စခန်းနှစ်ခုအပါအဝင် ပေါက်တောမြို့နယ်ရှိ နေရပ်စွန့်ခွာစခန်း ငါးခုတွင် ကာကွယ်ဆေးထိုးနှံပြီးသူစုစုပေါင်း ၁၄၈၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေရပ်စွန့်ခွာ စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုကို ပေါက်တောမြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းငြိမ်းနှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးသည်။

အလားတူ ပေါက်တော မြို့နယ် စိုင်းတုတ်ကျေးရွာစုရပ် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ယမန်နေ့က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသည်။ **(အပေါ်ပုံ)**



ကာကွယ်ဆေးထိုးရာတွင် စိုင်းတုတ်တိုက်ပွဲရှောင်စခန်းမှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၉ ဦး၊ ကံဆိပ်ကျေးရွာ တိုက်ပွဲရှောင်စခန်းမှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ နားဝွေကျေးရွာတိုက်ပွဲရှောင်စခန်းမှ အမျိုးသမီး သုံးဦး၊ အမျိုးသားနှစ်ဦးတို့ အပါအဝင် တိုက်ပွဲရှောင်စခန်း သုံးခု စုစုပေါင်း ၆၀ လာရောက် ထိုးနှံကြောင်း သိရသည်။

**ကျော်သန်း**

**(ပြန်/ဆက်)**

# စစ်တွေမြို့နယ်အတွင်း နေရပ်စွန့်ခွာစခန်းများရှိ ပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

စစ်တွေ စက်တင်ဘာ ၁

**ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း(IDPs)များတွင် ခိုလှုံနေကြသည့် အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများအား သဲချောင်းကျေးရွာရှိ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံ အဆောက်အအုံ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။**

ကာကွယ်ဆေးထိုးပေးရာတွင် ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများနှင့် စစ်တွေ တပ်နယ်မှ ဆေးဝန်ထမ်းများက ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြခြင်းဖြစ်ကာ ဆေးထိုးနှံပြီးနောက်တွင်လည်း မိနစ် ၃၀ ကြာ စောင့်ကြည့်ပြီးမှ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်း သိရသည်။



သဲချောင်းနေရပ်စွန့်ခွာစခန်းမှ အမျိုးသမီးတစ်ဦးအား သွေးပေါင်ချိန်တိုင်းပေးစဉ်။



နေရပ်စွန့်ခွာစခန်းတာဝန်ခံ ဦးမောင်မောင်စိန်

သဲချောင်းကျေးရွာရှိ ဘက်စုံသုံးမုန်တိုင်း ဒဏ်ခံအဆောက်အအုံတွင် အမျိုးသားနှင့် အမျိုးသမီးများကို သီးသန့်ခွဲပြီး အမျိုးသားများကို အဆောက်အအုံအပေါ်ထပ်တွင် လည်းကောင်း၊ အမျိုးသမီးများကို ဒုတိယထပ်တွင်လည်းကောင်း ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ဆေးထိုးနှံပေးမှုနှင့် စပ်လျဉ်း၍ သဲချောင်း နေရပ်စွန့်ခွာစခန်းတာဝန်ခံ ဦးမောင်မောင်စိန်က "ကျွန်တော်တို့ သဲချောင်းစခန်းမှာ ဩဂုတ် ၃၀ ရက်က စတင်ပြီး နေရပ်စွန့်ခွာစခန်းအတွင်းက လူဦးရေ ၃၀၀ ကို ထိုးနှံပေးနိုင်ခဲ့ပါတယ်။ ဒီနေ့လည်း ဆက်လက်ထိုးနှံပေးနေပါတယ်။ ဒီနေ့ ထိုးနှံပေးတဲ့စာရင်းတော့ မသိရသေးဘူးပေါ့။ ၂၀၀ ကျော် ၃၀၀ လောက်တော့ ထပ်ပြီးထိုးနိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ဒီသဲချောင်း နေရပ်စွန့်ခွာစခန်းမှာရှိတဲ့ အသက် ၄၅ နှစ်နဲ့အထက် ပြည်သူအားလုံးကို ထိုးပေးမယ်လို့ ကြားသိရပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ဆေးကို လေးလပိုင်းကတည်းက ထိုးပြီးပါပြီ။ ကာကွယ်ဆေး ထိုးခြင်းအားဖြင့် ကျွန်တော်တို့ တကယ်လို့များ ရောဂါကူးစက်ခံရရင်တောင် အသက်အန္တရာယ်မရှိဘူးလို့ သိရပါတယ်။ ကာကွယ်ဆေးထိုးထားရင် အများကြီး အကျိုးကျေးဇူးရှိတဲ့အကြောင်း ကြားသိရတဲ့အတွက် ကျွန်တော်တို့စခန်းမှာ နေထိုင်သူတွေကို ကာကွယ်ဆေးထိုးကြဖို့ နှိုးဆော်တိုက်တွန်း ပြောကြားထားပါတယ်။ ဒီကာကွယ်ဆေးတွေကို ကျွန်တော်တို့စခန်းတွေအထိ လာပြီးတော့ ထိုးနှံပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ တပ်မတော်က ဆေးဝန်ထမ်းတွေနဲ့ ကာကွယ်ဆေးထိုးနှံနိုင်ဖို့ စီစဉ်ပေးတဲ့ နိုင်ငံတော်အစိုးရကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

သဲချောင်း နေရပ်စွန့်ခွာစခန်းတွင်နေထိုင်သူ ဦးအဒူဆလင်ကလည်း "ဒီကိုဗစ်ကာကွယ်ဆေးကို ထိုးထားခြင်းအားဖြင့် ကိုဗစ်- ၁၉ ရောဂါကို ကာကွယ်နိုင်တယ်။ ရောဂါကူးစက်လာရင်လည်း သေဆုံးနိုင်ခြေနည်းပါးတယ်လို့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေက ပြောပြထားတဲ့အတွက် ဆေးထိုးဖို့လာတာဖြစ်ပါတယ်။ ကျွန်တော်တို့ နေရပ်စွန့်ခွာစခန်းမှာရှိတဲ့ လူတွေအားလုံး လာရောက်ထိုးနှံကြဖို့ တိုက်တွန်းပါတယ်" ဟုပြောသည်။

သဲချောင်း နေရပ်စွန့်ခွာစခန်းမှ ဆေးလာရောက်ထိုးနှံသည့် ဒေါ်ခိုင်ခင်ဦးကလည်း "ဒီကာကွယ်ဆေး ထိုးထားတဲ့အတွက် ရောဂါကို ကာကွယ်နိုင်တယ်။ သေဆုံးမှုလည်းမရှိဘူးလို့ သိရပါတယ်။ ဒါကြောင့် စခန်းမှာနေထိုင်ကြတဲ့လူတွေလည်း လာရောက်ထိုးနှံကြဖို့ ပြောကြားလိုပါတယ်။ ဒီမှာ ဆေးလာထိုးပေးကြတဲ့ ဆရာဝန်တွေနဲ့ တာဝန်ရှိတဲ့လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းများမှ အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများအား သက္ကယ်ပြင်ကျေးရွာ အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်းနှင့် သက္ကယ်ပြင် နေရပ်စွန့်ခွာစခန်းများ၌ ဆီနိုဗက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများကို ဩဂုတ် ၂၈ ရက်မှ စတင်ထိုးနှံပေးလျက်ရှိကာ ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသော သက်ကြီးရွယ်အိုများအား လိုအပ်သောအကူအညီများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်၊ အရန်မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နေရပ်စွန့်ခွာ စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက ပူးပေါင်းကူညီပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများနှင့် နေရပ်စွန့်ခွာစခန်းများမှ ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရန်အတွက် ဆီနိုဗက်ကာကွယ်ဆေးအလုံးရေ ၅၀၀၀၀ ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးသန့်ခွဲဝေချပေးထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**သတင်း - အေးအေးအောင်**

**ဓာတ်ပုံ- တင်ထွန်း(ပြန်/ဆက်)**

## သီပေါ၌ သာသနာ့တာဝန်ထမ်းဆောင်တော်မူကြသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များကို ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး



**သီပေါ စက်တင်ဘာ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သာသနာ့တာဝန်ထမ်းဆောင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်းသာမဏေများ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီး ဆရာလေးများအား ကိုဗစ်-၁၉ ရောဂါ ပိုးရှိ မရှိ စစ်ဆေးပေးခြင်းကို ယနေ့နံနက်က ကွင်းဆင်း ကြည့်ရှုဆောင်ရွက်ကြသည်။

**ဆေးကုသခံယူ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက လွယ်မုတ်တောင် ရွှေမောင်းသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဆရာလေး ၁၅၈ ပါးတို့အား ကိုဗစ်-၁၉ ရောဂါ ပိုး ရှိ မရှိ Test Kit ဖြင့် စစ်ဆေးရာ သီလရှင်တစ်ပါးမှာ ပိုးတွေ့ ရှိရသဖြင့် ဆေးကုသမှုခံယူလျက်ရှိသည်။

ထို့နောက် လွယ်မုတ်တောင် ရွှေမောင်းသီလရှင် စာသင်တိုက်ကြီး၏ ပဓာနနာယကထံသို့ နှာခေါင်းစည်းများ၊ ရေမလိုလက်သန့်ဆေးရည်များနှင့် ပိုးသတ်ဆေးပုလင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းက ဆက်ကပ်လှူဒါန်းသည်။

**ပိုး ရှိ မရှိ စစ်ဆေး**

ကွင်းဆင်းစစ်ဆေးအဖွဲ့သည် ၂၅၀၀ ဘုန်းတော်ကြီးကျောင်း ခန္တီရာမ၊ နန်းဦး၊ မတ္တရာ၊ ကန်ဘာ၊ မတ္တရာ၊ ကုန်းသာရွာဦးဘုန်းတော်ကြီးကျောင်းတိုက်နှင့် ဗလီ ဝတ်ကျောင်းများသို့လည်း ကိုဗစ်-၁၉ ပိုး ရှိ မရှိ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည့် ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ဈေးနှင့် ပုဗ္ဗသီရိဈေးတို့ရှိ လုပ်ငန်းနှစ်ခု၊ Lot(၂) ခုအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂-၉-၂၀၂၁ရက် (ကြာသပတေးနေ့)
(ခ)တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၅-၉-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) ၁၅:၀၀ နာရီ
(ဂ)တင်ဒါပေးသွင်းရမည့်နေရာ - ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၄၂၉၃၊ ၀၆၇-၃၄၁၄၁၆၈သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ မြေကွက်အမှတ် (၁၄၆) ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ၀၂၇ဧက အကျယ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးနာစီကာစီ၏ သမီးဖြစ်သူ ဒေါ်တင်တင်ဌေး (NLOKA ၀၁၅၀၆၁) (မှတ်ပုံတင်ပျောက်ဆုံး)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးစိုး ၁၄/မမန(နိုင်)၁၅၆၆၆၄က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## စာပေမြင့်မှ လူမျိုးတင့်မည်

## ဒေါ်ဌေးဌေးဝင်း ၁၂/ဥကတ(နိုင်) ၀၁၇၆၇၁နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သခင်ဗလှိုင်လမ်း၊ အမှတ်(၆၇၀)နေ ဒေါ်သန္တာလှိုင် ၁၂/မရက(နိုင်) ၀၀၃၀၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၈၁၈)ကို (၁၂-၆-၂၀၂၁)ရက်စွဲပါစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လူကြီးမင်းမှ ဝယ်ယူရန် စရန်ငွေကျပ်(သိန်းတစ်ရာတိတိ)၁၀၀၀၀၀၀၀၀/-ကို ပေးချေခဲ့ပါသည်။ ကျန်ငွေကို(၃၁-၇-၂၀၂၁)ရက်တွင် ကျပ်(သိန်းငါးရာတိတိ)၅၀၀၀၀၀၀၀/-လည်းကောင်း၊ (၃၁-၈-၂၀၂၁)ရက်တွင် ကျပ်(သိန်းခုနစ်ရာ့ခုနှစ်ဆယ်သိန်းတိတိ)၇၇၀၀၀၀၀၀/-ကိုလည်းကောင်း အကြေပေးချေရန် စည်းကမ်းသတ်မှတ်သဘောတူညီခဲ့ကြသော်လည်း လူကြီးမင်းအနေဖြင့် (၃၁-၇-၂၀၂၁)ရက်တွင် ပေးချေရမည့်ငွေအားပေးချေရန် ပျက်ကွက်ခဲ့သည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ လူမှုရေးအရ (၃၁-၈-၂၀၂၁)ရက်တွင် ကျန်ငွေအားလုံး အပြေအကြေပေးချေပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်ရန် စောင့်ဆိုင်းပေးသော်လည်း လူကြီးမင်းအနေဖြင့် ငွေပေးချေရန် ဆက်လက်ပျက်ကွက်ခဲ့သည့်အတွက် (၂၇-၆-၂၀၂၁)ရက်စွဲပါ စာချုပ်ပါသဘောတူညီချက်အတိုင်း အရောင်းအဝယ်ပျက်ပြယ်သွားပြီဖြစ်ကြောင်း လူကြီးမင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သန္တာလှိုင် ၁၂/မရက(နိုင်)၀၀၃၀၆၇** | **ဒေါ်ခိုင်မြတ်ဝေ(LL.B,DBL,DIL,DIS)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၀၁)** |
| | **ဖုန်း-၀၉-၇၈၀၉၈၅၆၀၀၊ ၀၉-၄၃၀၅၇၇၀၈** |

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာ၊ ကွင်းအမှတ်(၅၁၂)၊ ဦးပိုင်အမှတ်(၇၉/၃)၊ စုစုပေါင်း မြေဧရိယာ(၂ဒသမ၄၅)ဧကရှိ ဂရန်မြေပေါ်တွင်ဆောက်လုပ်ထားသည့် နန်းဦးလွင်အိမ်ရာ အမှတ်(A-28)၊ ဧရိယာ(၀ဒသမ၀၂၈၅)ဧက အကျယ်အဝန်းရှိ မြေနှင့်မြေပေါ်ရှိ အာရ်စီ(၂)ထပ်အဆောက်အအုံတို့၏ ပိုင်ရှင်ဖြစ်သူမှာ ဖခင်-ဦးစိုးမင်း ဖြစ်ပါသည်။

ဖခင်- ဦးစိုးမင်း မကွယ်လွန်မီ အိမ်ရာနှင့်ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးခဲ့သဖြင့် သက်ဆိုင်သည့် အိမ်ရာရုံးသို့ အကြောင်းကြားခဲ့ရာ အိမ်ရာရုံးတာဝန်ရှိသူများညွှန်ကြားသည့်အတိုင်း အခွန်ငွေများ ပေးသွင်းခဲ့ပြီးနောက် တံဆိပ်ခေါင်းကပ်ရန် စောင့်ဆိုင်းနေစဉ် ဖခင်ဖြစ်သူမှာ (၁၀-၈-၂၀၂၁)ရက်က ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် သမီးများဖြစ်ကြသည့် ကျွန်မ ဒေါ်ရူပါစိုး ၉/အမဇ(နိုင်)၀၃၆၇၉၁နှင့် ဒေါ်ကဗျာစိုး ၉/အမဇ(နိုင်) ၀၃၆၇၉၀တို့နှစ်ဦးမှ ဆက်လက်၍ အိမ်ရာနှင့်ပတ်သက်သော စာရွက်စာတမ်းများ ဆောင်ရွက်ခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက သက်ဆိုင်ရာဌာနသို့ အိမ်ရာနှင့်ပတ်သက်သော စာရွက်စာတမ်းများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ရူပါစိုး** | **ဒေါ်ကဗျာစိုး** |
| **၉/အမဇ(နိုင်)၀၃၆၇၉၁** | **၉/အမဇ(နိုင်) ၀၃၆၇၉၀** |

**နန်းဦးလွင်အိမ်ရာ၊ အမှတ်(A-28)၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၂၆၀၄၀၆၀**


## မိုးကောင်းမြို့နယ်၌ ငွေကျပ်သိန်း ၁၄၃၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၁ ရက် ညနေ ၄ နာရီတွင် မိုးကောင်းမြို့နယ် နမ္မတီးမြို့ နမ္မတီး-မြစ်ကြီးနား သွားကားလမ်း မရမ်းကျေးရွာအနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသော တန်ထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် ရွှေခမ်း(ခ) အိုက်ခမ်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ တန်ထွန်းထံမှ ငွေကျပ်သိန်း ၁၄၃၀ တန်ဖိုးရှိ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် ရွှေခမ်း(ခ)အိုက်ခမ်းထံမှ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကို သိမ်းဆည်းရမိခဲ့သည်။(ယာပုံ)

အလားတူ ယင်းနေ့ ညပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် ချောင်းတောင်ကျေးရွာ အနီးတွင် ရှိုင်းငယ်ငယ်(ခ) ကြောင်မီးဖုတ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**အကြိမ်(၃၀)မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု

စ - ၆၉၂၈၉၆

## အထူးဆုကြီး ကျပ်သိန်း (၅၀၀)ဆုများ

ဆ - ၅၂၈၂၃၉ ည - ၈၇၁၇၀၀

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဂ - ၃၅၁၃၀၁ ဃ - ၅၈၃၈၃၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါ အဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု( ၁ )ဆု

ဇ - ၁၇၂၂၀၂

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ခ - ၁၀၉၀၇၁

စ - ၂၈၄၉၇၉

က - ၇၅၉၃၁၇

င - ၈၁၆၃၉၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါ အဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၁၀၀)ဆု ( ၂ )ဆု

ဃ - ၂၉၇၂၆၅ ခ - ၅၅၈၀၆၀

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

င - ၂၅၅၂၅၃

ည - ၃၄၇၂၅၆

ဇ - ၈၁၁၄၇၅

ဃ - ၉၁၀၉၇၉

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဃ-၁၂၄၂၀၇ က -၃၆၉၈၉၉ ဈ - ၄၂၄၇၃၉

ဂ -၁၉၂၃၃၆ ဈ -၄၁၃၆၇၄ ခ - ၈၂၃၁၁၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါ အဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀)ဆု ( ၁ )ဆု

င - ၂၄၅၁၆၂

## ဆုတစ်ဆုချင်း ကျပ် (၁၀)သိန်းဆုများ

ဃ - ၁၀၉၇၃၄

င - ၂၃၃၉၃၃

က - ၂၇၂၇၁၅

ဂ - ၅၄၆၅၇၈

ဆ - ၆၈၁၄၁၀

စ - ၇၁၃၉၁၅

င - ၇၈၃၂၇၈

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

စ - ၁၈၂၁၅

ဆ - ၄၇၈၂၄

ဆ - ၉၈၁၉၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

က - ၅၇၉၄

ဃ - ၆၆၄၅

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆု

က - ၉၉၅

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်း ( ၃ )ယူနစ်

ဃ - ၂၆ ဂ - ၄၆ ဃ - ၄၇

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သောဆုမဲများ

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဈ - ၄၈၅၃၈၅ ခ - ၆၁၂၁၅၀ စ - ၈၆၁၉၇၁ င - ၉၂၁၃၂၁

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

က - ၃၈၇၉

ဃ - ၉၅၀၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

စ - ၂၃၃၉၈ ဃ - ၅၃၃၂၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

င - ၁၄၇

ဇ - ၃၂၀

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အကြိမ်(၃၀)မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ(၅၄၂၂)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၁)ကြိမ်မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာ မှ (ည) အက္ခရာထိ အက္ခရာ(၁၀)လုံး ဖြစ်ပါသည်။

၃။ အကြိမ်(၃၀)မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၉-၂၀၂၁ )ရက်နေ့မှ စတင်၍ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၉-၉-၂၀၂၁ )ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ် ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင်ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော (၂၀၂၂ ခုနှစ် အောက်တိုဘာလအတွက်) ဒီဇယ်ဆီ(High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ(Premium High Speed Diesel)နှင့် ဓာတ်ဆီ(Octane-92)တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၇-၁၀-၂၀၂၂ရက်၊ မွန်းလွဲ ၁နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် ၃-၉-၂၀၂၂ ရက်မှစ၍ ၅-၁၀-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၈၆၁၀၂၃၀နှင့် ၀၁-၈၆၁၀၂၃၂တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၇/မြို့မအနောက်ရပ်)၊ မြေကွက်အမှတ်(ပ-၃၀၀၆၂)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအကျယ်ရှိ ဦးသန်းဇော် အမည်ပေါက်နှစ်(၃၀)၊ မြေငှားဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချခွင့်ရှိသည့် ဦးအောင်ဇော်မင်း ၁၀/မလမ(နိုင်)၀၅၉၀၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ**
**အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀)**
**အခန်း(၃၅)၊ ရွာတော်မင်္ဂလာဈေးဝင်း၊**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇လပ-၂၂)၊ မြေကွက်အမှတ်(၁၁၇၈)၊ ဧရိယာ(၄၀X၆၀)ပေ၊ ၀ ဒသမ ၀၅၅ဧကရှိ (ယခုအခေါ်အမှတ်(၁၁၇၈)၊ မြတ်မင်္ဂလာ(၁)လမ်း၊ အလယ်ကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်)ဟု ခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေသုခစိုး ၁၃/လရန(နိုင်)၀၀၆၁၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ ဂရန်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မိုးညှင်းလမ်း၊ အမှတ်(၁၂၉၃) ရှိ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၁၂၉၃၊ အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ ဦးဟန်တင် (LPN-၀၅၄၄၉၁) အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ယင်းမြေကွက်ကြီး၏ ခေါင်းရင်းဘက်ခြမ်း (ပေ၂၀xပေ၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အစပ်အဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိဖြိုးသက် ၁၂/အစန(နိုင်)၁၈၉၈၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်မောင်မောင်မင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၂၁)**
**အမှတ်(၃၄)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၆၉၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် အေးသာယာရပ်ကွက် ဗဟို (၃၃)လမ်း အမှတ်(K-119) အမည်တွင်သည့် (ပေ၄၀Xပေ၆၀)အနက်မှ ခြေရင်းခြမ်း (ပေ၂၀ Xပေ၆၀)ရှိ ဦးမျိုးလွင် အမည်ဖြင့် စလစ်ပြေစာ အမည်ပေါက် ခြံမြေနှင့် ယင်းပေါ်ရှိ အိမ်(၂)လုံးတို့အား ရောင်းပိုင်ခွင့်ရှိသူဟု ဝန်ခံရောင်းချသူ ဒေါ်ခင်မာဝင်းထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်သည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်သည်။ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသက်ပိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့ ကမ်းနားလမ်း (၁၀)ရပ်ကွက်နေ ဦးအောင်မျိုးကြည်-ဒေါ်ကေခိုင်ဦးတို့၏ သမီး မယွန်းမီမီအောင် ၇/တငန(နိုင်)၂၁၉၅၆၄ သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးအောင်မျိုးကြည် ၇/တငန(နိုင်)၀၆၃၃၃၅**
**ဒေါ်ကေခိုင်ဦး ၇/တငန(နိုင်)၀၀၀၈၆၇**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့် ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၃၁-၈-၂၀၂၂ ရက်နေ့**အထိ နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း ယခုအခါ COVID-19 ရောဂါကူးစက်ပြန့်ပွားမှု အခြေအနေများအရ ဗိုလ်လောင်းလျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းကိုလည်း **၃၀-၉-၂၀၂၂ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ အေးရိပ်သာ(၂)လမ်း၊ အမှတ်(၆၆၄)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်စိန်မြိုင်နှင့် ဦးဝေယံဝင်းလှတို့ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်နိုင်ဦး ၁၄/ဖပန(နိုင်) ၀၄၂၃၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတင်ကျော်ကျော် ၁၂/မဂတ(နိုင်)၀၇၂၉၄၇ နှင့် ဒေါ်ခင်သီတာထွန်း ၉/မရမ(နိုင်)၀၀၀၁၅၀ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးတင်ကျော်ကျော် | ဒေါ်စုစုအောင်(LL.B) |
| ဒေါ်ခင်သီတာထွန်း | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၃၄၉၈/၁၂-၁၀-၂၀၁၇) |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အပြင်သဲဖြူကျေးရွာ၊ ကွင်းအမှတ် ၃၂၆(B)၊ ဦးပိုင်အမှတ် ၁၁/c၊ မြေကွက်အမှတ် A3(အကွက်ရိုက်)၊ ကွန်ကရစ်လမ်း ပေ ၂၀x ပေ ၆၀ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်လှယဉ်ဝင်း ၁၄/ဖပန(နိုင်)၂၄၈၀၆၀ မှ ကာလတန်ဖိုးဖြင့် ရောင်းချရာ ဒေါ်ခင်သက်ဦး ၁၂/ဒဂတ(နိုင်)၀၄၃၂၂၀က ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်း ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဆက်လက်ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ကြည်(တောင်သုံးလုံး)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၉)၊ ပင်းယလမ်း၊ ရခိုင်ရိုးကြီးရွာ၊ ထန်းတပင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၁၈၇၃၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း (အလယ်)၊ အခန်းအမှတ်-၂၂၁/၂၂၃၊ (၄-လွှာ/အေ)နေ ဦးဖြိုးကျော်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

(၁) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် (၇၆၆/အေ)၊ (၅-လွှာ) ဟု ခေါ်တွင်သော တိုက်ခန်းနှင့် (၂) ရန်ကုန်တိုင်းဒေသကြီးဦ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၈၉)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၀/တိုးချဲ့)၊ မြေကွက်အမှတ်(၈၉)၊ ဧရိယာ ၀ ဒသမ ၁၃၁ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်တို့မှာ ဦးဖြိုးကျော်သူနှင့် ဒေါ်ရင်ငြိမ်းသူတို့ အကြင်လင်မယားပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ပါသည်။

ဖော်ပြပါမြေကွက်နှင့် တိုက်ခန်းကို ဦးဖြိုးကျော်သူ သိရှိသဘောတူခြင်းမရှိဘဲ မည်သူမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်းစသည်တို့ မပြုလုပ်ရန် အများသိစေရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးမြစိုးဦး(LL.B) | ဦးငွေမောင် B.A(Law),LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၈၀၈၁/၆-၃-၂၀၁၂) | (စဉ်-၂၀၂၆/၁၄-၂-၁၉၈၁) |

**အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၈၈၂၈၄၃၀၉၁**

## ၂၅-၈-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၉)ပါ ရန်ကုန်မြို့၊ လှည်းကူးမြို့နယ်၊ ငွေတောက်အိုင်ကျေးရွာ၊ ကွင်းအမှတ်-၉၁၇၊ ကွင်းအမည်-ထောက်ကြန့်ကုန်း၊ ဦးပိုင်အမှတ်-N-၄၈၊ ဧရိယာ ၅ ဒသမ ၄၂ဧက အကျယ်ရှိ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ဒေါ်မေဇာသွင်၏ ပြန်လည်ရှင်းလင်းကြေညာချက်

အထက်ဖော်ပြပါမြေကွက်သည် ကျွန်ုပ်အမှုသည် ဒေါ်မေဇာသွင် ၁၂/တမန(နိုင်)၀၉၉၁၀၁မှ ဦးသိန်းဇံအပေါ် စွဲဆိုထားသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၏ တရားမကြီးအမှုအမှတ်-၆၄/၂၀၁၅၊ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုတွင် တရားရုံးမှ စီမံခွဲဝေပေးပါရန် သက်သာခွင့်တောင်းခံထားသော ပစ္စည်းဖြစ်ပြီး တရားလိုဒေါ်မေဇာသွင်အား စစ်ဆေးနေဆဲအဆင့်တွင် ဦးသိန်းဇံ ကွယ်လွန်ခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ဦးသိန်းဇံကွယ်လွန်ခဲ့ပြီးနောက်ပိုင်းတွင်မှ ဒေါ်ခင်ခင်စံက ဒေါ်မေဇာသွင်အား ဆက်သွယ်လျက် အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် ဦးသိန်းဇံထံသို့ စရန်ငွေများပေးအပ်ထားကြောင်းနှင့် အဆိုပါ အရောင်းအဝယ်အား ဆက်လက်ပြုလုပ်ပေးစေလိုကြောင်း အကြောင်းကြား ပြောဆိုခဲ့ခြင်းကြောင့်သာ ဒေါ်မေဇာသွင်မှ ယင်းကိစ္စကို စတင်သိရှိခဲ့ရခြင်းဖြစ်ပြီး အဆိုပါ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်ပေးရန် စတင်ကမ်းလှမ်းခဲ့ခြင်း မဟုတ်ပါ။

၎င်းအပြင် အဆိုပါမြေကွက်သည် ဒေါ်မေဇာသွင်နှင့် ဦးသိန်းဇံတို့ လင်မယား(၂)ဦးပိုင်အမှုအဖြစ် အငြင်းပွားပစ္စည်းဖြစ်ရာ၍ အဆိုပါပစ္စည်းအား တရားရုံး၏ ခွင့်ပြုချက် တစ်စုံတစ်ရာမပါဝင်ဘဲ လွှဲပြောင်းခြင်း၊ စီမံဆောင်ရွက်ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ-၅၂ပါ တားမြစ်ချက်များနှင့် ငြိစွန်းလျက်ရှိပြီး ဒေါ်မေဇာသွင်အနေဖြင့် ၎င်းကိစ္စရပ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၆၇၀၂**
**United Condo၊ အခန်း-၁၁၁၊ အလံပြဘုရားလမ်းနှင့်**
**နဝဒေးလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အမှတ်(၄၀)နေ ဦးမိုးမြင့်ဦး ၁၂/ဥကမ(နိုင်)၀၀၇၄၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးမိုးမြင့်ဦး၏ဇနီး ဒေါ်သင်းသင်းဦး ၁၂/ဥကမ(နိုင်)၁၅၅၀၈၉ သည် ၃၁-၈-၂၀၂၂ ရက်တွင် နှစ်ဦးပိုင်ပစ္စည်းများဖြစ်သော အမှတ်(၂၁/၆၁၈/ခ)၏ မြေချပါမစ်နှင့် အမှတ်(၁၆/၁၅)၊ လက်ဝဲသုန္ဒရလမ်း၊ ရွှေပေါက်ကံမြို့သစ်ရှိ မြေချပါမစ်(၂)စုံ၊ ကျပ်သိန်း(၅၀)တန်ဖိုးရှိ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်(၁၀)သိန်းတိုးအား ယူဆောင်ကာ နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ ထို့ကြောင့် ဒေါ်သင်းသင်းဦးယူဆောင်သွားသောပစ္စည်းများနှင့် ပတ်သက်ပြီး ဦးမိုးမြင့်ဦး၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းတို့အား ပြုလုပ်ဆောင်ရွက်သူ မည်သူမဆို မိမိတို့၏တာဝန်သာဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ထို့အပြင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးအား တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးမြင့်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၈၈)**
**အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၅၇၇၇၃၄၈**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးခိုင်ကျော်၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကျောက်ဖူးရွာ၊ အလက(ခွဲ)မှ မူလတန်းကျောင်းအုပ် ဒေါ်နွဲ့ရင် ၅/ကလထ(နိုင်)၀၈၈၂၂၂ နှင့် ဒေါ်နွဲ့ယဉ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နွဲ့ရင်(ခ)ဒေါ်နွဲ့ယဉ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကြံခိုင်ရေးရပ်ကွက်၊ ငုရွှေဝါလမ်း၊ အမှတ်(၁၆)နေ ဦးတင်ငွေ ၁၀/သဖရ(နိုင်)၀၂၇၁၃၀ - ဒေါ်ခင်စန်းတင့် ၁၀/သဖရ(နိုင်)၀၂၇၀၄၄ ၏ သားဖြစ်သူ ဦးသန့်ဇင်အောင် ၁၀/သဖရ(နိုင်) ၁၂၄၃၈၉ သည် မိဘများအား နည်းမျိုးစုံ ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ငွေ**
**၁၀/သဖရ(နိုင်)၀၂၇၁၃၀**
**ဒေါ်ခင်စန်းတင့်**
**၁၀/သဖရ(နိုင်)၀၂၇၀၄၄**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၁၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဦးစိန်မောင်

### ဥက္ကဋ္ဌ ပထမ ပုဂ္ဂလိကဘဏ်လီမိတက်

### အသက် (၈၅)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဥက္ကဋ္ဌ ဒေါက်တာ ဦးစိန်မောင်သည် ၃၀-၈-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Cathay United Bank Yangon Branch**

## ဒေါ်သန်းသန်းအေး

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် (၅၅)နေ (ဦးတင်ဝင်း)၏ ဇနီး၊ (ဦးခင်ဦး)-ဒေါ်ကန်ညောင်း၊ Hong Kong မြို့နေ ဒေါ်ခင်မြင့်-ဦးချန်ဖေလင်းတို့၏ မိခင်၊ Calvin Chan၊ Lewis Chan၊ ကိုစည်သူထွန်း၊ မသင်းရည်မွန်စုတို့၏ အဘွားသည် ၃၁-၈-၂၀၂၁ ရက်(အင်္ဂါနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ရွှေ

Vice Chairman, Dynamic Engineering And General Trading Co.,Ltd

၁၂-၇-၂၀၂၁ ရက်

### အသက်(၇၂)နှစ်

### ဦးငြိမ်းအောင်

Chairman, Dynamic Engineering And General Trading Co.,Ltd

၁၇-၇-၂၀၂၁ ရက်

### အသက်(၇၀)

ခင်မင်ရပါသော မိတ်ဆွေဇနီးမောင်နှံ(၂)ဦးတို့သည် ယှဉ်တွဲပါနေ့ရက် အသီးသီးတွင် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ဦးအောင်လွင်)-ဇနီး ဒေါ်မြကြည်နှင့် မိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်ဇော်(CHIEF ENGINEER)

### B.E, MINING (1977 MARCH)

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၈၅)၊ (၆)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်နေ(ဦးညွန့်မောင်-ဒေါ်ပြုံး)တို့၏သား၊ ဦးကျင်မောင်-(ဒေါ်စိန်စိန်)တို့၏ သားသမက်၊ ဦးခင်မောင်ဦး-ဒေါ်သန်းသန်းစော၊ (ဦးခင်မောင်လတ်)-ဒေါ်ခင်ဌေးမြင့်၊ ဒေါက်တာဝင်းတင်-ဒေါက်တာခင်ပြုံးညွန့်၊ ဦးသန်းနိုင်တို့၏ညီ/မောင် ဒေါ်ရီရီကျင်၏ချစ်လှစွာသော ခင်ပွန်း ဦးခင်ဇော်သည် အာရှတော်ဝင်ဆေးရုံကြီး၌ ၃၁-၈-၂၀၂၁ရက် မွန်းလွဲ ၁:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအုန်းလွင်

### ဒုတိယကျောင်းအုပ်ကြီး(ငြိမ်း)

### အသက် (၇၂)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ဦးအုန်းလွင်၊ ဒုတိယကျောင်းအုပ်ကြီး(ငြိမ်း)သည် ၁-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ**
**(ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း)**

### ဘုရားဒါယကာကြီး

## ဗိုလ်ကြီးသံဆင်မြင့်(ငြိမ်း)

### B.E(Metallurgy' 73)

### အသက်(၇၁)နှစ်

သထုံမြို့၊ နန်းခဲရပ်ကွက်၊ ရှမ်းစုအလယ်လမ်း၊ အမှတ်(၈၄/၁၁၀)နေ (ဦးသာလှိုင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဦးသိန်းနိုင်၊ (ဦးဝင်းလွင်)-ဒေါ်ချိုချိုလှိုင်၊ ဒေါ်သက်သက်လှိုင်၊ ဦးအောင်နိုင်-ဒေါ်အိအိခိုင်၊ (ဗိုလ်မှူးမင်းနိုင်)၊ ဦးထွန်းထွန်းနိုင်-ဒေါ်ချိုမာမြင့် တို့၏အစ်ကိုကြီး၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးကြီးသည် ၃၁-၈-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ပါ၍ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် တရားနာပြီး ထိန်ပင်သုသာန်၌ ညနေတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ဘုရားဒါယကာကြီး

## ဗိုလ်ကြီးသံဆင်မြင့်(ငြိမ်း)

### B.E (Metallurgy'-73)

### အသက် (၇၁)နှစ်

အမှတ် (၃၁)၊ ပန်းတနော်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးသောင်းကျော်-ဒေါ်မိမိ)တို့၏သားကြီး၊ ဒေါ်ခင်မြင့်လှိုင်(ငြိမ်း) (ဘ.ခ.ရ၊ သတ္တုတွင်းဝန်ကြီးဌာန)၏ ခင်ပွန်း၊ ဦးမင်းသံမွန်-ဒေါ်အေးအေးစိုး၊ ဦးမင်းသံညီ-ဒေါ်တင့်မျိုးခိုင်၊ ဒေါက်တာသံဒါစုလှိုင်တို့၏ ဖခင်ကြီး၊ မြေး ငါးယောက်တို့၏အဘိုးသည် ၃၁-၈-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ပါ၍ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် တရားနာပြီး ထိန်ပင်သုသာန်၌ ညနေတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရားဒါယကာကြီး

## ဗိုလ်ကြီးသံဆင်မြင့်(ငြိမ်း)

### B.E (Metallurgy'-73)

### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်း၊ အမှတ် (၃၁)နေ (ဦးသောင်းကျော်-ဒေါ်မိမိ)တို့၏သားကြီး၊ (ဦးဟန်တင်)-ဒေါ်ဝင်းနွဲ့ခိုင်၊ (ဦးတင်ဝင်း)-ဒေါ်ဝင်းနွဲ့လှိုင်၊ (ဗိုလ်ကြီးတင်မောင်ဇော်)-ဒေါ်ဝင်းနွဲ့ကြိုင်)၊ (ဗိုလ်မှူးညီညီလှိုင်)-ဒေါ်ဝင်းနွဲ့မြိုင်၊ ဦးကျော်အင်းမြင့်-ဒေါ်နီလာတို့၏ အစ်ကိုကြီး၊ တူ၊ တူမ ၁၂ ယောက်တို့၏ဦးကြီးသည် ၃၁-၈-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ပါ၍ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် တရားနာပြီး ထိန်ပင်သုသာန်၌ ညနေတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သမီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကရင်ချောင်းကျေးရွာနေ ဒေါ်နော်စုဂေး ၁၂/မရက(နိုင်)၁၀၀၈၂၉၏ သမီးဖြစ်သူ မနော်ခင်စပယ်ထွန်း ၁၂/တတန(နိုင်)၂၁၃၉၉၈သည် မိခင်နှင့် မိသားစု၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏သဘောဆန္ဒအတိုင်း လုပ် ကိုင်ဆောင်ရွက်နေသူဖြစ်ပါသဖြင့် ၁-၉-၂၀၂၁ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ (လုံး၀)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**မိခင် ဒေါ်နော်စုဂေး**

# အထူးဝမ်းနည်းကြေကွဲခြင်း

OTS-29 (မော်ဘီ)မှ ဖော်ပြပါကျောင်းဆင်းအရာရှိများသည် ယှဉ်ပြပါနေ့များတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်-

| | |
|---|---|
| ကြည်း-၉၈၄၁ ဗိုလ်မှူး အောင်ချစ်(ငြိမ်း) | ၆-၂-၂၀၂၁ |
| ကြည်း-၉၈၂၄ ဗိုလ်မှူး ရန်ကြီးအောင်(ငြိမ်း) | ၃၀-၁၀-၂၀၂၀ |
| ကြည်း-၉၈၄၂ ဗိုလ်ကြီး ထွန်းကျော်(ငြိမ်း) သူရဲကောင်းမှတ်တမ်းဝင် | ၁၉-၆-၂၀၂၁ |
| ကြည်း-၉၇၀၆ သီရိပျံချီ ဗိုလ်ချုပ် စောထွန်း(ငြိမ်း) | ၄-၇-၂၀၂၁ |
| ကြည်း-၉၈၅၃ ဗိုလ်မှူး အုန်းကြည်(ငြိမ်း) | ၃၁-၇-၂၀၂၁ |
| ကြည်း-၉၇၂၄ ဒုတိယဗိုလ်မှူးကြီး သန်းဌေး(ငြိမ်း) | ၇-၈-၂၀၂၁ |
| ကြည်း-၉၇၇၂ ဒုတိယဗိုလ်မှူးကြီး ကိုလေး(ငြိမ်း) | ၈-၈-၂၀၂၁ |
| ကြည်း-၉၇၁၂ ဒုတိယဗိုလ်မှူးကြီး ဌေးလွင်(ငြိမ်း) | ၁၇-၈-၂၀၂၁ |

**OTS-29 မှ သူငယ်ချင်းများနှင့် မိသားစုများ**

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ငွေတင်

### အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နေ (ဦးရွှေတင်-ဒေါ်ကေသီ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နယ်စပ်စည်ပင်ဗဟိုလေ့ကျင့်ရေးကျောင်း၊ ဝန်ထမ်းအိမ်ရာ၊ တိုက်(စီ)၊ အခန်း (၁၀၄)နေ ဦးထွန်းအောင် (အရာခံဗိုလ်-ငြိမ်း)၏ဇနီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နေ ဗိုလ်ကြီးသန်းအောင်(ငြိမ်း)-ဒေါ်မေမြင့်ရီ၊ မင်္ဂလာဒုံမြို့နေ (ဒုအရာခံဗိုလ်လှကျော်)-ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းမြင့်ဇော် (မင်္ဂလာတောင်ညွန့်မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)-ဒေါ်ဖြူဖြူထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာန၊ ဒုအရာခံဗိုလ်ခင်မောင်ထွန်း-ဒေါ်စမ်းစမ်းမော်၊ ဒေါ်ခင်မာထွန်း၊ ဒေါ်တင့်တင့်ခိုင်(ဦးစီးအရာရှိ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ နယ်စပ်စည်ပင်)တို့၏မွေးသမိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက် တို့၏ အဘွား ဒေါ်ငွေတင်သည် ၃၀-၈-၂၀၂၁ရက် ညနေ ၅:၅၅နာရီတွင် (၇၆)ပါး သောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ၃၁-၈-၂၀၂၁ရက် နံနက် ၁၀ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအုန်းလွင်(ဆိပ်ဖြူ) အင်ဂျင်နီယာချုပ် (မြို့ပြ) - (ငြိမ်း)

### ဒုတိယကျောင်းအုပ်ကြီး(ငြိမ်း) (ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း - မိတ္ထီလာ)

### မြန်မာ့မီးရထားအကြံပေး၊(Shwe Taung Development Co.,Ltd) (Railways Division)

### အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၇၇) ဦးချစ်မောင်လမ်းနှင့်ကျောင်းလမ်းထောင့်၊ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးထွန်းရင်-ဒေါ်ဖွားသီ)တို့၏သား၊ ဒေါ်နွယ်နွယ်ရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုလွင်လတ်၊ ကိုကျော်ဇောအုန်း - မနှင်းရွှေရည်ခိုင်၊ ကိုသော်ဇင်အုန်းတို့၏ဖခင်ကြီး၊ မအိချောခန့်၏ ချစ်လှစွာသော အဘိုးသည် ၁-၉-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁:၁၆ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၂၁ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်)

**ကျန်ရစ်သူမိသားစု**

## ဦးဝင်းမြ

### လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်-ငြိမ်း)

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အနန္တသုခလမ်း၊ အမှတ်(၁၉၆)နေ (ဦးလှသိန်း-ဒေါ်ငွေကြည်)တို့၏သား၊ (ဦးဘမှျင်-ဒေါ်မြရှိန်)တို့၏သားသမက်၊ ဒေါ်တင်တင်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဦး-ဒေါ်နွယ်နီအောင်၊ ဦးထွန်းထွန်းနိုင်-ဒေါ်အေးမိုးအောင်၊ ဦးဝေဖြိုးအောင်-ဒေါ်ယုနန္ဒာမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် (၇၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၅၂၈-က)နေ ဒေါ်လှသန်း၏ သမီး မယမင်းမြတ် ၁၂/လသယ(နိုင်)၀၅၉၁၇၇သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲပြုမူလုပ်ဆောင်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့် လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအ၀၀ကို လုံး၀တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်လှသန်း**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ပထမပုဂ္ဂလိကဘဏ်စတင်တည်ထောင်သူ ဥက္ကဋ္ဌကြီး ဒေါက်တာစိန်မောင်

## အသက်(၈၅)နှစ်

(၃၀-၈-၂၀၂၁)ရက်က ကွယ်လွန်သွားခြင်းသည် ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့နှင့် ဘဏ်ဝန်ထမ်းများအတွက် အစားထိုးမရသော ဆုံးရှုံးမှုဖြစ်ပြီး မိသားစုနှင့်အတူ အထူးကြေကွဲဝမ်းနည်းရပါသည်။ ဥက္ကဋ္ဌကြီး၏ ဘဏ်အတွက် ကိုယ်ကျိုးမဖက် အများအကျိုးဆောင်ရွက်ခဲ့သည့် ကျေးဇူးတရားများကို ထာဝစဉ်သတိရအောက်မေ့လျက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဥက္ကဋ္ဌကြီး မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**ဒါရိုက်တာအဖွဲ့နှင့်ဘဏ်ဝန်ထမ်းများ**
**ပထမပုဂ္ဂလိကဘဏ်လီမိတက်**

## သစ်ပင်

## နည်းလာ

## တို့ကမ္ဘာ

## လွန်စွာ

## ပူအေး

## ဥတုဘေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မျိုးရိုးဗီဇကွဲ ကိုဗစ်-၁၉ ရောဂါပိုးများတွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**နေ့စွဲ- (၃၁-၈-၂၀၂၁)** **နေပြည်တော်**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်- ၁၉ ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် မျိုးရိုးဗီဇကွဲ ကိုဗစ်-၁၉ ရောဂါ ပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးသုတေသနတပ်နှင့် ပူးပေါင်း၍ အားဖြည့်ဆောင်ရွက်လျက်ရှိရာ ၂၈-၈-၂၀၂၁ ရက်နေ့တွင် စစ်ဆေးခဲ့သည့် ဓာတ်ခွဲစစ်ဆေးချက်အဖြေအရ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းလဲသော ပိုးတွေ့ရှိသူ ၁၅ ဦး ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ၁၅ ဦးမှာ နေပြည်တော်မှ ၅ ဦး၊ ရန်ကုန်မှ ၂ ဦး၊ မန္တလေးမှ ၂ ဦး ၊ စစ်တွေ၊ တောင်ငူ၊ လားရှိုး၊ မော်လမြိုင်၊ မုံရွာနှင့် ကလေးမြို့များမှ ၁ ဦးစီဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါ ၁၅ ဦးလုံးတွင် တွေ့ရှိရသည့် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း မျိုးကွဲမှာ အထူးဂရုစိုက်ရမည့် မျိုးရိုးဗီဇကွဲ ကိုဗစ်-၁၉ (Variants of Concern) Delta မျိုးစိတ်ဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ချက်များအရ Delta မျိုးစိတ်ကို အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး ယခုအချိန်တွင် နိုင်ငံပေါင်း ၁၆၃ နိုင်ငံ၌ ပျံ့နှံ့လျက်ရှိကြောင်း သိရှိရပါသည်။ Delta မျိုးစိတ်သည် ရောဂါပိုး ကူးစက်နိုင်မှုနှင့် ရောဂါပြင်းထန်မှု မြင့်မားသဖြင့် သေဆုံးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုံးသပ်ထားပါသည်။ ထို့အပြင် အချို့သော ကိုဗစ်-၁၉ ကာကွယ်ဆေးများ၏ အကျိုးအာနိသင်ကိုလည်း အနည်းငယ် လျော့ကျစေနိုင်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မိမိကိုယ်တိုင်၊ မိမိ မိသားစုနှင့် ပတ်ဝန်းကျင်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အမိန့်ကြော်ငြာချက်များ၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန် အထူးအရေးကြီးပါကြောင်း တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ယခုအခါတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ မူကွဲအသစ်များ ကမ္ဘာပေါ်တွင် ပျံ့နှံ့ပေါ်ပေါက်နေသောကြောင့် နိုင်ငံများအားလုံးသည် အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေသည့်အချိန်ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုနှင့် ကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကာကွယ်မှုသည် အရေးကြီးသဖြင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်သည့်နိုင်ငံများအနေဖြင့် ယင်းတို့ကဲ့သို့ ထုတ်လုပ်နိုင်ခြင်းမရှိသော အခြားနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအား ကာကွယ်ဆေးများရောင်းချခြင်း၊ ထောက်ပံ့ခြင်းနှင့် ထုတ်လုပ်နိုင်ရန် ကူညီပံ့ပိုးမှုများ ပိုမိုလုပ်ဆောင်သင့်ကြောင်း တိုက်တွန်းသည်။

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့်ဇာစ်မြစ်ကို ရှာဖွေ ဖော်ထုတ်ရာတွင်လည်း ရောဂါကို ကာကွယ်ကုသနိုင်ရေးအတွက် ပညာရပ်ပိုင်းဆိုင်ရာ သိပ္ပံနည်းလမ်းတကျသာ ဆောင်ရွက်သင့်ပြီး ယင်းကိစ္စကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အခြားနိုင်ငံများကို စွပ်စွဲပြစ်တင်ခြင်း၊ နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်မှုများကို မပြုလုပ်သင့်ပါကြောင်း ဖော်ပြအပ်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်**

## ယနေ့ သတင်းအညွှန်း

**ပလတ်စတစ်အမှိုက်များကြောင့် ခြိမ်းခြောက်မှုအန္တရာယ် ရင်ဆိုင်ကြုံတွေ့နေရသော ရွှေ့ပြောင်းမျိုးစိတ်များ** စာ - ၁၄

**စက်တင်ဘာ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၅၈ ဦး တွေ့ရှိ** စာ - ၁၅

## ရေဝတီမြစ်ရေ ဆိပ်သာမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေ သည် နောက် ၃ ရက်အတွင်း ၁ ပေခန့် ဆက်လက် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

## ကမ္ဘာ့ဖလားခြေစစ်ပွဲ ဆွီဒင်နှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်

ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အုပ်စု (B) မှ ဆွီဒင်အသင်းနှင့် စပိန်အသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ဆွီဒင်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ အုပ်စုတွင် ဆွီဒင်၊ စပိန်အသင်းတို့သည် ဂရိစ်၊ ဂျော်ဂျီယာ၊ ကိုဆိုဗိုအသင်းတို့နှင့်အတူ ကျရောက်နေသည်။ လက်ရှိပွဲစဉ် (၃) ယှဉ်ပြိုင် ကစားအပြီးတွင် စပိန်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့်အတူ ရမှတ် ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ပြိုင်ဘက် ဆွီဒင်အသင်းက နှစ်ပွဲကစားထားပြီး နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။



ဆွီဒင်အသင်းနှင့် စပိန်အသင်းတို့ ယူရို ၂၀၂၀ ပြိုင်ပွဲ၌ ယှဉ်ပြိုင်ကစားစဉ်။

ဆွီဒင်အသင်းနှင့် စပိန်အသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့သည်မှာ ယခုနှစ် ဇွန်လတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပြိုင်ပွဲတွင်ဖြစ်ပြီး ဂိုးမရှိသရေကျထားသည်။ အဆိုပါ ပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သော်လည်း ယူရိုပြိုင်ပွဲကို စပိန်အသင်းက ဦးဆောင်ထားနိုင်ခဲ့သည်ကို တွေ့ရသည်။ စပိန်အသင်းသည် ဆွီဒင်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း

*စာမျက်နှာ ၇ ကော်လံ ၅* ❋